# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်   ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၃၀]


**အရိယ သစ္စာန ဒဿနံ**
**တေမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ရလဒ်ကောင်းများ ဆက်လက်ရှင်သန်တိုးတက်စေရေး နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပုသိမ်လေဆိပ်၌ ဒေသခံပြည်သူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

**နေပြည်တော်  အောက်တိုဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈နာရီခွဲက အထူးလေယာဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်တစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် ငပုတောမြို့သို့ ဆက်လက်ထွက်ခွာရာ ဒေသခံပြည်သူများက လမ်းတစ်လျှောက်မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ငပုတောမြို့သို့ရောက်ရှိကြရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများက လမ်းဘေးဝဲယာမှ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

ECONOMY Green GROWTH

## အစိမ်းရောင်စီးပွားရေးလမ်းကြောင်း ပူးပေါင်းလျှောက်လှမ်းမှုမှသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .

*သတင်းဆောင်းပါး* *စာမျက်နှာ-၆*

## မောင်းသူမဲ့ကားများ ၂၀၂၀ တွင် စီးပွားဖြစ်ထုတ်လုပ်နိုင်တော့မည်

*စာမျက်နှာ-၄*

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅ အထူးကဏ္ဍအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စက်မှုအရင်းအမြစ်များ ဖွံ့ဖြိုးရမည်

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခေတ်မီတိုးတက်သော နိုင်ငံများဖြစ်ရေး ကြိုးပမ်းအားထုတ်လျက်ရှိကြရာတွင် လက်မှုခေတ်ကို ပြုပြင်ပြောင်းလဲပြီး စက်မှုနည်းပညာ တိုးတက်သော ခေတ်ဆီသို့ ရည်မှန်းချက်ပန်းတိုင်ထား၍ အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြပေသည်။ စက်မှုနိုင်ငံဖြစ်မှသာ ခေတ်မီ တိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းလဲနိုင်လိမ့်မည်ဟု ယူဆထားကြသည့်အလျောက် နယ်ပယ်ကဏ္ဍအသီးသီးတို့၌ စက်မှုဖွံ့ဖြိုးရေးကို အလေးထားထည့်သွင်းစဉ်းစားလာကြသည်။

မျက်မှောက်ခေတ်သည် နေရာတိုင်းတွင် နည်းပညာများ တိုးတက်ပြောင်းလဲလျက်ရှိသည်။ စက်မှုနှင့် နည်းပညာများ တွင်ကျယ်စွာ အသုံးချလာနိုင်မှသာလျှင် ခေတ်မီတိုးတက်သော နိုင်ငံသစ်ဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ပေလိမ့်မည်။ စက်မှုနည်းပညာများ နေရာတိုင်းတွင် တွင်ကျယ်စွာ အသုံးချလာရေးသည် စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲမှု၏ အခြေခံအကျဆုံး အချက်တစ်ချက်ပင် ဖြစ်ပါသည်။

ဤသို့ လက်မှုခေတ်မှ စက်မှုခေတ်သို့ ပြုပြင်ပြောင်းလဲရာတွင် စက်မှုအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရန် လွန်စွာမှအရေးကြီးလှသည်။ စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် အဓိကအရင်းအမြစ်များ ဖွံ့ဖြိုးနေဖို့လိုသည်။ အဓိကအရင်းအမြစ်များအဖြစ် ငွေကြေးအရင်းအနှီး၊ နည်းပညာနှင့် စက်မှုအတတ်ပညာရှင်တည်းဟူသော အရင်းအမြစ်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးရှင်သန်နေဖို့ လိုပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နည်းပညာ၊ ကွန်ပျူတာ၊ စက်မှုလက်မှုအစရှိသော ကောလိပ်နှင့် တက္ကသိုလ်များသည် စက်မှုအခြေခံကျွမ်းကျင်လုပ်သားများနှင့် အတတ်ပညာရှင်များ မွေးထုတ်ပေးရာ အရင်းအမြစ်များပင် ဖြစ်ပါသည်။ ယင်းတို့အနက် R.I.T,Y.I.T နှင့် Y.T.U စသည့် အမည်များဖြင့် အဆင့်ဆင့် ပြောင်းလဲခဲ့သော ရန်ကုန်နည်းပညာ တက္ကသိုလ်သည် စတင်တည်ထောင်ခဲ့သည့်အချိန်မှ ယခုအချိန်အထိ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်ပေါင်း ၃၀၀၀၀ နီးပါး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။ စက်မှုအတတ်ပညာရှင်များ မွေးထုတ်ပေးရာ လူသိများထင်ရှားသော တက္ကသိုလ်ကြီးတစ်ခု ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် နိုင်ငံတစ်ဝန်း နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးနိုင်ခဲ့၍ ယခုအခါ အနာဂတ်စက်မှုနိုင်ငံအတွက် အတတ်ပညာရှင်များ အရင်းအမြစ်များကို အရှိန်အဟုန်ကောင်းစွာ မွေးထုတ်ပေးနေပြီဖြစ်ပါသည်။ စက်မှုနိုင်ငံထူထောင်ရာတွင် ဦးစွာပထမ အရည်အချင်းပြည့်ဝသော စက်မှုအတတ်ပညာရှင် အရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန် လိုအပ်ပေသည်။

ယခုအခါ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးပွားလာနေပြီဖြစ်ပါသည်။ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးစနစ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း အားကောင်းလာလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် စက်မှုအခြေခံလုပ်ငန်းများလည်း ဖွံ့ဖြိုးလာနေပြီဖြစ်ပါသည်။ သို့ဖြစ်၍ စက်မှုအရင်းအမြစ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်တင်လျက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |




## အစင်စံပြကျေးရွာ၌ ပဝါရဏာအလှူပွဲနှင့်ဆေးပဒေသာပင်လောင်းလှူ

ရေး အောက်တိုဘာ ၂၉

ရေးမြို့နယ် အစင်စံပြကျေးရွာရှိ မွန်စိန်တောရကျောင်း သာသနာ့ဇောတိကပရိယတ္တိစာသင်တိုက်၌ သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်များက ပင့်ဖိတ်ကျောင်းများမှ သံဃာတော်များအား ဆေးပဒေသာပင် အလှူပစ္စည်းများနှင့်အတူ အခြားလှူဖွယ်ဝတ္ထုများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် သာသနာ့ ဇောတိကပရိယတ္တိစာသင်တိုက်၌ ကထိန်အလှူကို ဆက်လက်ကျင်းပခဲ့သည့်အပြင် အစင်စံပြကျေးရွာနာရေးကူညီမှုဦးစီးနာယကဆရာတော် ဦးအာစာရအမှူးပြုကာ ကျွတ်လွတ်ပွဲအကြိုဓမ္မသဘင်ကို လပြည့်ကျော် ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

## ရှေးဟောင်းသမိုင်းဝင် မဟာရန်အောင်စေတီတော်တွင် အဘိဓမ္မာအခါတော်နေ့ ကျင်းပ

ညောင်ရွှေ အောက်တိုဘာ ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့ရှိ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မဟာရန်အောင် စေတီတော်ကြီးတွင် အောက်တိုဘာ ၂၈ ရက်က ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် အဘိဓမ္မာ အခါတော်နေ့ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ပင့်ဖိတ်ထားသော သံဃာတော်များ၏ တရားတော် နာယူခြင်းနှင့် ရေစက်ချခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း ကုသိုလ်ပြုပြီးနောက် မဟာရန်အောင်စေတီတော်ကြီး၏ ဒုတိယဘုရား ဒါယကာ (UBK)သောက်ရေသန့် လုပ်ငန်းရှင် မြို့နယ်သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ ဦးဘုန်းကြွယ်-ဒေါ်ခင်စိန် မိသားစုတို့က တရားတော်နာ ဧည့်သည်များကို ထမင်းဟင်းများဖြင့် ကုသိုလ်ပြုဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။ (၀၅၄)

# နိုင်ငံတကာဖိတ်ခေါ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၉

Myanmar International Open Chess Tournament 2015 ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ သိရသည်။ ပြိုင်ပွဲတွင် ပထမဆုအမေရိကန်ဒေါ်လာ ၃၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၁၄၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၁၀၀၀၊ စတုတ္ထဆု အမေရိကန်ဒေါ်လာ ၈၀၀၊ ပဉ္စမဆုအမေရိကန်ဒေါ်လာ ၆၀၀ အသီးသီးချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် အကောင်းဆုံး မြန်မာကစားသမားများအတွက် ပထမဆု အမေရိကန်ဒေါ်လာ ၇၀၀၊ ဒုတိယဆု အမေရိကန် ဒေါ်လာ ၄၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၂၀၀ ချီးမြှင့်မည်ဖြစ်သည်။

၎င်းအပြင် အသက် ၁၈ နှစ်အောက်၊ အသက် ၁၄ နှစ် အောက်နှင့် အသက် ၁၀ နှစ် အောက် ပြိုင်ပွဲများတွင် အကောင်းဆုံး အမျိုးသမီးကစားသမားနှင့် အကောင်းဆုံး လူငယ်ကစားသမားဆုများကို အမေရိကန် ဒေါ်လာ ၁၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။

မြန်မာအိုးပင်း လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်မည့် ကိုစိုးမင်းကျော်က "Physical ပိုင်းကောင်းအောင် ကြိုးစားပြီး ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မှာပါ" ဟု ပြောသည်။

ပြိုင်ပွဲဝင်ကြေးအနေဖြင့် ၂၀၁၅ မြန်မာအိုးပင်းလက်ရည်စစ် စစ်တုရင်ပြိုင်ပွဲတွင် အဆင့်(၁)မှ(၂၀)ထိရရှိခဲ့သူများကို ဝင်ကြေးအခမဲ့ဖြင့် လည်းကောင်း၊ အဆင့်(၂၁)မှ(၃၀)ထိရရှိခဲ့သူများကို ငွေကျပ် ၁၅၀၀၀ နှင့် အဆင့် (၃၁)မှ(၄၀)ထိ ရရှိခဲ့သူများကို ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဈေးလျှော့ကာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တွင် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့်အတူ နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သီဟသူ

## ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံးအဆောက်အအုံ တည်ဆောက်ရေး အလှူငွေပေးအပ်

လွိုင်ကော် အောက်တိုဘာ ၂၉

ကယားပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး အဆောက်အအုံအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက်က လွိုင်ကော်မြို့ ပဒါးညေးကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ရုံး အဆောက်အအုံအတွက် ကနဦးမတည် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ပြည်နယ် ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းဖေလေးက လက်ခံယူသည်။

အဆိုပါရုံး တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ ကယားပြည်နယ်တွင် ပအိုဝ်းတိုင်းရင်းသား တစ်သောင်းကျော်နေထိုင်ပြီး ရွာပေါင်း၂၄ ရွာ ရှိကြောင်း၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဆောက်အအုံမရှိ သည့်အတွက် အခက်အခဲရှိခဲ့ကြောင်းနှင့် အနာဂတ်တွင် ဝေးလံဒေသရှိ ကျောင်းသားများ ပညာသင်ကြားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

(ခရိုင်ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၄၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၇၉၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁ ၂ ၇ ၅ |
| ဥရောပ | တစ်ယူရို | ၁ ၄ ၅ ၄ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇ ၂ ၁ · ၅ ၂ |
| ထိုင်း | တစ်ဘတ် | ၃ ၆ · ၃ ၃ ၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၈၀၆ |
| တရုတ် | တစ်ယွမ် | ၂၀၁·၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃ ၀ ၅ · ၂ ၉ |

ခင်ရတနာ-စုစည်းသည်။

# ၂၀၁၅ ခုနှစ် နိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**



အခမ်းအနားတွင် ဒုတိယသမ္မတက ယခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် ပြုလုပ်ရန်လျာထားပါကြောင်း၊ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

ဆရာတော်ကြီးများ ပင့်ဆောင်ရေး၊ သီတင်းသုံးနေထိုင်ရေး၊ ဆွမ်းဟင်းလျာများ ဆက်ကပ်လှူဒါန်းနိုင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ကြိုတင် ပြင်ဆင်ဆောင်ရွက်သွားကြရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သံဃာတော်များပင့်ဆောင်မှု၊ သီတင်းသုံးမည့်နေရာ စီစဉ်ဆောင်ရွက်ထားမှု၊ ကထိန်ဉာတ်သင်္ကန်းလှူဒါန်းမည့်အခြေအနေ၊ ပဒေသာပင်လှူဒါန်း နိုင်ရေး ဆောင်ရွက်ထားမှုနှင့် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ဆွမ်းဆက်ကပ်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များပင့်ဆောင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရေးနှင့် ပဒေသာပင်များ ဆက်ကပ်လှူဒါန်းနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီး ၁၆ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးကိုးပါး၊ စေတိယ ဟိတကာရက (ရွှေသုဝဏ်)ဆရာတော်နှင့် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယဆရာတော် ၁၀ ပါး၊ ဒေသခံဆရာတော် တစ်ပါးနှင့် နန်းဦးပရိယတ္တိစာသင်တိုက်ကျောင်းမှ ဆရာတော် ၁၃ ပါး စုစုပေါင်းဆရာတော်ကြီး ၆၃ ပါးပင့်ဆောင်၍ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

◆ *ကျော်ဖုံးမှ*

ရေကူးခြင်း၊ သဲသောင်ပြင်လမ်းလျှောက်ခြင်းတို့အပြင် ကော့သောင်းမြို့ မှ ရေမိုင် ၃၀ ခန့်အကွာအဝေးရှိ စေတန်ကျွန်း၊ (ဒွန်ကင်း)အား ဇဟိုပြုကာ ရေငုပ်၍ရေ အောက်ရှုခင်းကြည့်ရှုခြင်းများဖြင့် နေ့ချင်းပြန်ခရီးစဉ်များကို စတင်ခွင့်ပြုပေးခဲ့ခြင်းကြောင့် အောက်တိုဘာလအတွင်း ထိုင်းနိုင်ငံမှ ခရီးသည် ၁၁၈၈ ဦးနှင့် မြန်မာခရီးသည် ၅၀ လာရောက်လည်ပတ်ကြသည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း ခရီးစဉ်များသာမက နယ်စပ်ဖြတ်ကျော် ခရီးစဉ်များဖြင့် မြန်မာနိုင်ငံ၏ သာယာလှပသော ရှုခင်းများ၊ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့စရိုက်နှင့် နေထိုင်မှုပုံစံများကို သိရှိထိတွေ့ခံစားလို၍ လာရောက်ကြသကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခွင့်ပြုကျွန်းစုများသို့လည်း စက်တပ်ရှက်လှေများဖြင့် သွားရောက်ကာ ရေကူးခြင်း၊ ရေငုပ်၍ရေအောက်ရှုခင်းကြည့်ရှုခြင်း၊ ကမ်းခြေတွင်လမ်းလျှောက်ခြင်း၊ နေပူစာလှုံခြင်း၊ ဆလုံရွာများသို့သွားရောက်လည်ပတ်ခြင်းတို့ကို ယခင်ကထက်ပိုမိုစိတ်ဝင်စားစွာ လာရောက်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျော်ဖုံးမှ*

ယှဉ်ပြိုင်ရမည်ဖြစ်ကာ အမှတ်အများဆုံး တစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သည်။ ဗီယက်နမ်ကလပ်မှာ ဆီမီးဖိုင်နယ်အဆင့် ထိုင်းကလပ်မှာ ဗိုလ်လုပွဲအဆင့်တို့မှ စတင်ကစားရမည်ဖြစ်သည်။

ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် BTV Cup ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၅ ရက်အထိ ဟိုချီမင်းမြို့တွင် ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ရတနာပုံအသင်းနှင့်အတူ ဗီယက်နမ်ကလပ်အသင်းလေးသင်း၊ ဂျပန်တက္ကသိုလ်လက်ရွေးစင်အသင်း၊ တောင်ကိုရီးယားတက္ကသိုလ် လက်ရွေးစင်အသင်းနှင့် ဘရာဇီးကလပ်ဘန်ဂု-အက်သလက်တီကိုအသင်းတို့ ပါဝင်မည်ဖြစ်သည်။ မဲခေါင်ပြိုင်ပွဲနှင့် BTV Cup ပြိုင်ပွဲတို့မှာ ၂၀၁၄ ခုနှစ်က ဧရာဝတီအသင်းယှဉ်ပြိုင်ခဲ့သည့်ပွဲလည်း ဖြစ်သည်။

ဟံသာဝတီ အသင်းယှဉ်ပြိုင်မည့် ယူနန်-အာဆီယံ ကလပ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၃၀ ရက်အထိကျင်းပမည်ဖြစ်ပြီး အသင်း ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများမှာ ယင်းပြိုင်ပွဲကို ၂၀၁၂ ခုနှစ်မှစတင်ကာ ယှဉ်ပြိုင်ခဲ့ပြီး ဟံသာဝတီအသင်းမှာ ဒုတိယအကြိမ်ယှဉ်ပြိုင်ခြင်းဖြစ်ကာ ၂၀၁၃ ခုနှစ်က တတိယနေရာရရှိခဲ့သည်။

မြန်မာကလပ် အသင်းများမှာ လာမည့်ရာသီအတွက် ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အောင်မြင်မှုရရှိရေး ကြိုးပမ်းဖွယ်ရှိနေသည်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဟောပြောပွဲကျင်းပ



**မန္တလေး အောက်တိုဘာ ၂၉**

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြောပွဲကို အောက်တိုဘာ ၂၇ ရက်နံနက် ၉ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းရှေ့ရှိ ဧရိပ်မွန် မိဘမဲ့အမျိုးသမီးလေးများ စောင့်ရှောက်ရေးကျောင်း၌ကျင်းပသည်။ **(ဝဲပုံ)**

ဟောပြောပွဲတွင် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ် နေအောင်ကျော်က လူကုန်ကူးမှု ပေါ်ပေါက်လာပုံ၊ လူကုန်ကူးမှု၏ လုပ်ငန်းစဉ် သုံးဆင့်၊ လူကုန်ကူးမှုဖြစ်ပွားစေသောအဓိကအကြောင်းများ၊ မြန်မာနိုင်ငံတွင်ဖြစ် ပေါ်လျက်ရှိသောလူကုန်ကူးမှုပုံစံများ၊ လူကုန်ကူးသူများအသုံးပြုသောနည်းလမ်းများစသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး အမျိုးသမီးကလေးငယ်များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

❐ *ကျော်ဖုံးမှ*

အဆိုပါ တဝမ်းတံတားကို ၂၀၁၃ ခုနှစ် ဇွန် ၁ ရက်မှစ၍ တံတားအရှည်ပေ ၁၂၆၀၊ အကျယ် ၂၄ ပေ နှစ်လမ်းသွားတံတားကို ပြည်ထောင်စုရန်ပုံငွေဖြင့် ယနေ့အချိန်ထိ ငွေကျပ် ၂၈၅၉ ဒသမ ၀၀ သန်းသုံးစွဲထားပြီးဖြစ်ရာ စီမံကိန်းပြီးဆုံးသည်အထိ ခန့်မှန်းကုန်ကျငွေကျပ် ၄၃၂၀ ဒသမ ၀၀ သန်းခန့်သုံးစွဲရန် လျာထားလျက်ရှိပြီး ယနေ့အချိန်ထိ တံတားတည်ဆောက်ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါတံတား တည်ဆောက်ရာတွင် ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေမှ နှစ်အလိုက်ခွဲဝေသုံးစွဲလျက်ရှိရာ ၂၀၁၅-၂၀၁၆ တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်မိုးခိုင်က ပြောသည်။

ယင်းတံတားသည် မြစ်ကြီးနား၊ နမ္မတီး၊ တနိုင်း၊ ရှင်ဗွေယန်၊ ပန်ဆောင် လမ်းမပေါ်တွင်ရှိရာ မြန်မာ-တရုတ်-အိန္ဒိယ စီးပွားရေးစင်္ကြံလမ်းမကြီးတစ်ခု ဖြစ်လာနိုင်ပြီး အဆိုပါ တံတားပြီးစီးသွားပါက ယင်းဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း၊ မြန်မာ-တရုတ်-အိန္ဒိယ သုံးနိုင်ငံ စီးပွားရေး ကုန်သွယ်မှု ပိုမိုမြန်ဆန် ကောင်းမွန်လာနိုင်မည့်အပြင် နိုင်ငံအချင်းချင်း ကူးလူးသွားလာဆက်သွယ်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်တစ်ခုလုံးအနေဖြင့် ပေ ၅၀ အထက် သံကူကွန်ကရစ်တံတား အပါအဝင် ၂၃စင်း ဆောက်လုပ်သွားမည်ဖြစ်ရာ ၁၀၀ ရာခိုင်နှုန်း ရှစ်စင်း ဆောက်လုပ်ပြီးစီးလျက်ရှိပြီး ၁၅ စင်းမှာ ယနေ့အချိန်ထိ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## မောင်းသူမဲ့ကားများ ၂၀၂၀ တွင် စီးပွားဖြစ်ထုတ်လုပ်နိုင်တော့မည်

**တိုကျို အောက်တိုဘာ ၂၉**

အလိုအလျောက်မောင်းနှင်နိုင်သည့် မော်တော်ကားများကို လာမည့် ၂၀၂၀ပြည့်နှစ်တွင် စီးပွားဖြစ် ထုတ်လုပ်မည်ဖြစ်ကြောင်း ဟွန်ဒါမော်တော်ကားကုမ္ပဏီက လွန်ခဲ့သောရက် အနည်းငယ်က ပြောခဲ့သည်။ အလိုအလျောက်မောင်းနှင်နိုင်သည့် မော်တော်ကားစနစ်များတွင် အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ရပ်တန့်နိုင်မည့်စနစ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တိုယိုတာမော်တော်ကားကုမ္ပဏီနှင့် နစ်ဆန်းမော်တော်ကားကုမ္ပဏီတို့ကလည်း လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အလိုအလျောက်မောင်းနှင်နိုင်သည့်မော်တော်ကားများကို စီးပွားဖြစ်ထုတ်လုပ်မည့် ၎င်းတို့၏အစီအစဉ်ကို ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဟွန်ဒါမော်တော်ကားကုမ္ပဏီက မြို့ထဲလမ်းများပေါ်တွင် အလိုအလျောက်မောင်းနှင်နိုင်ပြီး သွားမည့်ခရီးအကွာအဝေးကို တွက်ချက်နိုင်သည့် မော်တော်ကားများကို ပထမဆုံးထုတ်လုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လာမည့် ၂၀၂၀တွင် ထုတ်လုပ်မည့် အလိုအလျောက်မောင်းနှင်နိုင်သည့် မော်တော်ကားများတွင် အမြန်လမ်းမကြီးပေါ်၌ မော်တော်ယာဉ်ကို လိုရာမောင်းနှင်နိုင်မည့် စနစ်၊ လိုအပ်သောအရှိန်ကို ထိန်းညှိပေးနိုင်ခြင်း၊ မိမိရောက်လိုသောနေရာတွင် အလိုအလျောက်ရပ်တန့်ပေးမည့်ဘရိတ်စနစ်၊ အကယ်၍လိုအပ်ပါက လမ်းကြောင်းပြောင်းလဲနိုင်မည့် စနစ်စသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မကြာတော့သောအနာဂတ်ကာလတွင် ဟွန်ဒါမော်တော်ကားကုမ္ပဏီက တိုကျိုမြို့လယ်အမြန်လမ်းမပေါ်တွင် အလိုအလျောက်မောင်းနှင်နိုင်သည့် မော်တော်ကားကို သရုပ်ပြမောင်းနှင်မည်ဖြစ်ကြောင်း သိရသည်။ **(တိုကျို)**




## ဩစတြေးလျရေတပ် တရုတ်နှင့်ပူးတွဲစစ်ရေးလေ့ကျင့်မည်

**ဆစ်ဒနီ အောက်တိုဘာ ၂၉**

ဩစတြေးလျ စစ်သင်္ဘောနှစ်စင်းက လာမည့်သီတင်းပတ်တွင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်ရေတပ်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်သွားမည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ဩစတြေးလျကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။

အမေရိကန်စစ်သင်္ဘောတစ်စင်းသည် တောင်တရုတ်ပင်လယ်အတွင်းရှိ လူလုပ်ကျွန်းအနီးဝင်ရောက်ခဲ့ပြီး ရက်ပိုင်းအကြာ ဩစတြေးလျကာကွယ်ရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဩစတြေးလျ ရေတပ်သင်္ဘောနှစ်စင်းဖြစ်သည့် The HMAS Stuart နှင့် HMAS Arunta တို့သည်တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ် အဓိကအခြေစိုက်စခန်းရှိရာ ကွမ်တုံပြည်နယ်တောင်ပိုင်း ဇန်ကျန်းသို့ ထွက်ခွာသွားကြောင်း မာရီဆေးပေနီက ပြောသည်။

"ဩစတြေးလျတော်ဝင်ရေတပ်က ဒေသတွင်း ရေတပ်တွေနဲ့ သမိုင်းတစ်လျှောက် ပူးပေါင်းဆောင်ရွက်နေသလို ပုံမှန်အားဖြင့်လည်း ဆိပ်ကမ်းတွေကိုသွားရောက်လည်ပတ်တာတွေ၊ စစ်ရေးလေ့ကျင့်တာတွေပြုလုပ်နေပါတယ်" ဟု ပေနီ၏ ကြေညာချက်တွင် ဖော်ပြသည်။ **(ရိုက်တာ)**

## ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရေး ဗီယင်နာ၌ဆွေးနွေးမည်

**ဗီယင်နာ အောက်တိုဘာ ၂၉**

ဆီးရီးယားရှိ အစိုးရဆန့်ကျင်ရေးအဖွဲ့များကို ကူညီထောက်ပံ့နေသောနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သမ္မတဘာရှာ အယ်လ်အာဆတ်ကို ထောက်ပံ့ပေးနေသော နိုင်ငံများမှ ခေါင်းဆောင်များသည် ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရေးအတွက် နည်းလမ်းများကို ဆွေးနွေးလိမ့်မည်ဖြစ်ကြောင်း သိရသည်။



ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရေး အစည်းအဝေးကို ဗီယင်နာတွင် အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းရင်းမြစ်များကို ကိုးကား၍ ရုရှားနိုင်ငံပိုင် သတင်းအေဂျင်စီက ပြောကြားခဲ့သည်။

အမေရိကန်၊ ရုရှား၊ တူရကီနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ၎င်းတို့နှင့်အတူ အီရန်၊ အီဂျစ်နှင့် ပြင်သစ်တို့မှ နိုင်ငံခြားရေးဝန်ကြီးများလည်း လာမည့် အောက်တိုဘာ ၃၀ ရက်တွင် အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော သီတင်းပတ်တွင် ရုရှားက ငြိမ်းချမ်းရေး အစီအစဉ်တစ်ခုကိုတင်ပြခဲ့ပြီး ၎င်းအစီအစဉ်မှာ ဆီးရီးယားပြည်တွင်းစစ်ကို အဆုံးသတ်စေမည်ဖြစ်ကာ သမ္မတ ရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲများကို တစ်နှစ်ခွဲအတွင်း ကျင်းပနိုင်မည်ဖြစ်သည်။

ထိုအစည်းအဝေးသို့ အီရန်သည် ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခြင်းဖြစ်သည်။

အီရန်သည် ရုရှားနှင့် ပူးပေါင်းပြီး အာဆတ်အစိုးရကို ထောက်ခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ရုရှားသည် ၎င်း၏ငြိမ်းချမ်းရေး ကမ်းလှမ်းချက်အရအစည်းအဝေးကို ဦးဆောင်မည်ဖြစ်ကြောင်း သိရသည်။

အခြား တစ်ဖက်တွင်လည်း အနောက်နိုင်ငံများနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က အာဆတ်အစိုးရကို ရာထူးမှဖြုတ်ချချင်နေကြသည်။ **(အင်န်အိတ်ချ်ကေ)**

## ဆီးရီးယားအကျပ်အတည်း နိုင်ငံရေးဖြင့်ဖြေရှင်းရေး တရုတ်နှင့်ဂျာမနီ သဘောတူညီမှုရရှိ

**ပေကျင်း အောက်တိုဘာ ၂၉**

တရုတ်ဝန်ကြီးချုပ် လီခကျန်းနှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့သည် ဆီးရီးယားအကျပ်အတည်းကို နိုင်ငံရေးဖြင့် ဖြေရှင်းရန် ကြာသပတေးနေ့က သဘောတူလိုက်သည်။



ဆီးရီးယားအကျပ်အတည်းကို တပ်အသုံးပြုဖြေရှင်းခြင်းကို ဆန့်ကျင်ကန့်ကွက်ပါကြောင်း၊ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းခြင်းမှ အခြားနည်းလမ်းမရှိပါကြောင်း တရုတ်ဝန်ကြီးချုပ်က ထပ်လောင်းပြောဆိုလိုက်သည်။

ပြီးခဲ့သည့်လက ရုရှားတို့၏ လေကြောင်းပစ်မှတ်ထားတိုက်ခိုက်မှုများသည် ဆီးရီးယားပြည်တွင်းစစ်အတွင်း ပြည်ပတပ်များ ပါဝင်မှု အရှိန်အဟုန်မြင့်တက်စေခဲ့ကြောင်း၊ ယင်း တိုက်ခိုက်မှုများကြောင့် အနောက်အုပ်စု၏ ဝေဖန်မှုကိုဖြစ်စေခဲ့ကြောင်း၊ အနောက်အုပ်စုအနေဖြင့် အိုင်အက်စ်ကို တိုက်ခိုက်ချေမှုန်းခြင်းထက် ဆီးရီးယားသမ္မတဘာရှာအယ်လ်အာဆတ်ကို ဖြုတ်ချရန်သာ ကြိုးပမ်းနေကြကြောင်း၊ ဆီးရီးယားအရေး အမြန်ဆုံးဖြေရှင်းရန် တိုက်တွန်းပါကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောသည်။

"အရေးအကြီးဆုံးကတော့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းတာဟာ တန်းတူရည်တူ ရှိမှု၊ အားလုံးပါဝင်မှု၊ ပွင့်လင်းတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ဖို့ အခွင့်အလမ်း တစ်ရပ်ပါပဲ" ဟု ၎င်းက သတင်းထောက်များအား ပြောသည်။ **(ရိုက်တာ)**

## ရွှေ့ပြောင်းဒုက္ခသည် ၂၄၂ ဦးအား ဂရိကမ်းခြေစောင့်တပ်ဖွဲ့ကယ်တင်



**အေသင် အောက်တိုဘာ ၂၉**

ဂရိကမ်းခြေစောင့်တပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် လက်ဘော့စ်ကျွန်းမြောက်ပိုင်း၌ နစ်မြုပ်သွားသော စက်လှေတစ်စင်းမှ ရွှေ့ပြောင်းခိုလှုံသူ ၂၄၂ ဦးအား ကယ်တင်လိုက်ကြောင်း၊ သို့ရာတွင် သုံးဦးရေနစ်သေဆုံးခဲ့ရာ အမျိုးသားနှစ်ဦးပါဝင်ကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါ ဒီစက်လှေနစ်မြုပ်မှုကြောင့် လူအများအပြား ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ဆိုသည်။

ယခုနှစ်အတွင်း ရွှေ့ပြောင်းနေထိုင်သူအများအပြား ဝင်ရောက်လာပြီးကတည်းက ဂရိကမ်းလွန်တွင် အဆိုးရွားဆုံး ရေကြောင်းဆိုင်ရာ ဘေးဒုက္ခများဖြစ်ပေါ်လာကြောင်း တာဝန်ရှိသူများက ပြောသည်။

ဂရိသို့ ရွှေ့ပြောင်းနေထိုင်သူနှင့် ခိုလှုံသူ ၅၀၀၀၀၀ ကျော် ဝင်ရောက်ခဲ့ရာ ဇန်နဝါရီလမှ စတင်ကာ ဥရောပအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများသို့ လွှဲပြောင်းပေးလျက်ရှိသည်။ ဆယ်စုနှစ်များအတွင်း ဥရောပတိုက်တွင် အကြီးမားဆုံး လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းဖြစ်လာသည်ဟု ဆိုသည်။

လက်ဘော့စ်သည် တူရကီမှ ၁၀ ကီလိုမီတာခန့်အကွာ အေဂျင်ယံပင်လယ် ကမ်းရိုးတန်းဒေသဖြစ်ပြီး ဥရောပနိုင်ငံများသို့ ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းသွားလာသူများ၏ အဓိကရေလမ်းကြောင်းတစ်ခုဖြစ်သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ မဲဆွယ်စည်းရုံးဟောပြောမှုအရှိန်အဟုန်မြင့်လာ၊ မိမိတို့ပါတီဝင်များနှင့် ထောက်ခံသူများအား ထိန်းသိမ်းရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၅) ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီခုနစ်ပါတီမှ တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျေးသီးမြို့နယ်၊ မိုင်းရှူးမြို့နယ်နှင့် နယ်မြေဒေသအချို့တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်တစ်ခုတည်းက ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ သီပေါမြို့နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့များက ယင်းဒေသများတွင် လုံခြုံရေးအခြေအနေအရ ရွှေ့ဆိုင်းပေးရန် တင်ပြခဲ့ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း ဆန္ဒမဲလက်မှတ်များအား ယင်းဒေသများသို့ ပေးပို့နိုင်ခြင်းမရှိသေး၍ ရွှေ့ဆိုင်းခြင်းဖြစ်ကြောင်း၊ မဲလက်မှတ်များအား ကျေးသီးမြို့နယ်အတွက် ခိုလန်ရဲစခန်း၊ မိုင်းရှူးမြို့နယ်အတွက် ကွန်ဟိန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့တွင် လုံခြုံစွာ ထိန်းသိမ်းထားကြောင်း။

ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ မဲဆွယ်စည်းရုံးဟောပြောမှုများသည် အရှိန်အဟုန်မြင့်တက်လာပြီး ပဋိပက္ခအသွင်မရောက်ရှိစေရန်နှင့် အေးချမ်းတည်ငြိမ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် Code of Conduct နှင့် ညွှန်ကြားချက် (၁/၂၀၁၄) တို့အား လိုက်နာဆောင်ရွက်ပြီး မိမိတို့ပါတီဝင်များနှင့် ထောက်ခံသူများအား ကြပ်မတ်ထိန်းသိမ်းသွားရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီမှ ရဲမှူးကြီးမျိုးသန်းက လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ဖွဲ့စည်းမှု၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရဲတပ်ဖွဲ့အင်အားစုဖွဲ့ထားမှုနှင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားတိုးတက်ရေးပါတီတို့က ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲအတွက် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး ကော်မရှင်အဖွဲ့ဝင်ဦးညွန့်တင်က ရွေးကောက်ပွဲနေ့ တည်ငြိမ်အေးချမ်းရေးအတွက် မဲရုံပရိဝုဏ်မှ ကိုက် ၅၀၀ အတွင်း ပါတီအမှတ်တံဆိပ်ပါအဝတ်အစားများ၊ နဖူးစည်းများဝတ်ဆင်၍ အစုအဝေးမပြုရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက ပြည်ပနိုင်ငံရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်မြင့်ကြည်က မဲစာရင်းတွင် လူပိုများပါဝင်နေမှုနှင့် အိမ်ငှားနေထိုင်သူများ ပြောင်းရွှေ့သွားသည့်အခါ မဲပေးနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဖွဲ့ဝင်ဦးဝင်းကိုက သတင်းရယူမည့် မီဒီယာသမားများအနေဖြင့် မဲရုံအတွင်းဝင်ခွင့်မရှိကြောင်းနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲနေ့၌ ပါတီအမှတ်တံဆိပ်ပါ အဝတ်အစားများဝတ်ဆင်၍ စုရုံးခြင်းမပြုရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များအပေါ် ရှင်းလင်းဆွေးနွေးပြီး နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရေးကာလအတွင်း Code of Conduct နှင့် (၁/၂၀၁၄) တို့ကို လိုက်နာဆောင်ရွက်စေလိုကြောင်း၊ ရွေးကောက်ပွဲအလွန်ကာလတွင်လည်း အနိုင်ရအာဏာရပါတီအနေဖြင့် တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ကျန်ပါတီများအနေဖြင့်လည်း တိုင်းပြည်တိုးတက်ရေးအတွက် အကြံပြုထောက်ကူ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

## မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်

**နေပြည်တော်၊ အောက်တိုဘာလ ၂၉**

ပြည်တွင်းရှိသက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့တက်ရောက်နေသော အတွင်းလူနာများသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲပေးလိုကြောင်း ပုံစံ(၁၅)ဖြင့် လျှောက်ထားလာသဖြင့် သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး ပုံစံ (၁-၁)ဖြင့် စာရင်းပြုစုထားပြီးဖြစ်ပါသည်။

ထိုနည်းတူ ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲပေးလိုကြောင်း ယင်းတို့၏ တပ်မှူးထံမှ စာရင်းပေးပို့လာသဖြင့် သက်ဆိုင်ရာမြို့နယ်နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲများက စိစစ်ပြီး ပုံစံ(၁-၂) ဖြင့် စာရင်းပြုစုထားပြီး ဖြစ်ပါသည်။

အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ပုံစံ(၁၅) များတွင်ဖြည့်သွင်း၍ သက်ဆိုင်ရာသံရုံးအကြီးအမှူး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးအကြီးအမှူး၊ ကောင်စစ်ဝန်ရုံးအကြီးအမှူးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရမည်။ ကော်မရှင်သည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ပေးပို့ပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် ယင်းပုံစံများကိုစိစစ်၍ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁-၃) ဖြင့် ရေးသားပြုစုပါသည်။

သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် အဆိုပါ ပုံစံ(၁-၁)၊ (၁-၂)နှင့်(၁-၃)တို့တွင်ပါရှိသော မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ကြိုတင်ဆန္ဒမဲလက်မှတ်များကို နည်းဥပဒေများပါ သတ်မှတ်ထားချက်များနှင့်အညီ လိုက်နာဆောင်ရွက်၍ သက်ဆိုင်ရာဌာနအကြီးအမှူးများ၊ တပ်မှူးများနှင့် သံရုံးအကြီးအမှူးများထံသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့် ပုံစံ (၁-၁)၊ (၁-၂) နှင့် (၁-၃)တို့တွင်ပါရှိသော မဲဆန္ဒရှင်များသည် သက်ဆိုင်ရာဌာနအကြီးအမှူး (သို့မဟုတ်) တပ်မှူး (သို့မဟုတ်) သံအမတ်ကြီးနှင့် သံရုံးတာဝန်ခံတို့ကစီစဉ်ပေးသည့် နေ့ရက်နှင့် နေရာ၌ ကြိုတင်ဆန္ဒမဲလက်မှတ်များတွင် မိမိတို့ဆန္ဒပြုလိုသည့်အတိုင်း ဆန္ဒမဲပေးကြရပါမည်။ ယင်းသို့ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာစာအိတ်အသီးသီး၌ ထည့်သွင်း၍ လုံခြုံစွာပိတ်ပြီး မိမိတို့၏ ဌာနအကြီးအမှူး (သို့မဟုတ်) တပ်မှူးထံ ချက်ချင်းပြန်လည်ပေးအပ်ရပါမည်။

သက်ဆိုင်ရာဌာနအကြီးအမှူး (သို့မဟုတ်) တပ်မှူးသည် ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သော စာအိတ်အသီးသီးကို လက်ခံရရှိသည့်အခါ ယင်းစာအိတ်များအား သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရပါမည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များပါဝင်သည့် စာအိတ်များ လက်ခံရရှိသည့်အခါ ယင်းစာအိတ်များပေါ်တွင်လက်ခံရရှိသည့် အမှတ်စဉ်၊ နေ့ရက်နှင့် အချိန်တို့ကိုဖော်ပြ၍ ပုံစံ(၁၈-၁)တွင် ရေးသွင်းပြီး ယင်းစာအိတ်တို့ကို ကိုယ်စားလှယ်လောင်းများနှင့် သက်သေများအားပြသပြီး ချိတ်ပိတ်ထားသည့် မဲပုံးအတွင်းသို့ထည့်၍ လုံခြုံစွာသိမ်းဆည်းထားရပါမည်။ ရွေးကောက်ပွဲနေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီထိုးသည်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် စာအိတ်များထည့်ထားသော ချိတ်ပိတ်ထားသည့်မဲပုံးကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း (သို့မဟုတ်) ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ အသိသက်သေများနှင့် အများပြည်သူရှေ့မှောက်တွင်ဖွင့်လှစ်၍ ကြိုတင်ဆန္ဒမဲများကို ချက်ချင်းရေတွက်ရပါမည်။ ရရှိသော မဲစာရင်းအား ပုံစံ (၁၈) ( မဲပေးခွင့်ရှိသော တိုင်းရင်းသားမဲစာရင်းအား ပုံစံ ၁၈-က ) ဖြင့် မှတ်တမ်းတင်ပြီး တစ်စောင်အားရုံး၏ကြော်ငြာသင်ပုန်းတွင် ကပ်ထားရမည်။ တစ်စောင်အား ရုံးလက်ခံအဖြစ် ထားရှိရမည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီအထိသာ လက်ခံရပါမည်။ ယင်းအချိန်ကုန်ဆုံးပြီးနောက်မှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲများကို လက်ခံရေတွက်ပေးမည်မဟုတ်ပါ။ ပယ်မဲအဖြစ် သတ်မှတ်ရမည်။

သို့ဖြစ်ပါ၍ ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များထံမှ ကြိုတင်ဆန္ဒမဲများရယူခြင်း၊ ပုံစံအသီးသီးဖြင့် မှတ်တမ်းထားရှိခြင်း၊ ယင်းကြိုတင်ဆန္ဒမဲများကိုရေတွက်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ မည်သူမဆို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(မှတ်ချက်။ ။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၅၄။ ၅၅။ ၅၆။ ၅၇။ ၅၈။ ၅၉။ ၆၀။ ၆၁။ ၆၂။ ၆၃။ ၆၄ နှင့် ၆၇ တို့ပါ ပြဋ္ဌာန်းချက်များကို လေ့လာနိုင်ပါသည်။ )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ကော့သောင်းမြို့နှင့် မြိတ်မြို့တို့ရှိ အကျဉ်းထောင်နှင့် အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့သည် ကော်မရှင်ရုံးဝန်ထမ်းများနှင့်အတူ အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် မြိတ်မြို့တို့၌ရှိသော အကျဉ်းထောင်နှင့် အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြည်ထဲရေးဝန်ကြီးဌာနသို့ပေးပို့ခဲ့ကြောင်း ယင်းအချက်များကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သော www.mnhrc.org.mm တွင် သတင်းထုတ်ပြန်ချက်အမှတ် (၁၄/၂၀၁၅) ဖြင့် ဖော်ပြထားကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၅ ခုနှစ် မတ်လတွင် အင်းစိန်ဗဟိုအကျဉ်းထောင်ကိုလည်းကောင်း၊ ဧပြီလတွင် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်နှင့် အချုပ်ခန်းများကိုလည်းကောင်း၊ မေလတွင် မိုင်းဆက်မြို့ အကျဉ်းထောင်ကိုလည်းကောင်း၊ ဇူလိုင်လတွင် မန္တလေးမြို့ ဗဟိုအကျဉ်းထောင်နှင့်ပုသိမ်ကြီးမြို့ ကျောက်ထုတ်အလုပ်စခန်းများ၊ လားရှိုးမြို့၊ သီပေါမြို့နှင့် နောင်ချိုမြို့နယ်များရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများကိုလည်းကောင်း၊ ဩဂုတ်လတွင် သာယာဝတီဗဟိုအကျဉ်းထောင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

*၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင် စီးပွားရေးဌာန (ASEAN Institute for Green Economy-AIGE) တစ်ခုကို မြန်မာနိုင်ငံ(ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး*

# အစိမ်းရောင်စီးပွားရေးလမ်းကြောင်း ပူးပေါင်းလျှောက်လှမ်းမှုမှသည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .

**သတင်းဆောင်းပါး-နန်းနွယ်နီထွန်း**

## အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက်

အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး GEGG (မြန်မာ)အဖြစ် ဖွဲ့စည်းကာ အကျိုးအမြတ်မယူတဲ့ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ **(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC-2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)**

ပြင်ပတစ်နေရာမှ ပြန်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင် ဦးဝင်းနိုင်က ရုံးခန်းတွင်းရှိ ရွှေ့လျားလေအေးပေးစက်ကို အမြင့်ဆုံးသို့မြှင့်သည်။ လေတိုက်အားပြင်းထန်မှုနှင့်အတူ အလုပ်စားပွဲပေါ်မှ ကျောက်စိမ်းဖြင့် ထုဆစ်ထားသည့် ပန်းပုကျွန်းသစ်သဏ္ဌာန်အရာနှင့် ဆင်ရုပ်ကလေးကို ချိတ်ဆက်ထားသောရွှေကြိုးမှ တချွင်ချွင်မြည်သံကို နားစွင့်ရင်း “green economy ဆိုတာ အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေတဲ့ ဖွံ့ဖြိုးတိုးတက်မှုကသာ နိုင်ငံအတွက်၊ ကမ္ဘာအတွက် အောင်မြင်တဲ့ စီးပွားရေးတစ်ရပ်ဖြစ်လာမှာ”ဟု စတင်ဖြေကြားရင်း အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာများအကြောင်း မြန်မာ့အလင်း၏ မေးမြန်းချက်ကို စတင်ဖြေကြားသည်။

စီးပွားရေးအောင်မြင်မှုရရှိရန် ဆယ်စုနှစ် သုံးစုလုပ်ဆောင်ခဲ့သည့် သူ့ရည်မှန်းချက်သည် အကျိုးအမြတ်ဖြစ်ခဲ့သော်လည်း နာဂစ်ကဲ့သို့ သဘာဝဘေးဒဏ်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရပြီးနောက် သစ်ထုတ်လုပ်ရေး လုပ်ငန်းကိုရပ်နားခဲ့သည်မှာ ၂၀၁၀ ပြည့်နှစ်ကတည်းကပင်ဖြစ်သည်။

သစ်ထုတ်လုပ်မှုကို နိုင်ငံတော်က ကန့်သတ်လိုက်သည့်အခါ အစိမ်းရောင်စီးပွားရေးလမ်းကြောင်းပေါ်သို့ ပြောင်းရွှေ့ကာ သဘာဝသယံဇာတ ပြန်လည်ကုစားရေး၊ အမြဲစိမ်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့တွင် ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို အလွန်ပင်ဂုဏ်ယူမိကြောင်း ဦးဝင်းနိုင်က ပြောကြားသည်။

“ပုံမှန်အတိုင်းဆက်သွားရင် ထိခိုက်မှာက နိုင်ငံအပါအဝင် မျိုးဆက်သစ်တွေအားလုံးပါဝင်လိမ့်မယ်။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝသယံဇာတတွေဟာ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အများကြီးကျန်နေသေးတယ်။ သို့သော် အခုထုတ်လုပ်မှုအတိုင်း ဆက်သွားနေမယ်ဆိုရင် နောင် ၁၀ နှစ်အတွင်းမှာ သဘာဝတရားကြီးပျက်စီးသွားပြီး သဘာဝဘေးကျိန်စာသင့်ရတော့မယ်။ နိုင်ငံတကာမှာ တိုးတက်မှုတွေအတွက် များပြားတဲ့ သစ်တောကြီးတွေ ပြုန်းခဲ့ကြပြီး ရာသီဥတုဘေးတွေ မကြာခဏဖြစ်ပေါ်နေတယ်။ ကျွန်တော်တို့ဆီမှာလည်း နာဂစ်ကနေစလို့ သဘာဝဘေးကို မကြာခဏကြုံလာခဲ့ကြရပြီ။ သစ်တောပြုန်းတီးမှုနဲ့ ဂေဟစနစ်ပျက်ယွင်းလာမှုတွေဟာ အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှုကို တွန်းအားဖြစ်စေခဲ့ပါတယ်။ ကိုယ့်အလုပ်ရုံ၊ စက်ရုံဝန်းကျင် စိမ်းလန်းစိုပြည်ရေးကနေ တစ်နိုင်ငံလုံး သဘာဝဘေးပြန်လည်ကုစားရေးအတွက် အများကြီးလုပ်ဆောင်ကြဖို့ လိုအပ်နေတယ်။ အစိမ်းရောင်စီးပွားရေး(green economy)ကို ဒီအချိန်မှာ မကူးပြောင်းရင်မဖြစ်တော့ဘူး”ဟု ဦးဝင်းနိုင်က ဆက်လက်ပြောကြားသည်။

တိုးတက်ဖွံ့ဖြိုးလာသည့် ၂၀ ရာစုနောက်ပိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် သဘာဝသယံဇာတများ ဆုံးရှုံးခဲ့ရပြီး သစ်တောပြုန်းတီးမှု၊ ဂေဟစနစ်များ ပျက်ယွင်းမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များဖြစ်သည့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု၊ ခါတ်သတ္တုများကြောင့် ကုန်းနေ၊ ရေနေသတ္တဝါများအတွက် ဂေဟစနစ်ပြောင်းလဲခြင်း၏ အန္တရာယ်များ ကြုံတွေ့နေမှုနှင့် လူသားတို့၏ ကျန်းမာရေးထိခိုက်ချို့ယွင်းလာမှုတို့ကို ရင်ဆိုင်နေကြရသည်။

မြန်မာနိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲနေရသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ရေရှည်တည်တံ့သည့် Rio+2 ကြေညာချက်များနှင့်အညီ ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် စီးပွားရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြင့်မားရေး၊ သစ်တောများ၊ ဇီဝမျိုးစုံနှင့် မျိုးကွဲများ၊ ရေသယံဇာတနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ စိုက်ပျိုးမွေးမြူရေး၊ သစ်တောများနှင့် မြေအသုံးချမှု စနစ်တကျဖြစ်စေရေး၊ သဘာဝသယံဇာတများ ထုတ်ယူရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းပါးဆုံးဖြစ်လာရေး၊ ရေရှည်တည်တံ့သည့် အစိမ်းရောင်မြို့ကြီးများဖြစ်လာရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် ကြိုးပမ်းသည့် နိုင်ငံတစ်ခု ဖြစ်လာခဲ့ပြီ။

အခြေခိုင်စ မြန်မာ့စီးပွားရေးအသိုက်အမြုံအတွင်းသို့ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများက ရောက်ရှိလာကာ အစိမ်းရောင်စီးပွားရေးအသိုက်အဝန်းများကို မည်သို့မည်ပုံလုပ်ဆောင်မည်ဖြစ်ကြောင်း အပြိုင်အဆိုင်ကြေညာမောင်းခတ်ကာ ရောက်ရှိလာကြသကဲ့သို့ ပြည်တွင်းလုပ်ငန်းရှင်များကလည်း မိမိတို့၏လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ၏ မောင်းနှင်မှုပုံစံကို ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်သယံဇာတများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ထွက်ရှိထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီစွာ စတင်လုပ်ဆောင်နေကြပြီဖြစ်ကြောင်းနှင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုသည်သာ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အခြေခံကောင်းများဖြစ်ခြင်းကို ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ်အပါအဝင် ညီနောင်အသင်းများ၏ တာဝန်ရှိသူများက တညီတညွတ်တည်း ပြောကြားသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြို့တော် ပေကျင်းရှိ ပန်းသီးကုမ္ပဏီ၏ အရောင်းပြခန်းတစ်ခုကို တွေ့ရစဉ်။

“ဖွံ့ဖြိုးတိုးတက်မှုကိုသာ ရှေးရှုခဲ့ရလို့ သဘာဝသယံဇာတတွေပျက်စီးနေခဲ့ရပြီ။ ယနေ့ကမ္ဘာပေါ်က သဘာဝသယံဇာတတွေကို စတင်ထိန်းသိမ်းပြီး သစ်တောတွေကို ပြန်လည်စိုက်ပျိုးခဲ့မယ်၊ ဒါမှမဟုတ် ထိခိုက်စေမယ့်အရာတွေ လုံးဝရပ်တန့်မယ်ဆိုရင်တောင် နောင်နှစ် ၇၀ ကျော်တဲ့အထိ သဘာဝဘေးအန္တရာယ်တွေကို ကုစားဖို့ မလုံလောက်ပါဘူး”ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်သူ ဒေါက်တာမျိုးကြွယ်က ပြောကြားသည်။

ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များသည် လူသားတို့ မဆင်မခြင်လုပ်ဆောင်နေသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကြောင့် အများဆုံးဖြစ်ပေါ်နေခြင်းဖြစ်ကာ သဘာဝသယံဇာတနှင့် လူမှုစီးပွားအခြေအနေများ ထာဝရဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာ ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတိုင်း၏ မူဝါဒချမှတ်သူများ၊ ဥပဒေရေးဆွဲ အကောင်အထည်ဖော်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးတို့က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာကျင့်ဝတ်များကို လိုက်နာလေးစားရန် လိုအပ်ကြောင်း ဒေါက်တာမျိုးကြွယ်က ဆက်လက်ပြောကြားသည်။

ထို့ပြင် ၂၀၁၄ ခုနှစ်က နေပြည်တော်တွင် ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အာဆီယံအစိမ်းရောင်စီးပွားရေးဌာနကို ဖွင့်လှစ်ထူထောင်ကာ ဒေသတွင်းစီးပွားရေးလုပ်ငန်းများအတွက် အကူအညီများပေးအပ်ခြင်း၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လျက် ဒေသတွင်း ပတ်ဝန်းကျင်ဆိုင်ရာ၊ ရာသီဥတုနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ရေးနှင့် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ဖြင့် အစိမ်းရောင်စီးပွားရေးစနစ်ကို ထူထောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သိရှိရသည်။

“လုပ်ငန်းတိုင်းက အလုပ်စတင်လုပ်ကိုင်ဖို့ တင်ပြလာကတည်းက ပတ်ဝန်းကျင်ဆန်းစစ်မှု အစီရင်ခံစာကို အရင်ဆုံးတင်သွင်းရပါတယ်။ အလုပ်ရုံတိုင်း၊ စက်ရုံတိုင်းဟာ မိမိရဲ့ပတ်ဝန်းကျင်ကို ထိခိုက်ဆုံးရှုံးတာမျိုး မဖြစ်စေရသလို မိမိစက်ရုံအလုပ်ရုံဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ လေထု၊ ရေထုနဲ့ မြေထုညစ်ညမ်းမှုကို အကောင်းဆုံးလျှော့ချတဲ့နည်းလမ်းတွေကို တင်ပြရတာရှိပါတယ်။ အခုအချိန်မှာ အရင်က လက်ကျန်လုပ်ငန်းတွေက ပတ်ဝန်းကျင်ဆန်းစစ်မှု အားနည်းနေသေးပေမယ့် အခုနောက်ပိုင်း ပေါ်ထွက်လာတဲ့ လုပ်ငန်းတိုင်းဟာ ဒေသခံတွေရဲ့ အကျိုးစီးပွား၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်တွေ၊ မြစ်ချောင်း၊ အင်းအိုင်တွေ၊ သက်ရှိကုန်းနေ၊ ရေနေသတ္တဝါတွေကို ထိခိုက်မှုအနည်းဆုံးနည်းလမ်းတွေနဲ့ ကုစားကြပြီး ပြန်လည်ကုစားရေးအစီအစဉ်တွေမှာလည်း နိုင်ငံတကာလုပ်ငန်းတွေနည်းတူ ကြိုးစားဆောင်ရွက်လာကြတယ်” ဟု စက်ရုံအလုပ်ရုံများနှင့် သီလဝါအထူးစီးပွားရေးဇုန်၏ သဘာဝပတ်ဝန်းကျင် ဆန်းစစ်မှုနှင့် လိုအပ်ချက်ဆောင်ရွက်ချက်များကို လုပ်ဆောင်ပေးနေသည့် E-Guard Environmental Services မှ တာဝန်ရှိသူတစ်ဦးက သီလဝါအထူးစီးပွားရေးဇုန် သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှုဆိုင်ရာ ပြည်သူလူထုနှင့် တွေ့ဆုံရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားသည်။

ထောင်စုနှစ်အစီရင်ခံစာအရ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လုပ်မှုသည် ၁၀ နှစ်အတွင်း ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်နေရပြီး နှစ်စဉ်သစ်တောဧက သန်းနှင့်ချီကာ ဆုံးရှုံးနေရသည့်အပြင် မျိုးရင်းမျိုးစိတ်များမှာလည်း မျိုးသုဉ်းလာကာ ရေသယံဇာတသည်လည်း ပိုမိုရှားပါးလာခဲ့သည်။

သို့သော် မြန်မာနိုင်ငံတွင် ပြန်လည်ကုစားရေးအတွက် အစိမ်းရောင်စံပြဗဟိုဌာနကို ဖွင့်လှစ်ကာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်း ရာသီဥတုပြောင်းလဲမှုနှင့် စီးပွားရေးဆိုင်ရာ ဆက်စပ်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ကောင်းမွန်သည့် အလေ့အကျင့်များ ပိုမိုကျယ်ပြန့်လာစေရေးအတွက် မူဝါဒများချမှတ်ရေး၊ မဟာဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ရေးနှင့် ကျွမ်းကျင်၍ အစိမ်းရောင်စီးပွားရေးအသိုက်အဝန်းကို အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်ရေးတို့အတွက် အာဆီယံအစိမ်းရောင်စီးပွားရေးဌာနမှ တွန်းအားပေးဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

**ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များသည် လူသားတို့ မဆင်မခြင်လုပ်ဆောင်နေသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကြောင့် အများဆုံးဖြစ်ပေါ်နေခြင်းဖြစ်ကာ သဘာဝသယံဇာတနှင့် လူမှုစီးပွားအခြေအနေများ ထာဝရဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာ ရရှိနိုင်မည်**



“စီးပွားရေးလုပ်ငန်းတိုင်း သဘာဝပတ်ဝန်းကျင်ဆန်းစစ်လေ့လာမှုအတွက် ကနဦးဆောင်ရွက်ချက်၊ လုပ်ငန်းလည်ပတ်နေချိန် စဉ်ဆက်မပြတ် ဆောင်ရွက်ချက်တွေလုပ်ဖို့လိုသလို နိုင်ငံတော်ကလည်း လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့နဲ့ နည်းပညာအကူအညီတွေ ပေးနိုင်မယ်ဆိုရင် အကောင်းဆုံးပဲ” ဟု ဦးခင်မောင်ဝင်းက ပြောကြားသည်။

သဘာဝသယံဇာတများကို အကန့်အသတ်မဲ့ ထုတ်ယူခြင်း၏ အကျိုးဆက်ကို မြန်မာနိုင်ငံတွင်လည်း စတင်ခံစားနေရပြီဖြစ်ကာ ပြန်လည်ကုစားရေးနှင့် စနစ်တကျစီမံခန့်ခွဲခြင်းတို့ကို *စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

လုပ်ဆောင်ရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်းကိုလည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းသော ရေရရှိရေးနှင့် စီမံခန့်ခွဲရေးပညာရှင် Myanmar Water Engineering မှ မန်နေဂျင်း ဒါရိုက်တာ ဦးခင်မောင်ဝင်းက ပြောကြားသည်။

သဘာဝသယံဇာတများကို တူးဖော်မှုတွင် Extractive Industries Transparency Initiative အဖွဲ့ဝင်လောင်းအဖြစ် မြန်မာနိုင်ငံကို ယမန်နှစ်ကတည်းက အသိအမှတ်ပြုလက်ခံထားပြီးဖြစ်ခြင်းကြောင့် သဘာဝသယံဇာတများ တူးဖော်ခြင်းများတွင် နိုင်ငံတကာ ကျင့်ဝတ်စည်းကမ်းများနှင့် အညီသာ လုပ်ဆောင်ရတော့မည်ဖြစ်ကြောင်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်တွင် နိုင်ငံတော်သမ္မတကလည်း ပြောကြားထားခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေအချိုးအစားကို ကြည့်မည်ဆိုပါက Demographic Window ဟုခေါ်သည့် အလုပ်လုပ်ကိုင်နိုင်စွမ်းရှိသည့် လူဦးရေအချိုးအစားမှာ ပိုမိုများပြားနေခြင်းသည် အခွင့်ကောင်းတစ်ရပ်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ကာ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ကြိုးစားတည်ဆောက်ကြရန် လိုအပ်ကြောင်း နိုင်ငံတော်သမ္မတက အဆိုပါဖိုရမ်တွင် ထည့်သွင်းပြောကြားသွားခဲ့ကြောင်း သိရသည်။

"သစ်တောတွေ အရင်အတိုင်း စိမ်းလန်းဖို့အတွက် ကျွန်တော်တို့ နှစ်တွေအကြာကြီး ပြန်စောင့်ရဦးမယ်။ သို့သော် ထိုင်ပြီးစောင့်နေလို့တော့ မရပါဘူး။ ပြန်လည်ကုစားမှုတွေကို လူသားတိုင်းလုပ်ဆောင်မှသာ အစိမ်းရောင်မြေကမ္ဘာ သာယာလှပလာမယ်"ဟု ဦးဝင်းနိုင်က သစ်ထုတ်လုပ်မှုနှင့် ပတ်သက်သည့် သူ့လုပ်ဆောင်ချက်များအတွက် ပြန်လည်ကုစားနေသည့် အစီအစဉ်များကို အားတက်သရော ဆက်လက်ပြောပြသည်။

**(မြန်မာ့အလင်း)**

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်



## တာဝတိံသာဘုရားဆင်း မဟာပုဒ္ဓဝင်ပွဲတော်ခြိမ့်ခြိမ့်သဲစည်ကား

**ပုသိမ် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃)နယ်မြေ တာဝတိံသာမဟာစေတီ ဗိမာန်တော်ကြီး၌ ဝါလကင်းလွတ် သီတင်းကျွတ်ပွဲတော်ကို အောက်တိုဘာ၂၃ ရက် သီတင်းကျွတ်လဆန်း ၁၀ ရက်က စတင်၍ အဘိဓမ္မာ(၇)ကျမ်း အသံမစဲရွတ်ဖတ်ပူဇော်ခဲ့ပြီး အောက်တိုဘာ ၂၉ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) ညနေဆည်းဆာအချိန်တွင် တာဝတိံသာဘုရားဆင်းမဟာပုဒ္ဓဝင်အခမ်းအနား ကျင်းပပူဇော်ရာ အမြို့မြို့အနယ်နယ်မှဘုရားဖူးများနှင့် ခြိမ့်ခြိမ့်သဲ စည်ကားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

## ရွှေတိဂုံစေတီသို့ သီတင်းကျွတ်လပြည့်နေ့ တစ်ရက်တည်း နိုင်ငံခြားသား ၁၆၀၀ ကျော် ဖူးမြော်ကြည်ညို

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ (အောက်တိုဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့) တစ်ရက်တည်းတွင် နိုင်ငံခြားသား ၁၆၀၅ ဦးရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

ရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြသော နိုင်ငံခြားသားများတွင် ထိုင်းနိုင်ငံသား ၂၁၅ ဦး၊ ပြင်သစ် ၁၄၈ ဦး၊ ဂျာမနီ ၁၂၆ ဦး၊ ကိုရီးယား ၁၁၅ ဦး၊ အမေရိကန် ၁၁၂ ဦး၊ တရုတ် ၉၄ ဦး အပါအဝင် ပြည်ပနိုင်ငံပေါင်း ၂၀ မှ နိုင်ငံခြားသား စုစုပေါင်း ၁၆၀၅ ဦးရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြပြီး ၎င်းတို့ထံမှ ဧည့်ဝင်ကြေးအဖြစ် ငွေကျပ် ၁၂၈၄၀၀၀၀ အလှူခံရရှိခဲ့သည်။

"ကျွန်တော့် ထိုင်းဧည့်သည်မိသားစုက မနေ့က (သီတင်းကျွတ်လပြည့်နေ့) ညနေပိုင်းက လာရောက်ဖူးမြော်ကြတယ်။ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ပထမဦးဆုံးအကြိမ်ကျင်းပတဲ့ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ကြိုဆိုဖူးမြော်ကြည်ညိုတဲ့ မီးမြင်းမိုရ်ပွဲကိုသိချင်၊ ကြည့်ချင်တယ်ဆိုတာရယ်၊ ဗုဒ္ဓဘာသာဝင်တို့ရဲ့ အဘိဓမ္မာအခါ တော်နေ့ အခမ်းအနားကျင်းပတာတွေကို တွေ့မြင်ချင်လို့၊ သိချင်လို့ဆိုတာရယ်ကြောင့် လာရောက်ကြတာဖြစ်တယ်။ မှတ်တမ်းဓာတ်ပုံတွေ အများကြီးရိုက်ပြီးပါပြီ။ အခု ဒီနေ့မနက်(သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)မှာ ရွှေတိဂုံ စေတီတော်ပရိဝုဏ်မှာရှိတဲ့ သာသနိကအဆောက်အအုံတွေကို ဓာတ်ပုံမှတ်တမ်းတင်ချင်လို့ ထပ်ပြီးလာ ရောက်တာပါ။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ယုံကြည်ကိုးကွယ်မှုတွေနဲ့အတူ ပြည်သူကြီးငယ်အားလုံး အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနေကြတာကို တွေ့ရလို့ အလွန်ဝမ်းသာအံ့သြပြောမဆုံးပါ" ဟု အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ရွှေတိဂုံကုန်းတော်ပေါ်၌ တွေ့ခဲ့ရသည့် ဧည့်လမ်းညွှန်တစ်ဦးက ပြောပြသည်။

**ကိုချစ်**

## (၁၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ရမည်းသင်းမြို့တွင်း အပူဇော်ခံ

**ရမည်းသင်း အောက်တိုဘာ ၂၉**

ရမည်းသင်းမြို့၏ ကျက်သရေဆောင် ရန်အောင်မြင်ဘုရားဂေါပကက ကြီးမှူး၍ (၁၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့ပေါ်ရပ်ကွက်များသို့ အပူဇော်ခံလှည့်လည်ပွဲကို သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၂၈ ရက်) ညနေ ၄ နာရီကစတင်ကာ ရန်အောင်မြင်ဘုရားရှေ့မှ စတင်ကြွရောက်သည်။




နှစ်ကျိပ်ရှစ်ဆူ ဘုရားများ မြို့ပေါ်ရပ်ကွက်များသို့ ကြွနိုင်ရေးအတွက် တစ်ပတ်အလိုတွင် မဲနှိုက်ကြရပြီး မိမိတို့ရရှိသော ဘုရားများကို ရုံးဌာနများ၊ အသင်းအဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ ပုဂ္ဂလိကအလှူရှင်များ၊ ခရိုင်/မြို့နယ်စခန်း၊ ရဲတပ်ဖွဲ့နှင့် ရဲသင်တန်းကျောင်း၊ ငါးရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဘော်ဒါကျောင်းစသည်တို့က ဘုရားဒါယကာများအဖြစ်ခံယူပြီး ကားတစ်စီးစီအလိုက် ကားများပေါ်၌ ပင့်ဆောင်ကာ သပ္ပာယ်အောင်ပြင်ဆင်ကြပြီး မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံကြွရောက်ကြကြောင်း သိရသည်။

**ညွန့်ရွှေ(ရမည်းသင်း)**

## ကြီးမားသောနို့တိုက်သတ္တဝါများ ကွယ်ပျောက်တိမ်ကောသွားခြင်းသည် ဂေဟစနစ်ဖြစ်ထွန်းမှုကို ပျက်ပြားစေကြောင်း သိပ္ပံပညာရှင်များတွေ့ရှိ

**ဒေါက်တာ သာစိန်**

ရေခဲခေတ်နှောင်းအကုန်မှစ၍ယနေ့အထိ ကြီးမားသော ကုန်းနေ၊ ရေနေနို့တိုက်သတ္တဝါများ ကွယ်ပျောက်တိမ်ကောသွားခြင်း သို့မဟုတ် အရေအတွက်လျော့ကျသွားခြင်းသည် ဂေဟစနစ်၏ ဖြစ်ထွန်းမှုကို ထိခိုက်ပျက်ပြားစေကြောင်း မကြာသေးမီက လေ့လာဆန်းစစ်မှုတစ်ရပ်အရ သိရသည်။

လေ့လာဆန်းစစ်မှုတွင်ပါဝင်သော သုတေသီများက ဝေလငါး၊ ဆင်၊ အမာဒီလို (လက်တင်အမေရိက၌ တွေ့ရသော သင်းခွေချပ်ကဲ့သို့ အကြေးခွံမာများပါရှိပြီး အန္တရာယ်ရှိက ခွေလုံးနေတတ်သော သတ္တဝါ)၊ မြေပြင်နေ မျောက်မောင်းမ၊ ကြံ့၊ ပင်လယ်ပျော်ငှက်များနှင့် ဆာမွန်ငါးကဲ့သို့သော တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ကျက်စားသည့်ငါးများမှာ ပင်လယ်ပြင်အပါအဝင် ၎င်းတို့နေထိုင်ကျက်စားရာ ဒေသများတွင် ၎င်းတို့စွန့်ထုတ်သောကျင်ကြီးကျင်ငယ်များနှင့် ၎င်းတို့သေဆုံးပြီးနောက် ပုပ်သိုးသွားခဲ့သောခန္ဓာကိုယ်များမှ ဖြစ်ပေါ်လာသည့် အာဟာရဓာတ် များ ဖြန့်ကြက်လိုက်ခြင်းဖြင့် ကမ္ဘာပေါ်ရှိ အပင်များဖြစ်ထွန်းမှုနှင့်သတ္တဝါများမျိုးပွားမှုကို အဓိကအထောက်အကူပြုကြောင်း တွေ့ရှိခဲ့ကြသည်ဟုဆိုသည်။

ယင်းကုန်းနေ၊ ရေနေသတ္တဝါများသည် ခရီးရှည်နှင်ကာ ဖော့စဖရတ်(မီးစုန်းဓာတ်)နှင့် နိုက်ထရိုဂျင်ကဲ့သို့သော အာဟာရဓာတ်များကို ဝေးလံခေါင်ဖျားသော ဂေဟစနစ်များသို့ ပို့ဆောင်ပေးခြင်းဖြင့် ၎င်းတို့၏မျိုးပွားမှုကို မြင့်တက်စေကြောင်း၊ သို့သော် ၎င်းတို့၏ဂေဟစနစ်များသို့ အာဟာရပေးပို့နိုင်သည့် စွမ်းအားမှာ ယခင်ကနှင့်နှိုင်းယှဉ်ပါက ခြောက်ရာခိုင်နှုန်းသာရှိတော့ကြောင်း သိရသည်။

လွန်ခဲ့သော နှစ် ၁၀၀၀၀ ခန့်က လူပယောဂနှင့်ရာသီဥတုပြောင်းလဲမှုကြောင့် ကြီးမားသော နို့တိုက်သတ္တဝါမျိုးစိတ် ၁၅၀ မှာ ကွယ်ပျောက်တိမ်ကောသွားခဲ့ကြောင်း၊ ဆင်မျိုးစိတ် ၁၆ မျိုး၊ ကြံ့မျိုးစိတ်ကိုးမျိုးနှင့် မျောက်မောင်းမ မျိုးစိတ် ရှစ်မျိုး အပါအဝင် ရေခဲခေတ်ကာလ၌ တွေ့ရှိခဲ့ရသော အသားမစားကုန်းနေ နို့တိုက်သတ္တဝါမျိုးစိတ် ၄၈ မျိုးအနက် မျိုးစိတ် ကိုးမျိုးသာ ကျန်ရှိတော့ကြောင်း လေ့လာဆန်းစစ်မှုတွင်ပါဝင်သော အောက်စဖို့ဒ်တက္ကသိုလ်မှ ဂေဟဗေဒပညာရှင် ခရစ္စတိုဖာဒေါက်တီက ဆိုသည်။

ဝေလငါးအရေအတွက် ၉၀ ရာခိုင်နှုန်းအထိ လျော့ကျစေခဲ့သော စီးပွားဖြစ်ဝေလငါး ဖမ်းဆီးမှုမတိုင်မီက ဝေလငါးနှင့် အခြားသော ရေနေနို့တိုက်သတ္တဝါများမှာ ပေါင်သန်း ၇၅၀ (တန် ၃၄၀၀၀၀)အလေးချိန်ရှိ ဖော့စဖရတ် (မီးစုန်းဓာတ်)များကို မီတာ ၁၀၀ အနက်ရှိ နေရောင်ရ ပင်လယ်ပြင်သို့ ထုတ်လွှတ်ဖြန့်ကြက်ပေးနိုင်ခဲ့သော်လည်း ယခုအခါ ၎င်းတို့ဖြန့်ကြက်နိုင်သော မီးစုန်းဓာတ်ပမာဏမှာ ၂၃ ရာခိုင်နှုန်းသာရှိတော့ကြောင်း၊ ဧရာမဝေလငါးများသည် အစာစားရန် ရေနက်ပိုင်းသို့ငုပ်ဆင်းပြီး အသက်ရှူရန်နှင့် အစာချေဖျက်ရန်ရေမျက်နှာပြင်သို့ ရောက်ရှိစဉ် ကျင်ကြီးစွန့်သဖြင့် နိုက်ထရိုဂျင်နှင့်ဖော့စဖရတ် (မီးစုန်းဓာတ်)ကဲ့သို့သော အရေးကြီးသည့် အာဟာရဓာတ်များကို ထုတ်ပေးကြောင်း၊ ယင်းအာဟာရဓာတ်များက ရေညှိများ၊ ငါးများနှင့် ကျောရိုးမဲ့သတ္တဝါများ၏ ကြီးထွားမှုကို အထောက်အကူပြုကြောင်း သိရသည်။

ဖော်ပြပါတွေ့ရှိချက်များကို National Academy of Sciences ၏ အစီရင်ခံစာများတွင် ရေးသားဖော်ပြထားသည်ဟု သိရသည်။

**(ရိုက်တာ)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အုပ်ရှစ်ကွင်းကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ တာဝန်ရှိသူများက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငပုတောမြို့ရှိ ရွှေမြင်တင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ရေယာဉ်ဖြင့် အုပ်ရှစ်ကွင်းကျေးရွာသို့ ရောက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ငပုတောမြို့တစ်ဖက်ကမ်း အုပ်ရှစ်ကွင်း ကျေးရွာမှ ပုသိမ်-မော်တင်လမ်းမိုင်တိုင်အမှတ် ၃၈ သို့ ဆက်သွယ်သည့် အရှည်(၁၂)မိုင်ရှိ အုပ်ရှစ်ကွင်း-သဇင်ကွင်း-ပုသိမ်-မော်တင် ကျောက်ချောလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။


ယင်းနောက် နိုင်ငံတော်သမ္မတသည် အုပ်ရှစ်ကွင်းကျေးရွာ၌ လာရောက်ကြိုဆိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ငပုတောမြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားနှင့် ဆက်သွယ်ရေးကဏ္ဍများ၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ နိုင်ငံတော်အစိုးရအနေဖြင့် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများနှင့် ရရှိခဲ့သည့် အောင်မြင်မှုရလဒ်များကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ အနေဖြင့်လည်း မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်များကို ပညာတတ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်နှင့် မိမိတို့ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ရလဒ်ကောင်းများကို ဆက်လက်ရှင်သန်တိုးတက်စေရေး နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီဖြင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**“ ရရှိပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ရလဒ်ကောင်းများကို ဆက်လက်ရှင်သန်တိုးတက်စေရေး နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီဖြင့် လက်တွဲ ပူးပေါင်းဆောင်ရွက် ”**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အုပ်ရှစ်ကွင်း-သဇင်ကွင်း-ပုသိမ်-မော်တင် ကျေးလက်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ငပုတောမြို့ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ဦးအုန်းမြင့်-facebook)



ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြကျွန်းသာအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်၌ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ငပုတောမြို့ရှိ ရွှေမြင်တင်ဘုရား၌ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ တည်ဆောက်ရေးလုပ်ငန်းများ လှည့်လည်စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများ၏ ခွင့်ပြုကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုများကို ကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် Yangon Aerodrome Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား သွားရောက် စစ်ဆေးကြည့်ရှုကြသည်။

ရှေးဦးစွာ Yangon Aerodrome Co., Ltd. ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က လေဆိပ်အဆောက်အအုံသစ်အတွင်း Check-in Check-out ဆောင်ရွက်မည့် နေရာများစီစဉ်ထားရှိမှု၊ လေဆိပ်တွင် Traffic Management အစီအစဉ်များကို လည်းကောင်း၊ တိုးချဲ့ဆောက်လုပ်မည့် Terminal များနှင့် Cargo Terminal များ နေရာချထားမည့် အစီအစဉ်များကို လည်းကောင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုထားသော စီမံကိန်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေဆိပ်လုပ်ငန်းများ စီမံခန့်ခွဲဆောင်ရွက်မှု၊ လွှဲပြောင်းဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင်အသီးသီးက လိုအပ်သည့် အကြံပြုချက်များ၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စများအား ရှင်းလင်းဆွေးနွေးပြီးနောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌက လေဆိပ် ဘေးကင်းလုံခြုံမှုအစီအစဉ်များ တိုးမြှင့်စီမံထားရှိရန်၊ လေဆိပ်တွင် ကောက်ခံမည့် ဝန်ဆောင်ခများကို သင့်တင့်သောနှုန်းထားများဖြင့်သာ ကောက်ခံရန်၊ လေဆိပ်သစ်အတွက် လိုအပ်သောဝန်ဆောင်မှုများနှင့်အတူ တိုးမြှင့်လာမည့် ဝန်ထမ်းများ၊ အလုပ်သမားများအတွက် နေရာထိုင်ခင်းများ စီမံထားရှိပေးရန်၊ လေဆိပ်အဆင့်မြှင့်တင်ရေး လုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်၍ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းအား ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်၊ မျှော်မှန်းခရီးသည်များ ပြည့်မီလာစေရေးအတွက် သက်ဆိုင်ရာဌာနမှ လိုအပ်မည့် မူဝါဒများရေးဆွဲပြီး အလေးထားစီမံဆောင်ရွက်ပေးရန်၊ လေဆိပ်လုပ်ငန်းများနှင့်အတူ တစ်ပါတည်းဆောင်ရွက်ပေးရန် လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှု အစီအစဉ်များ ဆက်လက်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ မှာကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်းရှိ Daewoo Amara Company Limited မှ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသော Daewoo Amara Hotel ဖက်စပ်လုပ်ငန်း၏ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးရာ ကုမ္ပဏီ စီမံကိန်းဒါရိုက်တာနှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စီမံကိန်းအား သတ်မှတ်ကာလအပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းခွင်နှင့် ဆက်စပ်တည်ရှိနေသော အင်းလျားကန်အား ပတ်ဝန်းကျင်စိမ်းလန်းသာယာရေး၊ သန့်ရှင်းသပ်ရပ်ရေးကို လူမှုစီးပွားအထောက်အကူပြု လုပ်ငန်းရပ်အနေဖြင့် အလေးထားဆောင်ရွက်ပေးရန်၊ ရန်ကုန်မြို့နေလူထု၏ နေထိုင်မှု၊ သွားလာမှုများအပေါ် စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုကြောင့် ထိခိုက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လဲချားမြို့၌ သီတင်းကျွတ်လပြည့်ည စည်ကား

**လဲချား အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့၌ ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ည၌ လဲချားမြို့ မဟာပေါရာဏစေတီတော်၊ မဟာမြတ်မုနိဘုရားကြီးနှင့် မြသီတာနီးဘုရားတို့တွင် ဘုရားဖူးလာပရိသတ်များက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းကြပြီး အေးအေးချမ်းချမ်း ကုသိုလ်ယူကြသဖြင့် လပြည့်ညသည် အထူးစည်ကားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## ရဲတပ်ဖွဲ့ဝင်များ ကြိုတင်မဲပေးနေမှုကို ဥရောပသမဂ္ဂရွေးကောက်ပွဲလေ့လာရေးအဖွဲ့မှ လာရောက်လေ့လာ

**ပင်းတယ အောက်တိုဘာ ၂၉**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ အောက်တိုဘာ ၂၉ ရက်တွင် ဆူးဗိုလ်ကုန်းရပ်ကွက် မဲရုံ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ ကြိုတင်မဲပေးနေမှု အခြေအနေများကို ဥရောပသမဂ္ဂ ရွေးကောက်ပွဲလေ့လာရေးအဖွဲ့မှ Renata EHRMANN နှင့် Alin Valentin DRAGAN တို့ လာရောက်လေ့လာကြည့်ရှုကြရာ ဥရောပသမဂ္ဂရွေးကောက်ပွဲ လေ့လာရေးအဖွဲ့သည် ဒေသရွေးကောက်ပွဲကော်မရှင်ရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးများ ဖွင့်လှစ်ထားရှိမှုအခြေအနေများကို ကြည့်ရှုခဲ့ကြပြီး ဒေသရွေးကောက်ပွဲကော်မရှင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့တို့သည် မြို့ပေါ်(၁၂)ရပ်ကွက်အတွင်းရှိ မဲရုံများသို့လည်း လိုက်လံကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

(မိုး/ဇလ)

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေးပထမနေ့စတင်



အစိုးရနှင့် အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားအဖွဲ့အစည်း ရှစ်ဖွဲ့ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ "Joint Monitoring Committee" (JMC) ပထမနေ့ ဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုး အဖွင့်နှုတ်ခွန်းဆက် ပြောကြားစဉ်။

ရန်ကုန် အောက်တိုဘာ ၂၉

**အစိုးရနှင့် အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားအဖွဲ့အစည်း ရှစ်ဖွဲ့ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ "Joint Monitoring Committee" (JMC) ပထမနေ့ ဆွေးနွေးပွဲကို ယနေ့စတင်ကျင်းပသည်။**

အဆိုပါ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့တို့ အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် "Nationwide Ceasefire Agreement" (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က နေပြည်တော်၌ လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲအပြီး အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းမှ ၁၇ ရက်အထိ နေပြည်တော်၌ ပင်တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး "Joint Implementation Coordination Meeting" (JICM) ကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းညှိနှိုင်းအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ "Joint Monitoring Committee" (JMC) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ "Union Peace Dialogue Joint Committee" (UPDJC) တို့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ယနေ့ ကျင်းပသည့် JMC အစည်းအဝေးပထမနေ့ အဖွင့်နှုတ်ခွန်းဆက်စကားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့ ကျင်းပသည့် အစည်းအဝေးသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ၏ ဖွဲ့စည်းပုံ၊ နှစ်ဖက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်း (COC) များကို အဓိကထား ဆွေးနွေးပြီးဖြစ်ကြောင်း၊ နှစ်ဖက် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို နှစ်ဖက်အဖွဲ့အစည်းများက အကြမ်းအားဖြင့် ရေးဆွဲထားပြီးဖြစ်သောကြောင့် JMC တွင် COC ကို အဆင်ပြေစွာ ရေးဆွဲနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အစိုးရ၏ မူဝါဒသည် NCA ကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် JMC အတွက် လုပ်ငန်းစဉ်များ ချမှတ်ပြီး စတင်အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ JMC အကောင်အထည်ဖော်မှုကြောင့် အောက်ခြေ၌ ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကို လျှော့ချသွားနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ်များ ကိုယ်စား ကရင်အမျိုးသားအစည်းအရုံး (KNU) မှ စောအိုင်းဇက်က "အစိုးရအဖွဲ့နဲ့ အပစ်အခတ်ရပ်စဲခဲ့တဲ့ တိုင်းရင်းသား ရှစ်ဖွဲ့ကနေ JMC ကို အဓိကတာဝန်ယူရမယ့်အချိန် ဖြစ်ပါတယ်။ အောက်ခြေမှာ တိုက်ပွဲတွေမဖြစ်ဘဲ နည်းပါးသွားအောင်၊ တစ်ဖက်မှာလည်း တိုက်ပွဲတွေ မဖြစ်လာအောင် ကြိုတင်တားဆီးဖို့နဲ့ ဖြစ်လာခဲ့ရင်လည်း အချိန်မီတားဆီးနိုင်အောင် JMC ကို ဖွဲ့စည်းရခြင်း ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့အလုပ်အဖွဲ့ဖြစ်နေတဲ့ နိုင်ငံရေး မူဘောင် ဖော်ဆောင်ရေးနဲ့ နိုင်ငံရေးဆွေးနွေးပွဲ စတင်နိုင်ဖို့ လုပ်ဆောင်နေတဲ့ အဖွဲ့တွေအတွက် အနှောင့်အယှက် မဖြစ်အောင် JICM မှာ အဓိက တာဝန်ရှိနေပါတယ်။ JICM အောင်မြင်မှုကနေ နိုင်ငံရေးဆွေးနွေးပွဲကို တက်လှမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီကို တက်လှမ်းသွားနိုင်ဖို့ ကြိုးစားသွားရမယ်လို့ ထင်ပါတယ်။ NCA ထိုးပြီးတဲ့ အချိန်ကစပြီး ၁၄ ရက်အတွင်းမှာ သူ့အချိန်ဇယားအတိုင်းကို သွားနေတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ "Joint Monitoring Committee" (JMC)တွင် အစိုးရဘက်မှ ကိုယ်စားလှယ် ၁၀ ဦးနှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကိုယ်စားလှယ် ၁၀ ဦး စီပါဝင်သည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ကို ဖွဲ့စည်းရာတွင် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ဒေသန္တရ အဆင့်ဟူ၍ ဖွဲ့စည်းသွားမည်ဖြစ်သည်။ ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုအဆင့် JMC ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို အဓိကထားဆွေးနွေးခဲ့ကြသည်။



အစိုးရနှင့် အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားအဖွဲ့အစည်း ရှစ်ဖွဲ့ပါဝင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ "Joint Monitoring Committee" (JMC) ပထမနေ့ ဆွေးနွေးပွဲကျင်းပရာ တက်ရောက်လာကြသူများ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(ဓာတ်ပုံ - MPC)

အစည်းအဝေးကို အောက်တိုဘာ ၃၀ နှင့် ၃၁ ရက်များတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ အစည်းအဝေးသို့ အစိုးရဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ၊ ဗိုလ်ချုပ် ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်မင်းနောင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ဗိုလ်မှူးကြီး ဝဏ္ဏအောင်၊ MPC မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ အစီအစဉ် ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၊ ဥပဒေအကြံပေး ဒေါက်တာဆလိုင်း ငွန်ကျုံးလျန်နှင့် တွဲဖက်အစီအစဉ် ညွှန်ကြားရေးမှူး ဦးညိုအုန်းမြင့်တို့ တက်ရောက်ခဲ့ကြသည်။

တိုင်းရင်းသား ကိုယ်စားလှယ်များအဖြစ် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ စောအိုင်းဇက်နှင့် ပဒိုစောတာဒိုမူး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် -ငြိမ်းချမ်းရေးကောင်စီ (KNLA-PC)မှ စောနေစိုးမြ၊ ချင်းအမျိုးသားတပ်ဦး (CNF)မှ ဒေါက်တာ ရွှေခါး၏၊ ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသား တပ်မတော် (DKBA)မှ စောကျော်သန်းငွေ၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ (PNLO)မှ ခွန်အောင်မန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဆလိုင်းယောအောင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ ခိုင်မျိုးချစ်၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)မှ ဆောင်းဟန်နှင့် စိုင်းလျန်းအပါအဝင် အလုပ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) ပထမနေ့ အစည်းအဝေး ခေတ္တရပ်နားချိန်တွင် မြန်မာ့သတင်းစဉ်က အစည်းအဝေးတက်ရောက်လာကြသူများအား JMCနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်။

သတင်းနှင့် အင်တာဗျူး
မြတ်သန္တာမောင်
ဓာတ်ပုံ - အငယ်လေး

**စောတာဒိုမူး**
**(ဗဟိုအလုပ်အမှုဆောင်ကော်မတီ)**
**ကရင်အမျိုးသားအစည်းအရုံး (KNU)**



**မေး ။ ဒီနေ့ ဆွေးနွေးပွဲမှာ ဘယ်လို အကြောင်းအရာ တွေကို အဓိကထား ဆွေးနွေးခဲ့ပါသလဲ။**

ဖြေ ။ NCA စာချုပ်မှာ ၁၄ ရက် မြောက်မှာ တပ်ပိုင်းဆိုင်ရာ ကိစ္စတွေနဲ့ JMC ကို အကောင်အထည်ဖော်ဖို့ဆိုတာပါတယ်။ ဒါကို အကောင်အထည်ဖော်တဲ့အနေနဲ့ ဒီနေ့ ဆွေးနွေးတာလည်း ပါပါတယ်။ နေပြည်တော်မှာ JICM ဆိုတဲ့ အစည်းအဝေးကနေ တိုင်းရင်းသားဘက်က ၁၀ ဦးနဲ့ နိုင်ငံတော်အစိုးရဘက်က ၁၀ ဦးဆိုပြီး ကော်မတီ တစ်ခုဖွဲ့ထားတယ်။ တကယ်တော့ အဲ့ဒီကော်မတီက (JMCU) ပါ။ ဒီမှာ နှစ်ဖက်က လက်ခံတဲ့ပုဂ္ဂိုလ်တွေဆိုပြီး အဓိကကတော့ အရပ်သားတွေ ထပ်ထည့်ပေါင်းဖို့ရှိတယ်။ နောက် JMC နဲ့ပတ်သက်တဲ့ဖွဲ့စည်းပုံနဲ့ လုပ်ငန်းဆောင်တာတွေကိုလည်း ဆွေးနွေးဖို့ရှိမယ်။ JMC ရဲ့ ပြည်ထောင်စုအဆင့်မှာရှိရမယ့် ဖွဲ့စည်းပုံတစ်ခုကို ဒီမနက်ဆွေးနွေးမှုမှာ ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ မှ

**မေး ။ ဒါဆိုရင် နှစ်ဖက်လက်ခံတဲ့ ပုဂ္ဂိုလ်တွေကို ဘယ်နှဦးရွေးချယ်မလဲ။ ဘယ်သူတွေကို ရွေးချယ်မလဲ။**

ဖြေ ။ လောလောဆယ် ကတော့ ပြီးခဲ့တဲ့ JICM အစည်းအဝေးထဲမှာ ကျွန်တော်တို့ တစ်ဖက်က ကိုယ်စားလှယ်သုံးဦးစီ ရွေးချယ်ဖို့ဆိုတာမျိုး အခြေခံပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ သုံးဦးစီဆိုတော့ ကျွန်တော်တို့ဘက်ကတော့ နည်းများ နည်းမလား။ ဒါကို ပြန်ပြီး ညှိနှိုင်းဆွေးနွေးဖို့ သဘောထားရှိတယ်။ ပြည်သူတွေဘက်ကလည်း ပိုမိုပါဝင်လိုတဲ့ သဘောထားရှိတယ်။ အပစ်အခတ်ရပ်စဲရေးကလည်း ပြည်သူတွေပါဝင်ခြင်း အားဖြင့် ပိုမိုတည်တံ့ခိုင်မြဲမယ်လို့ ကျွန်တော်တို့မြင်တယ်။ ဒါ့ကြောင့် လူဦးရေ အတိအကျကိုတော့ ပြန်လည်ဆွေးနွေးဖို့ရှိပါမယ်။ ရွေးချယ်မှာကတော့ ဂုဏ်သရေရှိဖြစ်မယ်။ ဘက်မလိုက်ဘဲနဲ့ မှားရင်မှားတယ်၊ မှန်ရင်မှန်တယ် ပြောဆိုရဲတဲ့ ပုဂ္ဂိုလ်လည်းဖြစ်ရမယ်။ နိုင်ငံအပေါ်၊ သူရဲ့ community ထဲမှာ credit ကောင်းကောင်းတွေ ရထားတဲ့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်ဖို့လိုပါတယ်။ အများလေးစားတဲ့ ပုဂ္ဂိုလ်ဆိုတဲ့ ဟာမျိုး ပါပါလိမ့်မယ်။

**ခွန်ဆေကျိုင်ယင် (အကြံပေး)**
**ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)**



**မေး ။ JIC ကို ဘယ်လိုပုံစံနဲ့ ဖွဲ့စည်းထားသလဲ။ ဒီနေ့ဆွေးနွေးပွဲမှာ ဘာအကြောင်းအရာတွေကို အဓိကထားပြီး ဆွေးနွေးကြမှာပါလဲ။**

ဖြေ ။ JICM မှာ ကျွန်တော်က အကြံပေးတစ်ဦးဖြစ်ပါတယ်။ ဒီနေ့မနက်ပိုင်းကတော့ JMC ရဲ့ ဖွဲ့စည်းပုံကိုပဲ အဓိကထားပြီး ဆွေးနွေးပါတယ်။ ဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့်ပါမယ်။ JMC ကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့် ဆိုပြီးရှိမယ်။ လောလောဆယ်မှာ ပြည်ထောင်စုအဆင့်မှာပဲ ရှိပါသေးတယ်။ ပူးတွဲစောင့်ကြည့်ရေးကော်မတီဆိုတော့ အဓိကလုပ်ငန်းကို လုပ်ရမှာက အတွင်းရေးမှူးတို့၊ တွဲဖက်အတွင်းရေးမှူးတို့ဖြစ်တဲ့အတွက် ဒီနေ့ဆွေးနွေးရာမှာ ဘယ်နှယောက်ထားမလဲ။ ဘယ်တာဝန်ပေးမလဲ စသည်ဖြင့် ဆွေးနွေးခဲ့တယ်။ လောလောဆယ်ဖွဲ့ထားတာက အစိုးရဘက်က ၁၀ ဦးနဲ့ တိုင်းရင်းသားဘက်က ၁၀ ဦးပါ။ ဘယ်သူက ဥက္ကဋ္ဌဖြစ်မယ်၊ ဘယ်သူကဒုတိယဥက္ကဋ္ဌ ဖြစ်မယ်ဆိုတာတော့ မရွေးရသေးပါဘူး။ မနက်ဖြန်မှာတော့ သိကောင်း သိနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

**မေး ။ NCA စာချုပ်အပေါ်မှာ ဘယ်လောက်ယုံကြည်ချက်ရှိပါသလဲ။**

ဖြေ ။ ဒီနေ့ ဆွေးနွေးပွဲမှာ တပ်မတော်ဘက်က အခုလောလောဆယ်မှာ အတတ်နိုင်ဆုံး ထိန်းသိမ်းသွားမယ် လိုက်နာသွားမယ်လို့ပြောတယ်။ TOR (Terms of Reference) လို့ခေါ်တဲ့ အပစ်ရပ်ဖို့ ပူးတွဲကော်မတီကို ဖွဲ့ရာမှာ ဘယ်လို စနစ်နဲ့ဖွဲ့မလဲ။ ဘယ်လိုစည်းမျဉ်းတွေနဲ့ ဖွဲ့မလဲဆိုတာ မပြီးသေးဘူး။ နောက်ပြီးတော့ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်တွေမှာ တစ်ဖက်နဲ့တစ်ဖက် တပ်တွေ ဘယ်လို ဆက်ဆံရေးတည်ဆောက်ကြမလဲ။ လူထုကို ဘယ်လိုဆက်ဆံကြမလဲဆိုတာ မပြီးသေးတော့ လောလောဆယ်မှာ လုံးဝဥဿုံစိတ်ချရတဲ့အနေအထားတော့ မဟုတ်သေးဘူး။ ဒါပေမယ့် JMC တွေ အဆင့်ဆင့်ဖွဲ့ပြီးရင်၊ လိုက်နာရမယ့် စည်းမျဉ်းတွေ ချမှတ်ပြီးရင်၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်တွေလည်း သတ်မှတ်ပြီးရင်တော့ လူထုအခြေပြုအဖွဲ့အစည်းတွေလည်း ပါဝင်လာမယ်။ နိုင်ငံတကာ လေ့လာသူတွေနဲ့ နည်းပညာအထောက်အကူပြုသူတွေပါ ပါဝင်လာချိန်မှာတော့ ၇၅ ရာခိုင်နှုန်းလောက် စိတ်ချလာရမယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ ပြုလုပ်ပြီး နှစ်ဖက်သဘောတူညီနိုင်တဲ့ ရလဒ်ရပြီဆိုရင်တော့ ၁၀၀ ရာခိုင်နှုန်း စိတ်ချနိုင်မယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**ဦးလှမောင်ရွှေ**

**မေး ။ JMC အစည်းအဝေးဟာ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို အကောင်အထည်ဖော်ရာမှာ ဘယ်လိုအထောက်အကူပြုပါသလဲ။ ဒီအစည်းဝေးတွေဟာ ဘယ်လောက်အရေး ပါပါသလဲ။**

ဖြေ ။ JMC ဟာ အရေးကြီးပါတယ်။ ရှေ့မှာလာမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကို သွားတဲ့ ကာလတစ်လျှောက်လုံးမှာ လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းတွေနဲ့ ပဋိပက္ခတွေကိုလျှော့ချဖို့နဲ့ နောက်ဆုံးမှာ ရပ်ဆိုင်းဖို့အတွက် အသေးစိတ် ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားတွေ၊ နောက်ဒီ JMC မှာ အရပ်သား ခြောက်ယောက် ပါပါတယ်။ နောင်မှာ တိုင်းရင်းသားတွေဘက်က အဆိုပြုတဲ့ သုံးဦး၊ အစိုးရဘက်ကသုံးဦးနဲ့ ၂၆ ဦး ပါဝင်တဲ့ကော်မတီ ပြည်ထောင်စုအဆင့်မှာ ဖြစ်လာပါလိမ့်မယ်။ ဒါကို JMCU လို့ခေါ်မယ်။ ဒါပြီးရင် ပဋိပက္ခရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ JMCS ဆိုပြီး ဆက်ဖွဲ့မယ်။ ဒီလို တိတိကျကျ ဆောင်ရွက်ရမယ့် တာဝန်၊ ရုံးအဖွဲ့၊ အလုပ်အဖွဲ့တွေကို ဒီနေ့စပြီးတော့ ဆွေးနွေးတာပါ။

JMC မှာ နှစ်ဖက်အဖွဲ့ဝင်တွေ လိုက်နာရမယ့် ကျင့်ဝတ်တွေလည်း ပါဝင်မှာ ဖြစ်တဲ့အတွက် JMC ဟာ ရှေ့ကိုသွားမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက်ကို အများကြီး အထောက်အကူပြုမယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။ ပြည်ထောင်စုဘက်မှ တပ်မတော်က အဓိကတာဝန်ယူမယ်။ ကျန်တဲ့သူတွေက ပံ့ပိုးပေးမယ့် အနေအထားပါ။ တိုင်းရင်းသားတွေဘက်မှာလည်း တပ်ပိုင်းတာဝန်ယူတဲ့သူတွေက အဓိက ပါမှာပါပဲ။

# ရွှေကျင်မီးမျှောပူဇော်ပွဲ မိုးထဲလေထဲဆင်နွှဲ



**ရွှေကျင် အောက်တိုဘာ ၂၉**

ရှေးရိုးအစဉ်အလာမပျက် ကျင်းပလာခဲ့သည်မှာ (၁၆၄)နှစ်မြောက်ခဲ့ပြီဖြစ်သော ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့ သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်နှင့် ရေပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပခဲ့ရာ **(အပေါ်ပုံ)**ယခင်နှစ်များနှင့်မတူဘဲ ပွဲတော်ချိန်ကာလအတွင်း မိုးရွာသွန်းမှုများရှိခဲ့သည်။

ရွှေကျင်မြို့၏ (၁၆၄) နှစ်မြောက် သီတင်းကျွတ်မီးမျှောပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှ စတင်၍ ရှင်ဥပဂုတ္တမထေရ်မြတ် ကိန်းဝပ်စံပယ်တော်မူသည့် ကရဝိက်ဖောင်တော်ကို လှော်ကားတော်ကြီးလှေဦးဆောင်၍ မင်္ဂလာစည်တော်ကြီးဖောင်၊ တေးဂီတဖောင်တို့က ပင့်ဆောင်ပူဇော်ခြင်း၊ ရေပွဲအခမ်းအနား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ဗဟိုမဏ္ဍပ်ရှေ့၌ စည်တော်ရေယာဉ်၊ တေးဂီတရေယာဉ်ဖောင်၊ လှော်ကားတော်ကြီး၊ ဖျော်ဖြေခြင်း၊ အကဲဖြတ်မဏ္ဍပ်၌ ပြိုင်ပွဲဝင် တက်ခုတ်၊ တက်ပျံ၊ ယိမ်းအဖွဲ့များ ယှဉ်ပြိုင်ခြင်း၊ မဏ္ဍပ်၌ ဖျော်ဖြေခြင်းများကို တစ်နေ့တာလုံး ရွှေကျင်ချောင်းအတွင်း ဖျော်ဖြေခဲ့ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ယိမ်းအကအဖွဲ့များကိုလည်း ဆုချီးမြှင့်ခြင်းအစီအစဉ်များပြုလုပ်ခဲ့သည်။

ယခုနှစ်ပွဲတော်တွင် ညနေ ၃ နာရီခွဲခန့်မှစ၍ မမျှော်လင့်ဘဲ လေနှင့်မိုးများ နာရီဝက်ခန့် သည်းထန်ခဲ့မှုကြောင့် ယိမ်းအဖွဲ့ ဖျော်ဖြေရေးအလှပြရေယာဉ်အချို့နှင့် တက်ခုတ်၊ တက်ပျံပြိုင်ပွဲဝင် အလှရေယာဉ်အချို့တို့ လေနှင့်မိုးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ပွဲတော်သို့ ကမ်းလုံးပြည့်လျှံ လာရောက်ကြည့်ရှုသူ ပရိသတ်များ၊ ရွှေကျင်ချောင်း ရေပြင်တစ်ကြောစက်လှေများဖြင့် လိုက်လံအားပေးသူများ၊ ဖျော်ဖြေရေးအလှပြ ရေယာဉ်များမှာ လှိုင်းနှင့် မိုးဒဏ်ကြောင့် ခေတ္တရပ်နားခဲ့သော်လည်း မိုးတိတ်ချိန်အထိ စောင့်ဆိုင်း အားပေးကြသလို အနယ်နယ်အရပ်ရပ်မှ မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်တို့ဖြင့် လာရောက်ကြသူများမှာလည်း ဝင်လာမစဲ တသဲသဲဖြင့် မီးမျှောပွဲတော်ကြီးကို ရှေးယဉ်ကျေးမှု အစဉ်အလာမပျက် စည်ကားစွာ ကျင်းပခဲ့သည်။

**သတင်း-ပိန်းဇလုပ်သိန်းညွန့်၊ ကိုကိုနေ၊ ဓာတ်ပုံ-ရာမည**

# ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဒေသစာရီလှည့်လည်ပူဇော်

**ပျဉ်းမနား အောက်တိုဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ယနေ့ ညနေ ၃ နာရီခွဲက နှစ်စဉ်ကျင်းပလျက်ရှိသော (၉၇) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ပွဲကျင်းပသည်။

အခမ်းအနားတွင် ဒေသစာရီ ကြွချီလှည့်လည်ပူဇော်ခံမည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို အသင်းအလိုက် ပင့်ဆောင်သည့် မော်တော်ယာဉ်များ နေရာယူကြကာ အသင်းအလိုက် မြို့အတွင်းသို့ လှည့်လည်အပူဇော်ခံ ထွက်ခွာသည်။ ယင်းအသင်းလိုက် ဘုရားကားများအား အမှတ်ပေး၍ ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် ၂၅ သိန်း၊ တတိယဆု ငွေကျပ်သိန်း ၂၀ စသည်ဖြင့် ဆုများချီးမြှင့်သွားမည်။ လှည့်လည်ကြွချီအပူဇော်ခံသော ဘုရား မော်တော်ယာဉ်များသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ဒေသခံပြည်သူများက လှူဖွယ်ပစ္စည်းအစုစုကို လောင်းလှူကြသဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ လွန်စွာစည်ကားခဲ့သည်။ လာရောက်ကြည့်ရှုလှူဒါန်းသူတစ်ဦးက ယခုကဲ့သို့ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံခြင်းသည် ရှေးယခင်အဆက်ဆက်က နှစ်စဉ်မပျက် ပြုလုပ်ခဲ့သော ဓလေ့ဖြစ်ပြီး တစ်မြို့လုံးအလေးထားသောပူဇော်ပွဲတစ်ခုဖြစ်ကြောင်း၊ ထိုဓလေ့အစဉ်အလာကိုလည်း မိမိတို့ မြို့သူမြို့သားများအနေဖြင့် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး နောင်လူငယ်များကိုလည်း ဆက်လက်အမွေအနှစ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၄၃ လက်မ၊ ရေးမြို့တွင် ၀ ဒသမ ၃၉ လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၀ ဒသမ ၁၆ လက်မတို့ဖြစ်ကြသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

# သမိုင်းလမ်းဆုံ မီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၉**

ယနေ့ညနေ ၆ နာရီခွဲခန့်တွင် မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ကောင်းကြိုက် ဒံပေါက်ဆိုင်ရှေ့၌ ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသားတစ်ဦးသေဆုံးပြီး ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်အင်းစိန်လမ်းကြီးအတိုင်း မောင်းနှင်လာသော 2C/---(၁၂၄) အထူးခရီးသည်တင်ယာဉ်သည် သမိုင်းလမ်းဆုံမှတ်တိုင်အနီး ကောင်းကြိုက်ဒံပေါက်ဆိုင်ရှေ့အရောက် အငှားယာဉ်၊ ကိုယ်ပိုင် ယာဉ်ငယ်ခြောက်စီးနှင့် လမ်းလျှောက်သွားပြည်သူ ကိုးဦးတို့အား အရှိန်ဖြင့်ဝင်ရောက်တိုက်မိပြီး 2I/---- ကြိုပို့ယာဉ်မှာ လမ်းပေါ် တိမ်းမှောက်ခဲ့သည်။ ယာဉ်နှင့် တိုက်မှုကြောင့် လမ်းလျှောက်ခရီးသွား အမျိုးသားတစ်ဦး နေရာတွင်ပင် သေဆုံးပြီး ကျန်အမျိုးသားငါးဦး၊ အမျိုးသမီးသုံးဦး အင်းစိန်ဆေးရုံ၌ အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**





# နိုင်ငံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများရေးဆွဲခြင်းနှင့် မူဝါဒများချမှတ်ရာတွင် ဝန်ကြီးဌာနများအကြား သတင်းအချက်အလက် စီးဆင်းမှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး အရေးပါလိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့က ကြီးမှူးပြီး ဂျပန်နိုင်ငံ Center of the International Cooperation for Computerization - CICC ဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော National Spatial Data Infrastructure - NSDI စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီ ပထမအကြိမ်အစည်းအဝေးကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry ဝန်ကြီးဌာနတို့ပူးတွဲ၍ ကျင်းပပြီးစီးခဲ့သော NSDI စီမံကိန်းဆိုင်ရာ Promotion Seminar တွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ချမှတ်ရေးဆွဲအကောင်အထည်ဖော်ရာတွင် NSDI စနစ်၏ အရေးပါပုံများကို ဆွေးနွေးတင်ပြနိုင်ခဲ့ပါကြောင်း၊ National Spatial Data Infrastructure - NSDI ဦးစီးကော်မတီအနေဖြင့် သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ NSDI စနစ်ကို စီမံခန့်ခွဲကြီးကြပ်နိုင်ရေးသည် အလွန်အရေးပါသည့်အတွက် NSDI စီမံကိန်း၏ နောက်ထပ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ တိုးတက်စေရန်အတွက် ယနေ့ပြုလုပ်သော အစည်းအဝေးမှ များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့အပြင် NSDI ဆပ်ကော်မတီများ ဖွဲ့စည်းနိုင်ရေးနှင့် အသေးစိတ်အစီအစဉ်များအပြင် NSDI စီမံကိန်းတွင် ပါဝင်လာမည့် နည်းပညာအကြံပေးအဖွဲ့အား မိတ်ဆက်ပေးခြင်းနှင့် ၎င်းတို့၏ကဏ္ဍကို ဆွေးနွေးသွားမည်ဖြစ်သည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများရေးဆွဲခြင်းနှင့် မူဝါဒများ ချမှတ်ရာ၌ ဝန်ကြီးဌာနများအကြား သတင်းအချက်အလက် စီးဆင်းမှု၊ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် အထူးအရေးပါ လိုအပ်လျက်ရှိပါကြောင်းနှင့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပါဝင်ပူးပေါင်းဆွေးနွေးသွားကြရန် ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် လျှပ်စစ်ဆက်သွယ်ရေးဌာနခွဲ၊ စီးပွားရေးနှင့် သတင်းအချက်အလက် မူဝါဒဗျူရို၊ Assistant Director Mr. Yutaka Endow က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး တက်ရောက်လာကြသော အဖွဲ့အစည်းမှ တာဝန်ရှိသူများက မြန်မာ NSDI စနစ်နှင့် ပတ်သက်သော အချက်အလက်များ၊ အခြေခံမူဝါဒများ ချမှတ်နိုင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စာတမ်းများဖတ်ကြား၍ ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Japan Space Imaging Corporation - JSI မှ CEO ဖြစ်သူ Mr. Makoto Higashi နှင့် အဖွဲ့အား အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လက်ခံတွေ့ဆုံရာ မြန်မာနိုင်ငံ၌ Earth Observation ဆိုင်ရာ ဂြိုဟ်တုစနစ်တစ်ခု တည်ထောင်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ Axel Space၊ Hitachi နှင့် Japan Space Imaging ကုမ္ပဏီသုံးခု ပူးပေါင်း၍ ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ အသေးစိတ်အဆိုပြုလွှာ (Project Proposal) တင်သွင်းရေးကိစ္စနှင့် ဂြိုဟ်တုစနစ် တည်ထောင်ရေးအတွက် ဂျပန်အစိုးရက တရားဝင်ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့များရရှိနိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# Thailand Week 2015 ထိုင်းကုန်စည်ပြပွဲဖွင့်

**မန္တလေး အောက်တိုဘာ ၂၉**

Thailand Week 2015 ထိုင်းကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဒိုင်းမွန်းပလာဇာငါးလွှာ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ထိုင်းနိုင်ငံသံရုံးမှ သံမှူးကြီး Minister Mr. Chainarong Keratiyutwong နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းတို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ ထိုင်းနိုင်ငံသံရုံးမှ သံမှူးကြီး Minister Mr.Chainarong Keratiyutwong၊ ထိုင်းနိုင်ငံစီးပွားရေးသံရုံးမှ Minister Counsellor Mr. Pakainay Leng EE နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကာ ခင်းကျင်းပြသထားသော ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။




အဆိုပါ ထိုင်းကုန်စည်ပြပွဲတွင် ထိုင်းထိပ်တန်းစီးပွားရေးလုပ်ငန်းရှင် ကုမ္ပဏီပေါင်း ၁၁၄ ခုမှ စားသောက်ကုန်နှင့် အဖျော်ယမကာ၊ အလှကုန်၊ အိမ်သုံးပစ္စည်း၊ အထည်အလိပ်၊ ဦးထုပ်အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းများ၊ မိကျောင်းရေဖြင့် ပြုလုပ်ထားသော ပိုက်ဆံအိတ်၊ ခါးပတ်အရောင်းပြခန်းများ အစရှိသည့် ဆိုင်ခန်းပေါင်း ၁၂၈ ခန်းဖြင့် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သမဝါယမအသင်းသားများသို့ လယ်ယာသုံးစက်ကိရိယာ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထား

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် သမဝါယမကဏ္ဍအနေဖြင့် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း (Hire Purchase System) လုပ်ငန်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ စက်တင်ဘာ ၃၀ ရက်အထိ သမဝါယမအသင်းသားပေါင်း ၃၇၆၂၀၈၃ ဦးဖြင့် ပါဝင်ဖွဲ့စည်းထားသော သမဝါယမအသင်း ၃၇၃၈၃ သင်းတို့သည် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာနအဆင့်ဆင့်တွင် မှတ်ပုံတင်ထားကြသည်။

အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဆောင်ရွက်နိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (EXIM Bank)ထံမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူပြီး ဆောင်ရွက်လျက်ရှိရာ အသင်းသားများ၏ အစုစုဆောင်းငွေများ၊ အသင်းပိုင်ငွေနှင့် EXIM Bank ချေးငွေအပါအဝင် ၃၀၇ မြို့နယ်၊ သမဝါယမအသင်း ၃၄၉၁၃ သင်းရှိ သမဝါယမအသင်းသား ၃၁၅၈၅၁၂ ဦးသို့ ချေးငွေပေါင်း ၄၃၇၅၃၈ ဒသမ ၈၀၃ ကျပ်သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။ ထို့အပြင် လယ်ယာသုံး၊ လုပ်ငန်းသုံး၊ ရေလုပ်ငန်းသုံး စက်ကိရိယာ စုစုပေါင်း ၃၃၁၄၈၆ စီး တန်ဖိုးငွေ စုစုပေါင်းငွေကျပ် ၁၂၆၁၁၅ ဒသမ ၄၇၇၆ သန်းကို အသင်းသား ၄၁၃၉၇ ဦးသို့ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး အစည်းအဝေး ကျင်းပ

**ပုသိမ် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးအစည်းအဝေးကျင်းပရာ တိုင်းဒေသကြီးရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့်စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌက လုံခြုံရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ခရိုင်ရဲတပ်ဖွဲ့မှူးများက မြို့နယ်/ဒေသအလိုက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြကာ ခရိုင်အုပ်ချုပ်ရေးမှူးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

# သဘာဝဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ်

**ဟားခါး အောက်တိုဘာ ၂၉**

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များထံမှ သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ ငွေများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က ဟားခါးမြို့ မိခင်နှင့်ကလေးအသင်းရုံး၌ ကျင်းပသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာ၌ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်လှတို့က သဘာဝဘေးသင့် အိမ်ထောင်စုဝင် ၂၀ တို့အား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# အောက်တိုဘာ ၂၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၀၆၀၀ မှ ၅၀၀၀၀ |
| ၂ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဆန်စပါးကုန်စည်ဒိုင်ဘုရင့်နောင် | ၁၉၅၀၀ မှ ၂၁၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၂၅၀၀၀ |
| ၇ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၅၀ မှ ၂၁၀၀ |
| ၈ | ကြက်သွန်နီ | ဆိပ်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၅၀ မှ ၂၅၉၀ |
| ၉ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၅၆၅ မှ ၂၆၀၀ |
| ၁၀ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၀၀ မှ ၃၂၅၀ |
| ၁၁ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၇၀ မှ ၁၀၀၀ |
| ၁၂ | ကျွဲကောသီး | တိုက်ကြီး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၀၀ မှ ၇၀၀ |
| ၁၃ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀၀ မှ ၁၁၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

ပန်းဘဲတန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်ဦးစီးသည့် အဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၆ ရက်က ရွေးကောက်ပွဲကော်မရှင်အတွက် သင်တန်းပို့ချနေသည့် အထူးရဲများအား HIV / AIDS ရောဂါပိုး ရှိ/ မရှိ စစ်ဆေးစဉ်။ မိုးမိုး



## ဆိုင်ကယ်နှင့်သုံးဘီးယာဉ်တိုက်မိ ရဲတပ်ကြပ်တစ်ဦးသေဆုံး

**နတ်မောက် အောက်တိုဘာ ၂၉**

နတ်မောက်မြို့နယ် နတ်မောက်-မြို့သစ်ကားလမ်းတွင် ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် မျက်နှာချင်းဆိုင် တိုက်မိခဲ့၍ ရဲတပ်ကြပ်တစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။


ဖြစ်စဉ်မှာ အောက်တိုဘာ ၂၅ ရက် ညနေက နတ်မောက်-မြို့သစ်ကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ နတ်မောက်မြို့မရဲစခန်းမှ ရဲအုပ် ဇော်မျိုးသက် သွားရောက်စစ်ဆေးခဲ့ရာ နတ်မောက်-မြို့သစ်ကားလမ်းအတိုင်း နတ်မောက်မြို့မရဲစခန်းမှ ရဲတပ်ကြပ်သန်းဌေးအောင်(၃၈ နှစ်)သည် နံပါတ်မပါ အနက်ရောင်ဆိုင်ကယ်ဖြင့် အစ်ကိုဝမ်းကွဲဖြစ်သူကို ကျားထူးကျေးရွာသို့ လိုက်ပို့ခဲ့ပြီး နတ်မောက်မြို့မရဲစခန်းသို့ ပြန်လာစဉ် ပစ်တိုင်းထောင်ပွဲရုံရှေ့အရောက် ဘုန်းတော်ပြည့်ရွာ နတ်မောက်မြို့နယ်နေသူ အောင်မြင့်မြတ်မောင်းနှင်သော အဝါရောင်သုံးဘီးဆိုင်ကယ်သည် တစ်ဖက်ယာဉ်ကြောအတွင်းသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှုဝင်ရောက်တိုက်မိရာ ရဲတပ်ကြပ်သန်းဌေးအောင်တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သုံးဘီးယာဉ်မောင်း အောင်မြင့်မြတ်အား နတ်မောက်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## လက်ပစ်ဗုံးအဟောင်းတစ်လုံးတွေ့ရှိ

**ကလော အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် အောင်ပန်းမြို့မင်္ဂလာရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းလမ်း ဘဲလေးကန်နားတွင် အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီခွဲခန့်က ကိုတင်အောင်မြင့်သည်လမ်းလျှောက်လာစဉ် ဘဲလေးကန်အစပ်မြေများဖို့ထားသောကန်ပေါင်ပေါ်မှ သံချေးတက်ပြီး မြေမှုန့်များ ကပ်နေသော ဘီအေ၃၆ လက်ပစ်ဗုံးဟောင်းတစ်လုံး(စနက်တံမပါ)ကို တွေ့ရှိပြီး အောင်ပန်းနယ်မြေရဲစခန်းသို့ သွားရောက်အပ်နှံခဲ့သည်။



အောင်ပန်းနယ်မြေရဲစခန်းက အဆိုပါလက်ပစ်ဗုံးဟောင်းကို ဖျက်ဆီးနိုင်ရေး စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းအမှတ်(၂)တပ်ခွဲနှင့်ဆက်သွယ်၍ ယင်းလက်ပစ်ဗုံးဟောင်းကို အန္တရာယ်ကင်းသည့်နေရာ၌ သဲအိတ်၊ ရော်ဘာကွင်းတို့ဖြင့် စနစ်တကျကာရံပြီး ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပင်လယ်ပြင်၌ အငြိုးထားပြီး ဓားဖြင့်ထိုးသူ ရေထဲခုန်ချထွက်ပြေးတိမ်းရှောင်

**ရေး အောက်တိုဘာ ၂၉**

အောက်တိုဘာ၂၆ရက်နေ့ နံနက်၁နာရီခွဲက ရေးမြို့နယ် အနောက်ဘက် ကပ္ပလီပင်လယ်ပြင် ဝါးကျွန်းအနောက်ရေမိုင် ၃၀ ခန့်အကွာ ပင်လယ်ပြင်၌ ရေလုပ်ငန်းရှင် အဘော်ကျားတန်းနေ ဒေါ်သဲသဲ၏ကျားပိုက်ဖောင်၌ ဓားထိုးမှုဖြစ်ပွားပြီး ရေထဲခုန်ချ ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖောင်ဦးစီး လပြည့် (၃၁ နှစ်)၊ ကိုမျိုး (၃၈ နှစ်)၊ မြင့်အေး (၃၈ နှစ်)တို့ အလုပ်လုပ်ကိုင်နေကြစဉ် မြင့်အေးက ယခင်ကဖောင်ဦးစီးလပြည့်နှင့် ကိုမျိုးတို့ ဆဲဆိုရိုက်နှက်ထားသည်ကိုအငြိုးထား၍ အလစ်အငိုက်၌ လပြည့်နှင့် ကိုမျိုးတို့အား ဖောင်ပေါ်ရှိ ငါးခွဲဓားဝိုင်းဖြင့်ထိုးပြီး ရေထဲခုန်ချထွက်ပြေးသွားသည်။ ငါးပေါင်းဦးစီးချုပ် သိန်းအောင် အစင်ကျေးရွာနေသူက ကျားပိုက်ဖောင်အား လိုက်လံစစ်ဆေးရာ အောက်တိုဘာ ၂၆ ရက် နံနက် ၄ နာရီခွဲက ပင်လယ်ပြင်၌ တွေ့ရှိသဖြင့် စက်လှေဖြင့် တင်ဆောင်ကာ ရေးပြည်သူ့ဆေးရုံသို့ ညနေ ၅ နာရီ မိနစ် ၅၀ က ရောက်ရှိပြီး မော်လမြိုင်ပြည်သူ့ဆေးရုံသို့ ဆက်လက်တင်ပို့ခဲ့ရကြောင်း၊ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ ဓားဖြင့်ထိုးသူ မြင့်အေးအား ငါးပေါင်းဦးစီးချုပ် သိန်းအောင်က အမှုဖွင့်တိုင်တန်း ကာ ထွက်ပြေးတိမ်းရှောင်နေသူ မြင့်အေးအား အချိန်မီဖမ်းဆီးနိုင်ရေးအတွက် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ကျွန်းခွဲသားနှင့် အခြားသစ်များ ပိုင်ရှင်မဲ့ဖမ်းမိ

**ကျောက်တံခါး အောက်တိုဘာ ၂၉**

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးနှင့် သစ်တောများ မပြုန်းတီးစေရေးအတွက် တရားမဝင်သစ်ခိုးထုတ်သယ်ယူပို့ဆောင်နေသူများကို စစ်ကြောင်းများဖြင့် ရှာဖွေဖမ်းဆီးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်း၊ မင်းလှ၊ စိန်ကန့်လန့်လမ်းပိုင်းနှင့် ရဲနွယ်ဆည်တမံ ပတ်ဝန်းကျင်တို့၌ တရားမဝင်သစ်များ ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့သည်။



ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစောဂျင်မိနီနှင့် မြို့ချောင်းဘိနယ်တာဝန်ခံ တောအုပ်ကြီး ဦးကျော်ခင်တို့ဦးဆောင်ကာ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ တောင်ငူခရိုင်နှင့် မြို့နယ်အဆင့် သစ်တောဝန်ထမ်းစုစုပေါင်း ၂၉ ဦးအဖွဲ့က စစ်ကြောင်းများခွဲ၍ရှာဖွေရာ မြို့ချောင်း၊ မင်းလှ စိန်ကန့်လန့်လမ်းပိုင်းနှင့် ရဲနွယ်ဆည်တမံပတ်ဝန်းကျင်၌ ကျွန်းခွဲသား ၁၃၈ ချောင်း ၄ ဒသမ ၆၆၇၀ တန်၊ ပျဉ်းကတိုးခွဲသား ၃၆ ချောင်း ၁ ဒသမ ၉၇၉ တန်၊ ကညင်နှင့် အခြားအသား ၁၄၇ ချောင်း ၁၀ ဒသမ ၈၄၁၀ တန် စုစုပေါင်း ၁၇ ဒသမ ၄၉၁၅ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၁၃၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၈ ရက်က ဝါရှောင်ကျေးရွာဘက်မှ ဝိုင်းမော်မြို့ဘက်သို့ မမေရီဂျာခေါ်နန်မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက် ဘိန်းဖြူအလေးချိန် ၀ ဒသမ ၁၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ အောက်တိုဘာ ၂၆ ရက်က ဖားကန့်မြို့ မရှိကထောင်ရပ်ကွက် ရေအေးချောင်းရပ် အမှတ် (မထA-၆၂) ခြံဝင်းအတွင်း အခန်းငှားနေထိုင်သူ မတိန်းမျှော်၏အခန်းကိုရှာဖွေရာ ၎င်းနှင့်အတူ ဂျာတူးကို တွေ့ရှိရပြီး ၎င်းတို့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



ပြစ်မှုကျူးလွန်သူ မမေရီဂျာခေါ်နန်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကလေးငယ်တစ်ဦး ကားကြိတ်မိ၍ သေဆုံး

**တိုက်ကြီး အောက်တိုဘာ ၂၉**

တိုက်ကြီးမြို့ ဈေးရပ်ကွက် မြို့လယ်လမ်းတွင် ယနေ့နံနက် ၁၀ နာရီက တိုက်ကြီး- အဖျောက် ပြေးဆွဲနေသော ခရီးသည်တင် ဒိုင်နာယာဉ်အဖြူရောင် 8A/---- ခေတ္တရပ်နားထားစဉ် ယာဉ်ငယ်ရှေ့တွင် အသက် (၁၀ နှစ်) ခန့် ကလေးငယ်တစ်ဦးထိုင်နေရာ အဆိုပါဒိုင်နာယာဉ်မောင်း ဦးရှိန်ဝင်း (၅၂ နှစ်) အဖျောက်မြို့နေသူကစက်နှိုး၍ မောင်းနှင်လိုက်ရာ ယာဉ်၏ရှေ့ရှိ ထိုင်နေသော ကလေးငယ်အား ကြိတ်မိခဲ့၍ ကလေးငယ်မှာနေရာတွင်ပင် သေဆုံးပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးကာ တိုက်ကြီးရဲစခန်းသို့ ပို့ဆောင်၍ ဥပဒေအရ အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ဆိုလာပြားဖြင့် ဘက်ထရီအားသွင်းရာမှ မီးလောင်မှုဖြစ်

**အရာတော် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် နွားမသင်းအနောက်ကျေးရွာတွင် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၂၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်လှခင် (၆၅နှစ်)သည် ၎င်း၏အိမ်တွင် ဆိုလာပြားဖြင့် ဘက်ထရီအားသွင်းရာမှ အပူလွန်ကဲပြီးမီးလောင်မှုဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ် ၃၀ နှင့် ကျေးရွာနေ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း

### ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂အရ)
မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၃ နှင့် ဆက်သွယ်သည့်
၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၆

| | | |
|---|---|---|
| ဒေါ်တင်ရီ | နှင့် | ဦးဝင်းတင် |
| **တရားနိုင်** | | **တရားရှုံး** |

အထက်ပါအမှုမှ တရားရှုံးဖြစ်သည့် ဦးဝင်းတင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၃တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်၏အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၂ရက် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

---

### အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၁၆

| | | |
|---|---|---|
| ဦးခင်မောင်ဌေး | နှင့် | ၁။ ဦးမိုဟာမက် |
| | | ၂။ ဦးသန်းရွှေ |
| | | ၃။ ဦးလွင်မောင်မောင် |
| **လျှောက်ထားသူ** | | **အလျှောက်ခံရသူများ** |

အမှတ်-ပ/၁၆၊ သပြေကုန်းဈေးပွဲရုံတန်း၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိ)နေ ဦးလွင်မောင်မောင်သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူက ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်း-၅၄အရ စွဲကပ်ထားသည့် ဝရမ်းအား တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာပေးစေလိုမှု လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချမှတ်သင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ် နိုဝင်ဘာ ၁၃ ရက် (၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**


GOLDEN STAR ခရီးသွားလုပ်ငန်း
ဂျာမနီနိုင်ငံထုတ် MAN ကားသစ်ကြီးများဖြင့်...
ချောင်းသာ တစ်ခြေသို့ (1.11.2015) မှစ၍ နေ့စဉ်ပြေးဆွဲနေပါသည်
☆ကျိုက်ထီးရိုး(နေ့စဉ်) (သံဃာတော်/သီလရှင်အခမဲ့)
☆ငွေဆောင်(သောကြာ) ကားစီးလုံးငှားသည်။
Ph: 209200, 430480, 544383, 703448, 705968

သန်းဌေးနှင့်ဇေရာခင်းရှင်းများ မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
☆တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ (၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။ Nov 20.24
☆ပုဂံ၊ ပုပ္ပါး (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ(၄)ရက်၊ အားလုံးပါ (၇/၁၀)ရက်
☆ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ (၆)ရက်။
☆မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (ကျိုက်ထီးရိုး)၊ နွားလဘိုတောင် (၂/၃)ရက်။
☆ဘားအံဂူ(၅)ဂူ၊ ကျုံထော်ရေတံခွန်၊ ဇွဲကပင်တောင် (၂)ရက်။
☆ဖလွန်/နေပြည်တော်/ပြည်အကောက်တောင်၊ နဂါးရစ် (နေ့ချင်းပြန်) (စနေ/တနင်္ဂနွေ)
Nov 6, 13, 20, 24, 27 Dec 4, 11, 18, 24 (ကြိုတင်လက်မှတ်ရောင်းပြီ)
ပင်ရင်း၊ (၄၂)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်း Ph: 241863, 380141, 09-43043109, 09-73251422

# Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲ ပထမနေ့ ငွေဆောင်ကမ်းခြေတွင် စတင်ယှဉ်ပြိုင်

**ငွေဆောင် အောက်တိုဘာ ၂၉**

ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေရှိ ပင်လယ်ပြင်ရွက်လှေကလပ်တွင် ကျင်းပလျက်ရှိသည့် Myanmar Wave Rider Cup and KTA Race Open 2015 ရွက်လှေပြိုင်ပွဲများကို ပထမနေ့ပြိုင်ပွဲအဖြစ် ယနေ့နံနက်ပိုင်းတွင် စတင်ယှဉ်ပြိုင်ခဲ့သည်။

Myanmar Wave Rider Cup and KTA Race Open 2015 ပြိုင်ပွဲသည် ကလပ်ပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံ ငွေဆောင်ကမ်းခြေတွင် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ဖြစ်ပြီး Windsurfing ၊ Stand Up Paddle (SUP) နှင့် Kiteboarding အားကစားနည်းအမျိုးအစား သုံးမျိုးထည့်သွင်းယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲ၏ ပထမနေ့အဖြစ် Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲကို နံနက် ၉ နာရီတွင် စတင်ယှဉ်ပြိုင်ခဲ့သည်။ Stand Up Paddle (SUP) ပြိုင်ပွဲတွင် ၁၈နှစ်အောက်အငယ်တန်း(ကျား)ပြိုင်ပွဲ၊ ၁၈နှစ်အောက် အငယ်တန်း(မ) ပြိုင်ပွဲ၊ အမျိုးသမီးရိုးရိုးတန်းပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲဟူ၍ လေးမျိုးခွဲယှဉ်ပြိုင်ခဲ့ပြီး မြန်မာ၊ ထိုင်း၊ ဂျာမနီ၊ စင်ကာပူ၊ အမေရိကန်၊ ဖိလစ်ပိုင်နိုင်ငံတို့မှ အားကစားသမား ၄၈ ဦးအထိ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ Windsurfing ကလပ်ပြိုင်ပွဲတွင်မူ အားကစားသမား ခြောက်ဦးယှဉ်ပြိုင်ခဲ့ပြီး မြန်မာနှင့်စင်ကာပူနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၁၈ နှစ်အောက် အငယ်တန်း(ကျား)ပြိုင်ပွဲ Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ စင်ကာပူနိုင်ငံမှ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမနေ့အမှတ်ပေးဇယားတွင် မြန်မာနိုင်ငံက အမှတ်ပေးဇယား၏ ထိပ်ဆုံး၌ ဦးဆောင်ထားနိုင်ခဲ့သည်။ အမျိုးသမီးရိုးရိုးတန်းပြိုင်ပွဲတွင် ဂျာမနီ၊ ထိုင်းနှင့် အမေရိကန်နိုင်ငံတို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမှတ်ပေးဇယားတွင် ဂျာမနီက ဦးဆောင်ထားသည်။ အလွတ်တန်း(ကျား/မ) ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဂျာမနီနိုင်ငံတို့မှ အားကစားသမား ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းနိုင်ငံက ဦးဆောင်ထားနိုင်ခဲ့သည်။ ၁၈ နှစ်အောက် အငယ်တန်း(မ)ပြိုင်ပွဲတွင်မူ မြန်မာတစ်နိုင်ငံတည်းက အမျိုးသမီးငယ် ရှစ်ဦး ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။


ကျားအငယ်တန်း (SUP) ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။ (ဓာတ်ပုံ-သတင်းစဉ်)


ညနေပိုင်းငွေဆောင်ကမ်းခြေတွင် Kiteboarding ရွက်လှေကစားနည်း ယှဉ်ပြိုင်ရန် လေ့ကျင့်စဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

Windsurfing ကလပ်ပြိုင်ပွဲတွင် မြန်မာနှင့် စင်ကာပူနိုင်ငံတို့မှ ယနေ့ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ကြသည်။ ပထမနေ့ပြိုင်ပွဲအဖြစ် Stand Up Paddle (SUP) ကလပ်ပြိုင်ပွဲနှင့် Windsurfing ကလပ်ပြိုင်ပွဲ နှစ်မျိုးအား စတင်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယနေ့၊ တတိယနေ့ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ Kiteboarding ကလပ်ပြိုင်ပွဲမှာမူ အောက်တိုဘာ ၃၀ နှင့် ၃၁ ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်

**မော်လမြိုင် အောက်တိုဘာ ၂၉**

မွန်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲဖြစ်သော မော်လမြိုင်မြို့နယ်အသင်းနှင့် မုဒုံမြို့နယ်အသင်းတို့သည် ရေးမြို့မအားကစားကွင်း၌ အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီက အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

အကြိုဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားလျက်ရှိရာတွင် မော်လမြိုင်မြို့နယ်အသင်းက မုဒုံမြို့နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသဖြင့် မော်လမြိုင်မြို့နယ်အသင်းသည် လက်ရှိချန်ပီယံ အိမ်ရှင်ရေးမြို့နယ်အသင်းကို အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်တွင် ရေးမြို့နယ်အသင်းကို ၈၅ မိနစ်မှာ အနိုင်ဂိုးတစ်ဂိုးတည်းသာ ကျိုက်ထိုမြို့နယ် ဘောလုံးအသင်းက အနိုင်ယူသွား၍ လာမည့် ဝန်ကြီးချုပ်ဖလားဗိုလ်လုပွဲတွင် မော်လမြိုင်မြို့နယ်အသင်းနဲ့ ကျိုက်ထိုမြို့နယ် ဘောလုံးအသင်းတို့က အောက်တိုဘာ ၃၁ ရက်တွင် အဆိုပါဘောလုံးကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပရိသတ်များ၏ အကြိုက်တွေ့စေမည့် ပွဲကောင်းတစ်ပွဲဖြစ်သည်။



**နေမျိုးထွဋ်(ရေး)**

**ကပ်ပီတယ်ဝမ်းဖလား**
**အနိုင်အရှုံး**
**၂၉-၁၀-၂၀၁၅**

| | | |
|---|---|---|
| မန်စီးတီး | ၅-၁ | ပဲလေ့စ် |
| မန်ယူ | ၀-၀ | ဘိုရီ |

**(ပယ်နယ်တီအဆုံးအဖြတ် ၃-၁ ဘိုရီအနိုင်ရ)**

| | | |
|---|---|---|
| လီဗာပူး | ၁-၀ | ဘုန်းမောက် |
| ဆောက်သမ်တန် | ၂-၁ | ဗီလာ |

**စီးရီးအေ ပွဲစဉ်(၁၀)**
**အနိုင်အရှုံး**

| | | |
|---|---|---|
| အတ္တလန္တာ | ၂-၁ | လာဇီယို |
| အေစီမီလန် | ၁-၀ | ချီယေဗို |
| ရိုးမား | ၃-၁ | အူဒီးနိစ် |
| နာပိုလီ | ၂-၀ | ပါလာမို |
| ဗီရိုနာ | ၀-၂ | ဖီအို |
| တိုရီနို | ၃-၃ | ဂျီနိုအာ |
| ဆက်ဆူအိုလို | ၁-၀ | ဂျူဗီ |
| ဖရိုစီနိုနီ | ၂-၁ | ကာပီ |

**ကျေးဇူးဆပ်ပါမည်**
ယိုကိုဟားမား(၁)-၁၁၇၀၃-တွဲတွန်း/တွဲဆွဲရေယာဉ်၏ လုပ်ငန်းလိုင်စင်အပိုင်း(၂) ပန်းရောင်ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၃၁၈၉၂၇၈

**ပျောက်ဆုံးကြောင်း**
ဦးစိုးလှိုင်သန်း၏သမီး ကျွန်မ မမေမိုးဦး ၁၂/ဗဟန(နိုင်)၀၈၅၉၈၈၈၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၁၁၉၈၅၊၀၉-၉၇၁၆၀၉၁၉၀

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ထွန်းမြတ်ဦး၏ နိုင်ငံကူးလက်မှတ် MA-047390 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၂၇၄၇၂၂

**ဖခင်အမည်မှန်**
ဘားအံမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ နန်းကြည်ကြည်သန်း၏ ဖခင်အမည်မှန်မှာ စောအောင်လွင်ဖြစ်ပါသည်။
စောအောင်လွင် ၃/ဘအန(နိုင်)၀၇၆၉၉၆

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးကျယ်နီ ၁၀/သဖရ(နိုင်) ၀၉၄၀၃၉၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

**အမည်ပြောင်း**
ဦးဝင်းထွန်းဦး၏သား ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အထက မဒေါက်မြို့၊ အဌမတန်းမှ မောင်မြတ်ထွန်းအောင်အား မောင်မင်းနန္ဒကျော်နှင့် စတုတ္ထတန်းမှ မအိမ့်သရဖူထွန်းအား မအေလကၤာကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ဆေးဝါးများ၊ ဓာတ်မှန်ဖလင်နှင့် ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁၁-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)တွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)**
**ရန်ကုန်-ပြည်လမ်း၊ ကျိုက္ကလို့ဘုရားအနီး၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၁-၆၃၅၂၉၉၊ ၆၃၇၅၄၁**

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) ဒဂုံမြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ တွဲ့ကြိ၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
နိုဝင်ဘာ (၄/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**
**"သင်တန်းသားများခေါ်ယူခြင်း"**

၁။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ရည်ရွယ်၍ အောက်ပါသင်တန်းများ ဖွင့်လှစ်ပို့ချသွားပါမည်-

| စဉ် | သင်တန်းအမျိုးအစား | သတ်မှတ်သင်တန်းသားဦးရေ | သင်တန်းကာလ | ပညာအရည်အချင်း | နေရေး/စားရေး |
|---|---|---|---|---|---|
| (က) | မော်တော်ယာဉ်ပြင်သင်တန်း (Automotive Mechanic Course) | ၂၀ ဦး | ၈ ပတ် (၁၆-၁၁-၂၀၁၅ မှ ၈-၁-၂၀၀၆ ထိ) | အခြေခံပညာ အလယ်တန်းအောင် | မိမိအစီအစဉ် |
| (ခ) | လျှပ်စစ်ဂဟေသင်တန်း (Electric Arc Welding Course) | ၂၀ ဦး | ၈ ပတ် (၁၆-၁၁-၂၀၁၅ မှ ၈-၁-၂၀၀၆ ထိ) | အခြေခံပညာ အလယ်တန်းအောင် | မိမိအစီအစဉ် |
| (ဂ) | လျှပ်စစ်ဝိုင်ယာသွယ်တန်း တပ်ဆင်ခြင်းသင်တန်း Electric Wire Installation Course) | ၂၀ ဦး | ၈ ပတ် (၁၆-၁၁-၂၀၁၅ မှ ၈-၁-၂၀၀၆ ထိ) | အခြေခံပညာ အလယ်တန်းအောင် | မိမိအစီအစဉ် |

**သင်ကြားပို့ချပေးမည့်ဘာသာရပ်များ**

၂။ (က) မော်တော်ယာဉ်ပြင်သင်တန်း(စာတွေ့ ၃၀ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း)
(၁) အင်ဂျင်ပိုင်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်း
(၂) ချက်စီပိုင်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်း
(၃) လျှပ်စစ်ပိုင်းနှင့် ပြင်ဆင်ထိန်းသိမ်းနည်း
(၄) အလုပ်ရုံနှင့် စက်မှုပုံဆွဲ
(ခ) လျှပ်စစ်ဂဟေသင်တန်း (စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း)
(၁) အခြေခံသင်္ချာ
(၂) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး
(၃) အခြေခံလျှပ်စစ်ပညာ
(၄) အခြေခံသတ္တုဗေဒ
(၅) လျှပ်စစ်ဂဟေ(စာတွေ့/လက်တွေ့)
(၆) အခြေခံအလုပ်ရုံပညာ
(၇) အခြေခံပုံဆွဲ(တစ်ဖက်မြင်ပုံ)နှင့် ဂဟေဆက်သင်္ကေတများ
(၈) ထိန်းသိမ်းမွမ်းမံမှု
(ဂ) အခြေခံလျှပ်စစ်ဝိုင်ယာသွယ်တန်းတပ်ဆင်ခြင်းသင်တန်း(စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်း)
(၁) အခြေခံသင်္ချာ
(၂) အခြေခံလျှပ်စစ်ပညာ
(၃) လုပ်ငန်းသုံးကိရိယာများ
(၄)အလတ်တန်းစားဗို့အားဆက်သွယ်ခြင်း
(၅) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ထိန်းသိမ်းမွမ်းမံမှု

၃။ သင်တန်းကြေးပေးသွင်းရန်မလို။ သင်တန်းသားများကိုယ်တိုင် အသုံးပြုလေ့ကျင့်ဆောင်ရွက်ရမည့် သုံးကုန်ပစ္စည်းများ(Consumable Items)အတွက်သာ သင်တန်းဝင်ညွှန်ကြားလွှာပါအတိုင်း ကိုယ်တိုင်ကျခံသုံးစွဲရမည်။
၄။ ကျောင်းဝင်ညွှန်ကြားလွှာနှင့် သင်တန်းလျှောက်လွှာပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)တွင် အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။
၅။ သင်တန်းပြီးဆုံးပါက National Skill Certificate နှင့် ညီမျှသော သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သွားမည်။
၆။ အသေးစိတ်သိရှိလိုပါက သင်တန်းမှူး၊ သင်တန်း(စာပေ)ဌာနခွဲ၊ ဖုန်း-၀၆၄-၂၃၅၄၅(လိုင်းခွဲ-၁၀၇)၊ ဖုန်း-၀၉-၄၀၂၆၄၅၅၀၂တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**
**မိတ္ထီလာမြို့**

# တိုက်ကြီးမြို့နယ်ရှိ ဆရာတော်သံဃာတော်များ စုပေါင်းသံဃာ့မဟာပဝါရဏာပြုပွဲကျင်းပ



**တိုက်ကြီး အောက်တိုဘာ ၂၉**

သာသနာနှစ် ၂၅၅၉ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၇၇ နှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ပြည်ဇောတိကာရုံစာသင်တိုက် သီရိရတနာဓမ္မဗိမာန် သာသနာ့ဝိသောဓနီ သိမ်တော်ကြီး၌ (၃၅) ကြိမ်မြောက် ပြုလုပ်သော တိုက်ကြီးမြို့နယ်အတွင်း ဝါဆိုဝါကပ်တော်မူကြသော သုဓမ္မာနိကာယဝင် ဆရာတော်သံဃာတော်အရှင်သူတို့မြတ်၏ စုပေါင်းသံဃာ့မဟာပဝါရဏာပြုပွဲ အခမ်းအနားကျင်းပသည်။ **(ဓါတ်ပုံ)**

အခမ်းအနားတွင် ဆရာတော်များက ထေရ်စဉ်ဝါစဉ် နေရာချပင့်ဆောင်ပြီး သံဃာ့မဟာပဝါရဏာပြုပုံအကြောင်းအရာကို သံဃာ့မဟာပဝါရဏာ ပုစ္ဆကဖြစ်တော်မူသော ဘဒ္ဒန္တကောသလ္လနှင့် သံဃာ့မဟာပဝါရဏာ ဝိသဇ္ဇနဖြစ်တော်မူသော ဘဒ္ဒန္တမာနိတ အရှင်နှစ်ပါးတို့ကလျှောက်ထားပြီး ကြွရောက်လာကြသော ဆရာတော် သံဃာတော်များက ထေရ်စဉ်ဝါစဉ်အလိုက် ပဝါရဏာပြုကြသည်။

ဆက်လက်၍ ကြွရောက်လာသော သံဃာတော်များက သုဓမ္မာနိကာယ ဆရာတော်ကြီးများကို ပူဇော်ကန်တော့ကြပြီး တိုက်ကြီးမြို့၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌဆရာတော်က သမ္မောဒနီယကထာ မိန့်ကြားတော်မူကာ သာသနာရေးကိစ္စများကို ဖတ်ကြားသည်။ သံဃာ့မဟာပဝါရဏာပွဲသို့ ကြွရောက်လာသော သံဃာတော် ၂၆၇ ပါးကို ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များမှ လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# သီတင်းကျွတ်လပြည့်နေ့ ကျိုက်မှော်ဝန်းရေလယ်စေတီတော်၌ ဘုရားဖူးများစည်ကား

**ကျောက်တန်း အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၈ ရက်(သီတင်းကျွတ်လပြည့်နေ့)သည် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ ကျောက်တန်းမြို့ ဆင်ကန်ရပ် အသောကာရာမပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မဗိမာန်တော်၌ မြို့နယ်အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ဒုတိယအကြိမ်အဘိဓမ္မာနေ့အခမ်းအနားကျင်းပခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့နံနက်မှ ညနေအထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးယာဉ်များ မြို့တွင်း၌ရပ်နားရန်အခက်အခဲဖြစ်ခဲ့ရသည်။

ဘုရားဖူးလာကြသူများဖြင့်စည်ကားနေသည့် ကျိုက်ပြာသာဒ်တနော်(ကမ်းနားဘုရားကြီး)၊ ကျိုက်ပြာသာဒ်တန္တိ(မင်းကျောင်းဘုရား) စေတီတော်များနှင့် ရှေးဟောင်းသမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော်မြတ် **(ယာပုံ)** တို့၌ ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေသည်ကိုတွေ့ရသည်။ **(၀၁၉)**





**အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့)က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် (၁၇) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲ ကျင်းပရာ ဘုရားပင့်ဆောင်သောကားများ မြို့ပေါ် ရပ်ကွက်အသီးသီးသို့ လှည့်လည်လာသည်ကိုတွေ့ရစဉ်။** အတ်ကလေး (ရမည်းသင်း)

# ဘားအံမြို့ မဲဘောင်ကျောင်းတိုက်၌ သံဃာ့ပဝါရဏာသိမ်ဆင်းလောင်းလှူ

**ဘားအံ အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက် သာသနာသာမဂ္ဂီသိမ်တော်ကြီးအတွင်း၌ဝါတွင်းကာလဝါဆို၊ ဝါကပ်တော်မူကြသောဆရာတော်၊ သံဃာတော်အပေါင်းတို့သည်သံဃာတော်များညီညီညွတ်ညွတ်စုဝေးကြပြီးလျှင် မြင်ရ၍၊ ကြားရ၍၊ သံသယဖြစ်၍ အပြစ်ရှိသည်ဟု ထင်မြင်ပါက ပြောဆိုဆုံးမတော်မူပါရန် ဝန်ချတောင်းပန်သည့် သံဃာ့ပဝါရဏာပြုခြင်းကို အောက်တိုဘာ ၂၈ ရက် သီတင်းကျွတ်လပြည့်နေ့ မွန်းတည့်က ဆောင်ရွက်တော်မူကြသည်။

ထိုသို့ သံဃာ့ပဝါရဏာပြုဆရာတော်၊ သံဃာတော်များအား ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးစောဝင်းထိန်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်း၊ ပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌဦးမန်းလှမြိုင်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂေါပကလူကြီးများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်မိဘပြည်သူများက သံဃာ့ပဝါရဏာ သိမ်ဆင်းလောင်းလှူခဲ့ကြသည်။

အဆိုပါ သံဃာ့ပဝါရဏာပြုခြင်းနှင့် သိမ်ဆင်းလောင်းလှူပွဲသို့ ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၀ မှ ရဟန်း၊ သံဃာတော် ၃၂၈ ပါးနှင့် ရှင်သာမဏေ အပါအဝင်စုစုပေါင်းအပါး ၄၀၀ ခန့်တို့အား သိမ်ဆင်းလှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူရှင်များက စေတနာသဒ္ဓါ တရားထက်သန်စွာဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပျော်ဘွယ်မြို့နယ် ပဝါရဏာပြုပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၏ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ်နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဝါရဏာပြုပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲကို အောက်တိုဘာ ၂၈ ရက် (သီတင်းကျွတ်လပြည့်နေ့) မွန်းလွဲ ၁ နာရီက ရွှေပြည်သာဘုရား ဝေဠုဝန်သိမ်တော်၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တအာသဘနှင့် ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်အတွင်း ဝါတွင်းကာလတွင် ဝါဆိုခဲ့ကြသော သံဃာတော်များတက်ရောက်ပူဇော်ကြသည်။

ပဝါရဏာပြုပွဲတွင် သက်ကြီးဝါကြီးဆရာတော်များက ပုရိမဝါမှထတော်မူကြကုန်သော သံဃာတော်များအားဆုံးမသြဝါဒမြွက်ကြားတော်မူကြပြီး သံဃာတော် ၁၈ ပါးအား သိမ်ထပ်ခြင်းမင်္ဂလာကျင်းပသည်။

ထို့နောက် ရွှေပြည်သာဘုရား စောင်းတန်းတော်တွင် အလှူရှင်များက ဝါဆိုသံဃာ ၂၅၁ ပါးအား နဝကမ္မအလှူငွေများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လောင်းလှူခဲ့ကြပြီး ညပိုင်းတွင် ရွှေပြည်သာဘုရားဂေါပကအဖွဲ့က ဦးဆောင်၍ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက ရောင်စုံဆီမီးများဖြင့် စေတီတော်ကြီးအား ထွန်းညှိပူဇော်ကြကြောင်းသိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

**ပဲခူးတိုင်းဒေသကြီးရွှေကျင်မြို့နယ် ပျဉ်းမပင်ရပ်ကွက်ရှိ လေးထပ်ကျောင်းသိမ်တော်၌ ရှင်ဥပဂုတ္တမထေရ်မြတ်အား အမှူးထား၍ သံဃာတော် ၁၉၈ ပါးတို့အား ပဝါရဏာသိမ်ဆင်းလောင်းလှူပွဲ အောက်တိုဘာ ၂၈ ရက်က ကျင်းပနေသည်ကို တွေ့ရစဉ်။** ပိန်းဇလုပ်-သိန်းညွန့်



# ပြည်သူအားဝန်ဆောင်မှုပေးသည့်လုပ်ငန်းဖြစ်၍ ဝန်ဆောင်မှုကောင်းအောင်ဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် အောက်တိုဘာ ၂၇ ရက်က နေပြည်တော်ရှိ ဗဟိုစာတိုက်ကြီး၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံရာတွင် မြန်မာ့စာတိုက်လုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ဝန်ထမ်းများ၏ အရည်အချင်းနှင့် အရည်အသွေးကို မြှင့်တင်၍ စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ရန် လိုအပ်ကြောင်းနှင့် လစ်လပ်နေရာများတွင် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ဝန်ထမ်းများအား စိစစ်ရွေးချယ်၍ စနစ်တကျတာဝန်ပေးအပ်သွားရန် လိုအပ်ကြောင်းတို့ကို ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စာတိုက်လုပ်ငန်း အထွေထွေမန်နေဂျာ ဦးခမ်းအောင်က လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်သူများအား ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းကောင်တာများကို ကြည့်ရှုစစ်ဆေး၍ ပြည်သူများက စာတိုက်လုပ်ငန်းကို ယုံကြည်အားကိုးလာအောင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို လစ်ဟာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အရေးကြီး စာရွက်စာတမ်းများနှင့် ချောထုပ်များကို ပျောက်ရှမှု၊ ကြန့်ကြာမှုမရှိစေရန်နှင့် ချောထုပ်များကို လက်ခံစိစစ်ရာတွင်လည်း လုံခြုံရေးအသိဖြင့် စနစ်တကျ အထူးကြပ်မတ်ဆောင်ရွက်သွားရန်၊ စာတိုက်လုပ်ငန်းသည် အကျိုးအမြတ်ရယူခြင်းမရှိသော ဝန်ဆောင်မှုလုပ်ငန်းဖြစ်၍ ဝန်ဆောင်မှုအရည်အသွေးများ ကျဆင်းမသွားစေရေးကို တာဝန်ရှိသူများက စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထု၏ ယုံကြည်မှုရရှိပြီး စာတိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် စေတနာထား၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဌာနဆိုင်ရာဝန်ထမ်းများ ရွေးကောက်ပွဲဆိုင်ရာ မဲပေးပုံနည်းစနစ် မှန်ကန်ရေး ပညာပေးဆွေးနွေး

**မြိုင် အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲကကျင်းပသော ဌာနဆိုင်ရာဝန်ထမ်းများ ရွေးကောက်ပွဲဆိုင်ရာ မဲပေးပုံနည်းစနစ်မှန်ကန်ရေးပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးမင်းသိန်း (မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး)၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင် ဦးသန်းအောင်နှင့် ဦးသောင်းမြင့်တို့က ဝန်ထမ်းများ မဲပေးနိုင်ရေး၊ ရွေးကောက်ပွဲဆိုင်ရာများနှင့် မဲပေးပုံနည်းစနစ်မှန်ကန်ရေး ပညာပေးဆွေးနွေးကြရာဌာနဆိုင်ရာ ၃၀မှ ဝန်ထမ်းပေါင်း ၂၇၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**




# ရန်ကုန်(ကီလီ)-ဒလ(ကားကူးဇက်)ခေါက်ရေအချိန်များတိုးမြှင့်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်(ကီလီ) - ဒလ (ကားကူးဇက်)ပွင့်လင်းရာသီတွင် ကူးသန်းသွားလာမှု ပိုမိုအဆင်ပြေစေရန်အတွက် ခေါက်ရေနှင့် အချိန်များတိုးမြှင့်ပြေးဆွဲပေးလျက်ရှိကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ သိရသည်။

"အရင်က ဒလဆိပ်ကမ်း (ကားကူးဇက်) ဘက်က တံတားကြံ့ခိုင်မှုမကောင်းလို့ ကုန်သုံးတန်၊ ယာဉ်သုံးတန်ခွင့်ပြုထားတာဖြစ်တယ်။ ကားစီးရေလည်းနည်းတယ်၊ ခေါက်ရေကလည်း ခုနစ်ခေါက်ပဲ ဆွဲတယ်။ ဒီနှစ်မှာ ဒလဘက်က တံတားပြင်ပြီးသွားတော့ ၁၂ တန်အထိခွင့်ပြုပြီး ခေါက်ရေနဲ့ အချိန်တွေကို အောက်တိုဘာလဆန်းက တိုးမြှင့်ပြေးဆွဲတာပါ"ဟု မြစ်ဝကျွန်းပေါ်ဌာနခွဲမှ မန်နေဂျာ ဦးတူးလွန်က ပြောသည်။

"ကားကူးဇက်ပေါ်မှာ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ကားနဲ့ ကုန်တင်ယာဉ်များ တန်အလိုက် နှုန်းကောက်ခံပါတယ်။ ခေါက်ရေနဲ့ အချိန်ကတော့ ကီလီဆိပ်ကမ်းမှ နံနက် ၇နာရီမှ ညနေ ၆နာရီခွဲ၊ ဒလဆိပ်ကမ်းမှ နံနက် ၆ နာရီခွဲမှ ညနေ ၆နာရီ၊ တနင်္လာနေ့မှ စနေနေ့အထိ ကိုးခေါက်ပြေးဆွဲပြီး တနင်္ဂနွေနေ့နဲ့ အခြားရုံးပိတ်ရက်တွေမှာ ခုနစ်ခေါက်ပြေးဆွဲပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။




ရန်ကုန်-ဒလ (ကားကူးဇက်) သည် နေ့စဉ် ကားအစီးရေ အသွားအပြန် ၂၀၀ ကျော် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# လူမှုဖူလုံရေးအဖွဲ့ အာမခံအလုပ်သမားများအား ဆေးကုသပေး

**ဖြူး အောက်တိုဘာ ၂၉**

လူမှုဖူလုံရေး နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အောက်တိုဘာလ တတိယပတ်၌ တောင်ငူခရိုင် ဖြူးမြို့နယ်တွင်း လူမှုဖူလုံရေး အာမခံ အလုပ်သမားများအား ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် ကုသပေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆေးကုသခြင်းကို ဒေါက်တာ နေလင်းကျော် ဦးဆောင်သောအဖွဲ့နှင့် ဖြူးမြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဒေါ်မိုးမိုးသွယ်တို့က အောက်တိုဘာ ၂၀ ရက်မှစတင်၍ စက်ရုံ၊ အလုပ်ရုံနှင့် လူငယ့်အားမာန် သ/မ အသင်းတို့ရှိ အာမခံအလုပ်သမားများအား ဆေးကုသမှုဆောင်ရွက်ပေးပြီး အောက်တိုဘာ ၂၇ ရက်တွင် ဖြူးမြို့ လူမှုဖူလုံရေးရုံး၌ အာမခံအလုပ်သမားများအား ရောဂါရှာဖွေစမ်းသပ်၍ ဆေးကုသမှုများပေးခဲ့သည်။

**ဖြူး-မြင့်ဦး**

# ဆိုင်ကယ်ကယ်ရီလိုက်သူပေါများလာ၍ အနေးယာဉ်လုပ်သားများဝင်ငွေနည်းပါး

**ရေတာရှည် အောက်တိုဘာ ၂၉**

ခရီးသည်နှင့် ကုန်ကို အဓိကအားထားနေရသော အနေးယာဉ်ဆိုက်ကားနင်းသူများမှာ ဆိုင်ကယ်ကယ်ရီများ ပေါများလာသည့်အတွက် ဝင်ငွေလျော့နည်းကာ ဆိုက်ကားနင်း၍ အသက်မွေးဝမ်းကျောင်းပြုသူအရေအတွက် သိသာစွာကျဆင်းသွားကြောင်း ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ရှိ ဆိုက်ကားနင်းသူတစ်ဦးက ပြောသည်။



"အရင်ကဆိုရင် တစ်ရက်ကို ငွေကျပ် ၅၀၀၀လောက် ပုံမှန်ဝင်ငွေရှိတော့ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေပါတယ်။အခုတော့ ဆိုင်ကယ်ကယ်ရီဆွဲသူတွေက ကြုံသလို ဆွဲနေကြတော့ ဆိုက်ကားနင်းသူတွေအတွက် အခက်အခဲတွေဖြစ်ကုန်တယ်"ဟု ၎င်းက ပြောသည်။

ဆိုက်ကား တစ်စီးလျှင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လိုင်စင်ကြေး ငွေကျပ် ၈၅၀၀ ကို တစ်နှစ်စာပေးသွင်းပြီးမှ ဆိုက်ကားနင်းခွင့်ရနေသော်လည်း ဆိုင်ကယ်ကယ်ရီများမှာ ငွေပေးသွင်းရခြင်းမရှိသည့်အတွက် အခွင့်အလမ်းသာလျက်ရှိကြောင်း ပြောပြသည်။ ဝင်ငွေနည်းပါးလာခြင်းနှင့်အတူ မှီခိုနေသော မိသားစုစားဝတ်နေရေးမှာလည်း ကျပ်တည်းလာရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လှိုင်းဘွဲ့မြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်ရေးတွေ့ဆုံပွဲကျင်းပ

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် (ကရင်ပြည်နယ်တာဝန်ခံ) ဦးစောဘလှိုင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ဝင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်က အမှာစကားပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသော်တာငြိမ်းက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းတာဝန်များ ရှင်းလင်း

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစဉ် ပညာပေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးညီညီစောက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးအောင်ဝင်းက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးကျော်စိုးက မဲရုံတွင် အသုံးပြုရမည့် ပုံစံများနှင့်ပတ်သက်၍ ရှင်းလင်းပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးဝင်းမောင်က ပုံစံ (၁၆) ရေးသွင်းခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေး၍ မဲပေးပုံ၊ မဲပေးနည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီးကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ကလေး အောက်တိုဘာ ၂၉**

ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီးကို ကလေးပြင်သာဆိပ်-ကလေးတက္ကသိုလ်လမ်း မိုင်တိုင်အမှတ် ၀/၀ မှ ၈/၇ အထိ ကလေးမြို့တွင်းပိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၄၉ သန်းအကုန်အကျခံကာ ခရိုင်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး မိုင်တိုင်အမှတ် ၇/၀ မှ ၈/၇ အတွင်း လေးဖာလုံ အကျယ် ၂၄ ပေ ဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့လာပြီဖြစ်သည်။

ထို့အပြင် မိုင်တိုင်အမှတ် ၂/၀ မှ ၃/၀ အတွင်း လမ်းတစ်ဝက်ချဲ့၍ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အပြင် မိုင်တိုင်အမှတ် ၁/၀ မှ ၂/၀ အတွင်း လမ်းအရှည် ပေ ၂၈၀၀၊ အကျယ် ၂၄ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဂျူနိုင်း**

# ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စင်ကာပူနိုင်ငံလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာချုပ်ချုပ်ဆို

**နေပြည်တော် အောက်တိုဘာ ၂၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် စင်ကာပူသမ္မတနိုင်ငံ CJ Korea Express Asia Pte.Ltd တို့ အကျိုးတူ ပူးပေါင်း၍ CJ Korea Express RT Myanmar Co.Ltd., အဖြစ် ဖက်စပ် (Joint Venture) ကုမ္ပဏီ တည်ထောင်ပြီး ရန်ကုန်မြို့၌ အခြေပြု၍ ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးနှင့် စင်ကာပူသမ္မတနိုင်ငံ အခြေစိုက် **CJ Korea Express Asia Pte. Ltd** မှ **Mr. Lee Joon ( Head of South East Asia )**တို့က ဖက်စပ်လုပ်ငန်း သဘောတူ စာချုပ်အားလည်းကောင်း၊ **CJ Korea Express RT MyanmarCo.**



**Ltd.,** မှ ဥက္ကဋ္ဌ **Mr. Lee Jae Hee** နှင့် မြေအငှားစာချုပ် ချုပ်ဆိုခြင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီးများ၏ ရှေ့မှောက်တွင် သဘောတူ လက်မှတ်ရေးထိုးကြသည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ရန်ကုန်)ရှိ မြေ ၃ဒသမ၂၅ ဧကတွင် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း၊ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်ပစ္စည်းသိုလှောင်ရုံလုပ်ငန်းများနှင့် **Freight Forwarding** လုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ရာ ပြည်ပကုမ္ပဏီဖြစ်သည့် **CJ Korea Express Asia Pte.Ltd** မှ တင်ဒါအောင်မြင်ခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးအနေဖြင့် ပို့ဆောင်ရေးကဏ္ဍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကနဦးအဖြစ် ယာဉ်အစီးရေ ၆၀ ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဆက်လက်၍ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်

**မင်းဘူး အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်ပညာရေးမှူးရုံး၏ ဦးဆောင်မှု၊ မြို့နယ် ကြက်ခြေနီအသင်းမှ ကြီးကြပ်၍ ကျောင်းကြက်ခြေနီရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၂၈ ရက်က ရွာသာယာကျေးရွာ အထက ကျောင်းခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ် ဒုတိယပညာရေးမှူး ဦးမောင်မောင်သိန်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းမှ တပ်ဖွဲ့မှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မင်းဘူးမြို့နယ် ရွာသာယာကျေးရွာ အထက ကျောင်းမှ ကင်းထောက် လူငယ် ၁၃၅ ဦး တက်ရောက် သင်ကြားခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ခြောက်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# လားရှိုးခရိုင် ကော်မရှင်အဖွဲ့ခွဲဝင်များ မြို့နယ်များအလိုက် တာဝန်ခွဲဝေ

**လားရှိုး အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ မြို့နယ်များအလိုက် ကြီးကြပ်နိုင်ရန် တာဝန်ခွဲဝေလိုက်ပြီဟု သိရသည်။

လားရှိုးခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှာ လားရှိုး သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်နှင့်ကွမ်းလုံမြို့များဖြစ်ပြီး လားရှိုးခရိုင်တစ်ခုလုံးတွင် မဲရုံပေါင်း ၃၇၃ ရုံဖွင့်လှစ်မည်ဟု သိရသည်။ ခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များသည် ရွေးကောက်ပွဲနေ့ မဲရုံပိတ်ပြီးချိန်တွင် မဲရလဒ်များကို သက်ဆိုင်ရာ ပုံစံများတွင် ဖြည့်စွက်ပြီး လားရှိုးခရိုင်ကော်မရှင်ရုံးသို့ ဖက်စ်ဖြင့် အမြန်ဆုံးပေးပို့နိုင်ရန် ကြီးကြပ်ရမည်ဟု သိရသည်။

**မမ (လားရှိုး)**

# ဈေးနှုန်းပြည့်ပြီး ပြန်တက်လာသော ကြက်သွန်နီ

**ရန်ကုန် အောက်တိုဘာ ၂၉**

အောက်တိုဘာ ၂၁ ရက်တွင် ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီ လက်ကားဈေးနှုန်း ငွေကျပ် ၈၅၀-၁၃၅၀-၁၅၈၀-၁၆၅၀ နှုန်း၊ မြင်းခြံ ငွေကျပ် ၇၀၀-၉၀၀-၁၂၀၀-၁၄၀၀ နှုန်းသို့ဈေးနှုန်းကျဆင်းလာခဲ့သည်။ ရန်ကုန် ကြက်သွန်ဈေးကွက်သို့ ဝင်ရောက်လာသော တရုတ်ကြက်သွန်နီမှာ ဈေးကွက်တွင် ငွေကျပ် ၁၄၅၀ နှုန်းရောင်းချနေရာ ပြည်တွင်းကြက်သွန်နီ ဈေးကျမှုကြောင့် ယင်းရက် နောက် ပိုင်းမှစ၍ ရန်ကုန်ဈေးကွက်သို့ဝင်ရောက်မှုမရှိသလောက် နည်းလာကြောင်း သိရသည်။

ပြည်တွင်း လှောင်ကြက်သွန်နီများသာ ရန်ကုန်ဈေးကွက်တွင်ရှိနေရာ အောက်တိုဘာ ၂၃ရက်တွင် ကြက်သွန်နီ ပိဿာချိန် ၉၆၀၀၀၊ အောက်တိုဘာ ၂၄ ရက်တွင် ပိဿာချိန် ၆၆၀၀၀သာဝင်ရောက်မှုရှိသည်။ သို့ဖြစ်ရာ ကြက်သွန်နီပွဲရုံများအနက် အဓိကကြက်သွန်နီဝင်ရောက်မှုများသည့် ပွဲရုံများတွင် ဈေးနှုန်းတက်မည်ဆိုသော သတင်းစကားများ ထွက်ပေါ်မှုနှင့်အတူ သိုလှောင်သိမ်းဆည်းမှုများရှိလာသည်။

သို့သော် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကြက်သွန်နီပွဲရုံ အများစုတွင် ဒိုင်ဖွင့်ဈေးနှုန်းအတိုင်းဝယ်ယူမှုနည်းပါးသည်။ အပိုဆောင်းငွေများ ပေးဝယ်မှ ဝယ်ယူ၍ ရသည်။ ငုဝါလမ်းရှိကြက်သွန်နီပွဲရုံတစ်ရုံတွင် ဒိုင်ဖွင့်ဈေး တစ်ပိဿာ ငွေကျပ် နှစ်ထောင်သာရှိသော ရှယ်အရွယ်အစား အလုံးကြီးတစ်ပိဿာတွင် လက်ကားဈေးနှုန်းငွေကျပ် ၂၃၀၀ ဖြင့်ဝယ်ယူရသည်။ ပွဲရုံဝင်းအတွင်းရှိ တစ်ဆင့် ဝယ်ပြန်ရောင်းသည့်ဆိုင်များတွင်မူ တစ်ပိဿာ ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူရသည်ဟု ညောင်ပင်လေးဈေးတွင်ရောင်းချရန် ဝယ်ယူခဲ့သူဦးရီက ပြောသည်။

လှောင်ကြက်သွန်တင်ပို့ရာ အထက်အညာဒေသများတွင် ပွဲလမ်းသဘင်ရှိ၍ အောက်တိုဘာ ၂၉ ရက်တွင် ကြက်သွန်နီအဝင်နည်းနိုင်သည်ဆိုသော သတင်းစကားများပွဲရုံများတွင် ကြားသိရပြီး ဈေးထပ်မံတက်ရန် အလားအလာ



ရှိသေးသည်ဟု ပြောသည်။

ပြည်တွင်းကြက်သွန်နီဈေးနှုန်းမြင့်တက်သော်လည်း ရန်ကုန်မြို့တွင်း လမ်းမတော် သံဈေးဝန်းကျင် ဟိုတယ်သုံးနှင့် စားသောက်ဆိုင်ကြီးများသုံး ဟင်းသီးဟင်းရွက် အရောင်းဆိုင်များတွင် ရောင်းချနေသော အရပ်အခေါ် ယိုးဒယားကြက်သွန်နီ အလုံးကြီးများ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ နှုန်းသာရှိသည်။ အရွယ်အကြီးဆုံး နှစ်လုံးလျှင် အလေးချိန် တစ်ပိဿာခန့်ရှိသည့်ဟု ယင်း အရောင်းဆိုင်ဘေးရှိ သားငါးရောင်းချသည့် ကြည့်မြင်တိုင် မြို့နယ် သီရိမင်္ဂလာဈေးဟောင်းအနီး နေထိုင်သူတစ်ဦးက ဆိုသည်။ ယင်းကြက်သွန်နီ အမျိုးအစားမျိုး ကိုရီးယားနိုင်ငံတွင် စိုက်ပျိုးသုံးစွဲမှုများပြီး ဈေးသက်သာမှုရှိသည်ဟု ကိုရီးယားနိုင်ငံ၌ သွားရောက်လုပ်ကိုင်ခဲ့သူ ကိုကျော်ကြီးက ဆိုသည်။

ကြက်သွန်ဈေးတက်မှုကြောင့် ရန်ကုန်မြို့တွင်း စားသောက်ဆိုင်အများစုတွင် စားသောက်ဖွယ်ရာများနှင့်တွဲ ဖက်ချပေးသော အချဉ်တွင် ကြက်သွန်နီ သုံးစွဲမှုနည်းပြီး တစ်ပိဿာလျှင် ငွေကျပ် သုံးရာဝန်းကျင်သာရှိသော ဂေါ်ဖီအစားထိုးသုံးစွဲလာမှုရှိသည်ဟု တရုတ်တန်းစားသောက်ဆိုင်များတွင် စားသုံးသူက ဆိုသည်။ ရေကြီးရေလျှံမှုဖြစ်ခဲ့သော ဇူလိုင်လအတွင်းရန်ကုန် ဈေးကွက်သို့ ကြက် သွန်နီ ပိဿာချိန် ၄၅ သိန်း ဝန်းကျင် ဝင်ရောက်ခဲ့သည်။ ဩဂုတ်လနှင့်စက်တင်ဘာလအတွင်း ပိဿာချိန် သိန်း ၄၀ ခန့်ဝင်ရောက် သည်။ အောက်တိုဘာလအတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၂၃ ရက်တွင် ကြက်သွန်နီပိဿာချိန် ၃၀ ခန့်ဝင်ရောက်ခဲ့သည်ဟု နေ့စဉ် ကုန်စည်ဒိုင် ဈေးနှုန်းစာရင်းဖော်ပြချက်မှ တွက်ချက်သိရှိရသည်။

**ခင်ဆိုင်**

# ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြော

**ဖာပွန် အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ ပျောက်ဆုံးသည့် ထူးခြားဖြစ်စဉ်များ ဖြစ်ပွားမှု မရှိစေရေး ကျောင်းတွင် ပညာပေးအခမ်းအနားကို ဖာပွန် အထက ပညာရတနာခန်းမ၌ အောက်တိုဘာလ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆန်းဦးက အမှာစကားပြောကြားပြီး အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေမြင့်ရီက ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ကန်ရေးနှင့် ပညာကြိုးစားသင်ယူရေးကိုလည်းကောင်း၊ မြို့နယ်ရဲစခန်းမှူး ဒု-ရဲမှူးဦးဝင်းမောင်က မှုခင်းကိစ္စ၊ မြို့နယ်တရားသူကြီးက တရားဥပဒေအကြောင်းအရာများ ဟောပြောခဲ့ကြောင်း သိရသည်။

**သိန်းစိုးမြင့်(ပြန်/ဆက်)**

# ကျေးရွာနေပြည်သူများအား မြေငှားဂရန်ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအုပ်စု ချိုင်းကျေးရွာရှိ ဒေသခံများအား မြေငှားဂရန်ပေးအပ်ခြင်းကို အောက်တိုဘာလ ဒုတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးအခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးစောလှနှင့် ဦးမျိုးညွန့်တို့က ကျေးရွာနေပြည်သူများကို မြေငှားဂရန်များပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# တရားမဝင်သယ်ဆောင်လာသော ပြောက်အိုးများ ဖျက်ဆီး

**နောင်ချို အောက်တိုဘာ ၂၉**

မန္တလေး-မူဆယ်ကားလမ်းကြောင်းတစ်လျှောက် တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး နောင်ချိုမြို့အဝင် ယာယီအခြေပြုလျက် အေးရှားဝေါလ်တိုးဂိတ်အနီး၌ ဦးအောင်သူရဦးစီးသော ဌာနစုံပူးပေါင်းစစ်ဆေးရေး အဖွဲ့တို့သည် မူဆယ်ဘက်မှမောင်းနှင်လာသော ယာဉ်များကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် အကောက်ခွန်မဲ့ ပြောက်အိုး၊ ခြောက်ဆင့်ပေါက်ကွဲ ပြောက်များ တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသောပြောက်အိုးများသည် ပြည်သူများကို အထိတ်တလန့် ပေါက်ကွဲစေတက်သောကြောင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့တို့က ရေမျောဖျက်ဆီးခဲ့ကြောင်း သိရသည်။ **စိုးဝင်း-(နောင်ချို)**

# သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**ချောင်းဦး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် (GAP) စနစ်ဖြင့် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပိုးမွှားရောဂါကျရောက်မှု ကြိုတင်ကာကွယ်ရေးအတွက် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးကြည်က အောက်တိုဘာ ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှနှင့် စိုက်ပျိုးရေးဝန်ထမ်းများက စိုက်ခင်းများအတွင်း မြစ်ရေတင်လုပ်ငန်းဖြင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ချောင်းဦးမြို့နယ်အနေဖြင့် မိုးစပါးဧက ၁၇၂၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး (GAP) စနစ်ဖြင့် ဧက ၅၆၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **ယုယုဝင်း(ပြန်/ဆက်)**

# ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သောမြေများအတွက် မြေယာလျော်ကြေးများပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသော မြေများအတွက် မူလပိုင်ရှင်တောင်သူများထံ မြေယာလျော်ကြေးပေးအပ်ပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

မြေယာလျော်ကြေးပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်းက မြန်မာ့မီးရထားက ကြံခင်း-ပခုက္ကူမီးရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မြင်းဝင်း၊ လယ်ယာနှင့် မြို့ခင်းသာကျေးရွာအုပ်စုများမှ တောင်သူ ၈၁ ဦးပိုင်ဆိုင်သည့် မြေဧရိယာ ၈၉ ဒသမ ၇၁ ဧကအတွက် ငွေ ၁၃၄၅၅၅၀၀၀ ကျပ်ကို လျော်ကြေးအဖြစ် ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)ပခုက္ကူမှ အင်ဂျင်နီယာမှူး(မြို့ပြ)ဦးသူရဇော်က မြေလျော်ကြေးပေးအပ်မှုနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြင်းဝင်း၊ လယ်ယာနှင့် မြို့ခင်းသာကျေးရွာအုပ်စုများမှ တောင်သူ ၈၃ ဦးထံသို့ မြေယာလျော်ကြေးငွေများကို ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

မြေယာလျော်ကြေးပေးအပ်ပွဲသို့ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် ကော်မတီဝင်များ၊ မြန်မာ့မီးရထား တိုင်းအမှတ်(၁၀) ပခုက္ကူမှ ဝန်ထမ်းများ၊ မြေပိုင်ရှင်တောင်သူများ တက်ရောက်ခဲ့ကြသည်။

ပခုက္ကူမြို့နယ်အတွင်း၌ နိုင်ငံတော်က ဆက်လက်၍ အသုံးမပြုတော့သည့်မြေများကို မူလတောင်သူများထံ ပြန်လည်စွန့်လွှတ်ပေးအပ်ခြင်းနှင့် ဆက်လက်အသုံးပြုမည့်မြေများအတွက် လျော်ကြေးငွေများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဆက်လက်အသုံးမပြုတော့သည့်မြေများကို မူလတောင်သူများထံ ပြန်လည်စွန့်လွှတ်ရာတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တောင်သူ ၅၇၅ ဦးပိုင်ဆိုင်သည့် မြေဧရိယာ ၂၁၂၃ ဧကကို လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ လျော်ကြေးငွေပေးအပ်ရာတွင်လည်း ပခုက္ကူမြို့ ကွဲ့တဲကျေးရွာအုပ်စု မီးရထားဘူတာယာဒ်ဝန်းမှ ဆက်လက်အသုံးပြုမည့်မြေ ၁၀ ဒသမ ၂၅ ဧကအတွက် တောင်သူခြောက်ဦးအား ငွေကျပ် ၁၅၃၇၅၀၀၀ ကိုလည်းကောင်း၊ ပန်းတိုင်ခြုံကျေးရွာအုပ်စုနှင့် ကြီးရွာကျေးရွာအုပ်စုများတွင် လေယာဉ်ကွင်းသစ်ကြီး တည်ဆောက်ရေးအတွက် တောင်သူပေါင်း ၃၀၀ ပိုင်ဆိုင်သည့် မြေဧရိယာ ၁၀၁၅ ဧကအတွက် ငွေကျပ် ၁၄၀၉ ဒသမ ၈၉၅ သန်းကိုလည်းကောင်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**စိုးလင်းနိုင်(ပြန်/ဆက်)**

# တရားမဝင်သယ်ဆောင်လာသော တမလန်းသစ်များ ဖမ်းဆီးရမိ

**ဆားလင်းကြီး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်အတွင်း တမလန်းသစ်များ တရားမဝင်သယ်ဆောင်လာသော ကားတစ်စီးကို အောက်တိုဘာ ၂၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ညောင်ပင်ကြီးရဲကင်းစခန်းမှူး ရဲအုပ်မျိုးညွန့်ဦးနှင့် ကြေးစင်တောင်ရဲကင်းစခန်းမှူး ရဲအုပ်ကျော်မင်းနိုင်တို့သည် မှုခင်းကျဆင်းရေးတာဝန်များကို ပူးပေါင်းဆောင်ရွက်နေစဉ် (၅/၁)လမ်းဆုံအနီး၌ Ranger 5 B အမျိုးအစား ယာဉ်အမှတ် ၇က/---- ခြောက်ဘီးယာဉ်သည် မိုးကာများအုပ်လျက် ပုသိမ်-မုံရွာကားလမ်းအတိုင်း ဆားလင်းကြီးဘက်သို့ မောင်းနှင်လာ၍ မသင်္ကာသဖြင့်တားဆီးရာ ရပ်တန့်မပေးဘဲ မောင်းပြေးသွားသောကြောင့် ဆားလင်းကြီးမြို့မရဲစခန်းသို့ တယ်လီဖုန်းဖြင့်ဆက်သွယ်၍ တားဆီးပေးရန် အကြောင်းကြားပြီး နောက်မှလိုက်လံဖမ်းဆီးခဲ့ကြောင်း၊ ဆားလင်းကြီးမြို့မရဲစခန်းမှူး ရဲမှူးဝင်းသန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးသိန်းကြိုင်နှင့် ဝန်ထမ်းများက ပုသိမ်-မုံရွာကားလမ်း လမ်းတံတားအသုံးပြုခကောက်ခံနေသောမောင်းတံဂိတ်၌ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ ယာဉ်ပေါ်တွင် ယာဉ်မောင်း စိုးလေး(ခ)စိုးဝင်းထွန်း၊ ကျော်ကျော်ထွေး(ခ)မောင်ပုနှင့် ရန်နိုင်ဝင်း(ခ)စိုးမင်းတို့ သုံးဦးနှင့်အတူ တရားမဝင် သယ်ဆောင်လာသော တမလန်းသစ် ၅၉ တုံး၊ အလေးချိန် ၆ ဒသမ ၄၇၉၀ တန်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်တမလန်းသစ်များ သယ်ဆောင်လာသော စိုးလေး(ခ)စိုးဝင်းထွန်းအပါအဝင် သုံးဦးအား ဆားလင်းကြီးမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**ဦးငယ်(ဆားလင်းကြီး)**

# သောက်သုံးရေရရှိရေးဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**မိုင်းပျဉ်း အောက်တိုဘာ ၂၉**

မိုင်းပျဉ်းမြို့နယ်အတွင်း ကျေးရွာများ၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ကြောင်ကြိမ်ကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် အုတ်ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က အောက်တိုဘာ ၂၅ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။ ကြောင်ကြိမ်ကျေးရွာတွင် အိမ်ခြေ ၇၂ အိမ်၊ လူဦးရေ ၃၀၀ ကျော်ရှိပြီး ရေရရှိရေးလုပ်ငန်းများမှာ မကြာမီပြီးစီးတော့မည်ဖြစ်၍ သောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေး

**အင်းတော် အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအတွက် ဆေးစိမ်ခြင်ထောင်များကို လယ်ပြင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အောက်တိုဘာ ၂၈ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်အတွင်းမှ နတ်မဟုတ်ကြီးကျေးရွာ၊ လယ်ပြင်ကျေးရွာ၊ သီဘာကျေးရွာ၊ နားခါကျေးရွာနှင့် နန်းကင်ကျေးရွာများရှိ အိမ်ထောင်စု ၁၅၀၀ ခန့်အတွက် ဆေးစိမ်ခြင်ထောင်များကို လယ်ပြင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ခံဆရာမ ဒေါ်နုနုအေးက ကြီးကြပ်၍ အခမဲ့ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး လယ်ပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရုံးရွှေနှင့် ရာအိမ်မှူးများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**သန်းမောင်လေး(ကချင်မြေ)**

## ကျောက်မျက်အချောထည်လုပ်ငန်းနှင့် သင်တန်းကျောင်းဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၌ မြောက်ပိုင်းတော်ဝင်ကျောက်စိမ်းကုမ္ပဏီ၏ ကျောက်မျက်ရတနာအချောထည်လုပ်ငန်းနှင့် သင်တန်းကျောင်းကို အောက်တိုဘာ ၂၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် ကျောက်သွေးကျောက်ဖြတ်စက်ရုံကို ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဒေါက်တာခလမ်ဆမ်ဆွန်နှင့် တာဝန်ရှိသူတစ်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လုပ်ငန်းခွင်နှင့် သင်တန်းခန်းမများအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ကချင်ပြည်နယ်အတွင်းမှ ထွက်ရှိသည့် သဘာဝသယံဇာတ ကျောက်စိမ်း ကျောက်မျက်များမှ အရည်မွဲ့အသားကျောက်များကို အချောထည်အဖြစ်ထုတ်လုပ်၍ နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိစေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေ ရန်အတွက် ကျောက်မျက်အချောထည်လုပ်ငန်းနှင့် သင်တန်းကျောင်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးဃ်ကျ(မြစ်ကြီးနား)**



**မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ မဲရုံများတွင် အသုံးပြုမည့် မဲပုံးနှင့် ဆက်စပ်ပစ္စည်းများကို ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ အောက်တိုဘာ ၂၇ ရက်က စတင်ထုတ်ပေးနေစဉ်။**

နေအောင်(ပြန်/ဆက်)

# ဒိုလေးနဲ့ မက်ဆီတို့ရဲ့ သွင်းဂိုးတွေမြင်ရဦးမယ့် လာလီဂါပွဲစဉ်(၁၁)

မိုးမြင့်လင်းလက်

*စပိန်မြေက လာလီဂါပွဲစဉ်(၁၀)ကို အောက်တိုဘာ ၃၁ ရက်နဲ့ နိုဝင်ဘာ ၁ ရက်တွေမှာ ဆင်နွှဲကြဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ရီးရဲမက်ဒရစ်က အိမ်ကွင်းမှာ ကစားရမှာမို့ သုံးမှတ်သေချာနေပြီး ဘာစီလိုနာက အဝေးကွင်းမှာ ဂီတာဖေးနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ လတ်တလောခြေစွမ်းအရ အသင်းကြီးတွေနိုင်ပွဲဆက်မယ့် အနေအထားရှိနေပြီး အသင်းငယ်တွေအတွက် ပွဲကျပ်တွေအဖြစ် ဖြတ်ကျော်ရဦးမှာဖြစ်ပါတယ်။*

**ရီးရဲမက်ဒရစ်နှင့် လက်စ်ပယ်မက်စ်**

နည်းပြ ဘင်နီတက်ဇ်ရဲ့ ရီးရဲမက်ဒရစ်တို့ဟာ ပုံမှန်ခြေစွမ်းတော့ ပြသနိုင်




နေပါတယ်။ လက်စ်ပယ်မက်စ်နဲ့ ရီးရဲမက်ဒရစ်တို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ ရီးရဲမက်ဒရစ်တို့ တစ်ပွဲရှုံး၊ နှစ်ပွဲနိုင်ထားပါတယ်။ ဒါပေမယ့် လက်စ်ပယ်မက်စ်ရဲ့ လက်ရှိခြေစွမ်းက အိမ်ရှင်ကိုယှဉ်နိုင်ဖို့ မလွယ်ပါဘူး။ လောလောဆယ်မှာ ရှုံးပွဲတွေဆက်နေတဲ့ လက်စ်ပယ်မက်စ်ရဲ့ ကစားအားကို ရီးရဲမက်ဒရစ်တို့ အိမ်ကွင်းမှာ ချေမှုန်းပြီး အောင်ပွဲခံဦးမှာဖြစ်ပါတယ်။

**ဂီတာဖေးနှင့် ဘာစီလိုနာ**

ဘာစီလိုနာကို သရေပွဲတွေရအောင် ကစားနိုင်ခဲ့တဲ့ ဂီတာဖေးတို့ အခုပွဲအိမ်ကွင်းလည်းဖြစ်တာကြောင့် အမြင့်ဆုံးတစ်မှတ်တော့ရအောင် ယူပါလိမ့်မယ်။ အခုတလော ရှုံးပွဲမရှိကစားနေတဲ့ ဂီတာဖေးဟာ ဘာစီလိုနာလို အင်အားတောင့်တဲ့အသင်းနဲ့ ရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်ထားပြီး အခက်တွေ့အောင် ကြိုးစားပါလိမ့်မယ်။ ပွဲပန်းနေတဲ့ ဘာစီလိုနာမှာ မက်ဆီပါဝင်ကစားနိုင်ရင်တော့ အနိုင်သေချာအောင် အားဖြည့်ပေးပါလိမ့်မယ်။ ဒါပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းဖြစ်နေတဲ့ ဘာစီလိုနာလည်း ပေါ့ဆဆကစားလို့တော့ မရနိုင်ပါဘူး။ ဒီပွဲမှာ အနိုင်ဆိုရင်တောင် ဘာစီလိုနာတို့ဖြစ်ပြီး အိမ်ရှင်တို့ တစ်မှတ်ရရင်ကျေနပ်ပျော်ရွှင်ရမှာပါ။

**ဒီပိုတီဗိုနှင့် အက်သလက်တီကို**

အခုတလောဂိုးပြတ်တွေသွင်းပြီး နိုင်ပွဲတွေဆက်နေတဲ့ အက်သလက်တီကိုတို့က ဒီပိုတီဗိုကွင်းမှာ သွားကစားရပေမယ့် အခြေအနေကောင်းနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ အက်သလက်တီကို တိုက်စစ်မှူးတွေက အိမ်ကွင်း၊ အဝေးကွင်းရာနှုန်းပြည့် ထိုးဖောက်တိုက်စစ်ဆင်နိုင်သူတွေဖြစ်တာမို့ ဒီပိုတီဗိုတို့ အလေးထားပြင်ဆင်ရမှာပါ။ ဒီပိုတီဗိုတို့က အက်သလက်တီကိုနဲ့ဆုံတိုင်း အသာစီးရအောင် မကစားနိုင်တာမို့ အခုပွဲမှာ ဧည့်သည်ရဲ့ တိုက်စစ်ကို ဟန့်တားရင်း သရေရလဒ်ကိုပဲ မျှော်လင့်ရပါလိမ့်မယ်။

**ဗလင်စီယာနှင့် လီဗန်တေး**

ဗလင်စီယာကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ဒီနှစ်သင်းရဲ့ရလဒ်ကိုကြည့်ရင် အိမ်ရှင်တို့ သုံးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့ပါတယ်။ လက်ရှိခြေစွမ်းပိုင်းမှာလည်း မာလာဂါနဲ့ ဂျန့်အသင်းတွေကို ဂိုးပြတ်သွင်း နိုင်ပွဲရထားတာမို့ လီဗန်တေးတို့အတွက် ပင်ပန်းရဦးမယ့်ပွဲဖြစ်နေပါတယ်။ အမှားများတဲ့ လီဗန်တေးရဲ့ ခံစစ်ပိုင်းကြောင့် ဗလင်စီယာတိုက်စစ်မှူးတွေ အကြိုက်တွေ့ပြီး ဂိုးတွေခွင့်ပြုပေးရမယ့် အနေအထားဖြစ်သွားနိုင်ပါတယ်။

**ဗီလာရီးရဲနှင့် ဆီဗီလာ**

ဆီဗီလာနဲ့ဆုံတိုင်း ဗီလာရီးရဲတို့ နိုင်ပွဲရယူနေကျဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ဗီလာရီးရဲတို့ ခြေစွမ်းမတည်မငြိမ်ဖြစ်နေတာမို့ ရှုံးပွဲတွေဆက်နေပါတယ်။ ဆီဗီလာတို့ကလည်း အခုပွဲမှာ အမှတ်ရအောင် ကြိုးစားမှာဖြစ်ပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းတတ်တဲ့ ဆီဗီလာရဲ့ ခြေစွမ်းက အားရစရာမရှိပါဘူး။ ဗီလာရီးရဲတို့ကတော့ အိမ်ကွင်းလည်းဖြစ်တာမို့ အခုပွဲမှာ နိုင်ပွဲရအောင် အားထုတ်ရှာဖွေပါလိမ့်မယ်။

**ဆိုစီဒက်နှင့် ဆယ်လ်တာဗီဂို**

ဒီနှစ်လာလီဂါမှာ အိမ်ကွင်းနိုင်ပွဲမရသေးတဲ့ ဆိုစီဒက်တို့အတွက် ဈေးဦးပေါက် အနိုင်ရလဒ်ကို ဖော်ထုတ်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဆယ်လ်တာဗီဂိုတို့ကတော့ ခြေစွမ်းပိုင်းအတက်အကျရှိနေပြီး အထူးသဖြင့် အဝေးကွင်းမှာ ရလဒ်မကောင်းတတ်ပါဘူး။ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ နောက်ဆုံးသုံးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲစလုံးသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို အကောင်အထည်ဖော်ပါလိမ့်မယ်။ အကြိုက်ဟာ အိမ်ရှင်ဖြစ်ပြီး အမှတ်ပြည့်ကို အိမ်ရှင်တို့ပဲ ရယူသွားလိမ့်မယ်လို့ ယုံကြည်နေပါတယ်။ ။




## ချယ်လ်ဆီးနဲ့ပွဲ ဘန်တီကီလည်းလွဲနိုင်

ပေါင် ၃၂ သန်းနဲ့ ခေါ်ယူခဲ့တဲ့ လီဗာပူးတိုက်စစ်မှူး ဘန်တီကီဟာ ဒဏ်ရာထပ်မံရရှိသွားတဲ့အတွက် လာမယ့်အောက်တိုဘာ ၃၁ ရက် ချယ်လ်ဆီးအိမ်ကွင်းသို့ သွားရောက်ကစားတဲ့ပွဲမှာ လွဲချော်ဖွယ်ရှိကြောင်း လီဗာပူးတာဝန်ရှိသူတွေက ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ ဘင်တီကီဟာ လီဗာပူးကို ရောက်လာကတည်းက ဒဏ်ရာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဆောက်သမ်တန်နဲ့ ကစားတဲ့ပွဲမှာ ဒဏ်ရာရရှိခဲ့တဲ့အတွက် အနားယူရဖွယ်ရှိနေပါတယ်။ ပြီးခဲ့တဲ့လက တံခါက်ကြောထိခိုက်ဒဏ်ရာကြောင့် အနားယူနေရာမှ ပြီးခဲ့တဲ့အပတ်က ဆောက်သမ်တန်နဲ့ပွဲမှာ လီဗာပူးအတွက် ခေါင်းတိုက်ဂိုးနဲ့ သွင်းယူပေးခဲ့ပေမယ့် လူစားလဲကစားခဲ့ရပါတယ်။ ဘန်တီကီဟာ အက်စ်တွန်ဗီလာမှ ပေါင် ၃၂ သန်းနဲ့ ရောက်လာပြီးကတည်းက သုံးဂိုးသာ သွင်းယူပေးနိုင်ပါသေးတယ်။ လက်ရှိအချိန်မှာ လီဗာပူးအသင်းမှာ ဒန်နီအင့်နဲ့ စတာရစ်တို့လည်း ချယ်လ်ဆီးနဲ့ပွဲမှာ ဒဏ်ရာတွေကြောင့် ဆက်လက်လွဲချော်နိုင်ပါတယ်။ ဒီအတွက်လည်း နည်းပြသစ် ဂျာဂျင်ကလော့အနေနဲ့ လီဗာပူးမှာ ပထမဆုံးအနိုင်ပွဲရဖို့ အလှမ်းဝေးနေတဲ့ အနေအထားရှိပါတယ်။

## လီဆက်စတာနည်းပြဟောင်း အက်စ်တွန်ဗီလာ ပစ်မှတ်ထားနေ

အက်စ်တွန်ဗီလာက ရလဒ်တွေအဆိုးရွားဆုံးနဲ့ ကြုံတွေ့နေရတဲ့ တင်ရှားဝုဒ်ကို အလုပ်က ဖြုတ်လိုက်ပြီးတဲ့နောက် နည်းပြသစ်ရှာပုံတော်ဖွင့်နေဆဲ ဖြစ်ပါတယ်။ အက်စ်တွန်ဗီလာက လီဆက်စတာနည်းပြဟောင်း နစ်ဂျဲယ်ပီယာဆင်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။

အက်စ်တွန်ဗီလာက လိုင်ယွန်နည်းပြဟောင်း ရေမီဂါဒီကိုလည်း ပစ်မှတ်ထားနေတာပါ။ သီယာဆင်ဟာ ပြီးခဲ့တဲ့နှစ်က လီဆက်စတာမှ ထွက်ခွာပြီးနောက် အလုပ်လက်မဲ့ဖြစ်နေတယ်လို့ ဆိုပါတယ်။

ပီယာဆင်ဟာ အက်စ်တွန်ဗီလာရဲ့ လာမယ့်နည်းပြဖြစ်လာလိမ့်မယ်လို့ ရေပန်းစားနေပါတယ်။ ပီယာဆင်ဟာ လွန်ခဲ့သောနှစ်က လီဆက်စတာကို ပရီမီယာလိဂ်သို့ရောက်အောင် ပို့ပေးနိုင်ခဲ့တဲ့ နည်းပြဖြစ်ပါတယ်။ အက်စ်တွန်ဗီလာ နည်းပြရာထူးအတွက် လီဗာပူးနဲ့ ဘလက်ဘန်းနည်းပြဟောင်း ဂရာမီဆောင်းနက်ကလည်း လိုလားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ပီယာဆင်ကတော့ အက်စ်တွန်ဗီလာနည်းပြဖြစ်ဖို့ ပို၍ရေပန်းစားနေတယ်လို့ ဆိုပါတယ်။



## မော်ရင်ညို ငိုခဲ့ရပြီ

ပရီမီယာလိဂ်မှာ ရလဒ်တွေအဆိုးရွားဆုံးနဲ့ ရင်ဆိုင်နေရတဲ့ ချယ်လ်ဆီးနည်းပြမော်ရင်ညိုဟာ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲ စတုတ္ထအဆင့် ပြိုင်ပွဲမှာလည်း စတုတ်ကိုရှုံးနိမ့်ပြီး ထွက်ခဲ့ရတဲ့အတွက် နာကျင်စွာခံစားမှုတွေနဲ့ ငိုခဲ့ရပြီဖြစ်ပါတယ်။ ဒီပွဲမှာ တစ်ဖက်တစ်ဂိုးစီနဲ့ သရေကျခဲ့ရပေမယ့် ဟာဇက်ရဲ့ ပယ်နယ်တီ လွဲချော်သွားတဲ့အတွက် ချယ်လ်ဆီးတို့ ကက်ပီတယ်ဝမ်းဖလားနဲ့ နှုတ်ဆက်ခဲ့ရပြီ ဖြစ်ပါတယ်။ ဒီပွဲမှာ စတုတ်က ချယ်လ်ဆီးကို ပယ်နယ်တီ ငါးဂိုး-လေးဂိုးနဲ့နိုင်ပြီး ပဉ္စမနေရာ တက်ရောက်သွားခဲ့ပါတယ်။ ဒီအတွက် နည်းပြ မော်ရင်ညိုဟာ ဖိအားပေးမှု၊ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပြီး အလုပ်ဖြုတ်ခံရဖို့ အတော်လေးနီးစပ်သွားပြီ ဖြစ်ပါတယ်။ အသင်းပိုင်ရှင် အေဘရာမိုဗစ်အနေနဲ့ အာမခံပေးစရာ မလိုတော့ဘူးလို့ နည်းပြမော်ရင်ညိုက ဆိုပါတယ်။ ပရီမီယာလိဂ်မှာ ရှုံးပွဲတွေဆက်နေတုန်းက အသင်းပိုင်ရှင်အေဘရာမမိုဗစ်က မော်ရင်ဟိုကို အလုပ်မဖြုတ်ဖို့ အာမခံပေးထားခဲ့တာပါ။ သို့ပေမယ့် လီဗာပူးနဲ့ ပွဲမှာလည်း အနိုင်ရဖို့မလွယ်ပါဘူး။ ဒီအထဲမှာ တိုက်စစ်မှူး ကော်စတာလည်း နံရိုးပြင်းထန်စွာဒဏ်ရာရသွားတဲ့တွက် ပြိုင်ပွဲနဲ့လွဲချော်ဦးမယ့် အနေအထားရှိပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

# ကလေးလွင်ပြင်တွင် ဆောင်းသီးနှံအစားထိုးစိုက်ပျိုးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

**ကလေး အောက်တိုဘာ ၂၉**

ကလေးလွင်ပြင်တွင် ရေကြီးနစ်မြုပ်မှုကြောင့် လယ်ယာမြေများပျက်စီးခဲ့ပြီး မိုးစပါးနှင့် မိုးသီးနှံများ ပြန်လည်စိုက်ပျိုးခြင်း မပြုနိုင်သည့် လယ်ယာမြေ ၂၆၅၆၅ ဧကတွင် ဆောင်းသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံအစားထိုးစိုက်ပျိုးရန် ဆောင်ရွက်မှုအဖြစ် စက်မှုလယ်ယာဦးစီးဌာနက ကလေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၉ အုပ်စု၌ ထွန်စက်ကြီး ၉၅ စီး အသုံးပြုကာ လယ်ယာမြေ ၂၁၄ ဧကပေါ်မှ သစ်တုံးများ ဖယ်ရှားခြင်း၊ လယ်ယာမြေ ၈၇ ဧကကို မြေညှိပေးခြင်းနှင့် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန် လယ်ယာမြေ ၃၀၁၈ ဧကကို အခမဲ့ထွန်ယက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကလေးဝမြို့နယ်တွင်လည်း ထွန်စက်ကြီးငါးစီးနှင့် တမူးမြို့နယ်တွင် ထွန်စက်ကြီး ၁၀ စီးဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးလွင်ပြင်ရှိ ပျက်စီးလယ်မြေဧကများတွင် ဆောင်းသီးနှံအစားထိုးစိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် ဆောင်းသီးနှံမျိုးစေ့များကို တောင်သူများလက်ဝယ်သို့ အခမဲ့ဖြန့်ဖြူးထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာအုပ်စု ၂၂ အုပ်စုမှ လယ်ယာမြေဧက ၇၅၁၀ ကျော်အတွက် မြေပဲတောင့် ၂၀၀၂ တင်းနှင့် အဆန် ၁၀ တင်း၊ နေကြာ ၅၃၃ တင်း၊ ပဲတီစိမ်း ၅၆ တင်း၊ ပဲယင်း/ပဲပုပ် တင်း ၂၀၀၊ ပဲနီ/ပဲကြား ၁၅၁၈ တင်း၊ အစေ့ထုတ်ပြောင်း ၅၉၉၀ ကီလိုနှင့် နှစ်တင်း၊ မတ်ပဲတစ်တင်း၊ စားတော်ပဲ ၁ ဒသမ ၇၅ တင်း၊ ကုလားပဲ ၃၀၂ တင်း၊ ပဲလွန်းဖြူ ၂ ဒသမ ၅ တင်း၊ ပဲကြီး သုည ဒသမ ၅ တင်းနှင့် ဂျုံ ၁၀၀ ဒသမ ၅ တင်းတို့ကို အခမဲ့ထောက်ပံ့ဖြန့်ဖြူးပေးလျက်ရှိကြောင်းလည်း သိရသည်။

ကလေးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် နတ်မြောင်းကျေးရွာအုပ်စု အင်းစိန်ကျေးရွာမှ တောင်သူများ၏ လယ်မြေများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ရှစ်စီးဖြင့် အခမဲ့ ထွန်ယက်ပေးနေမှုကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ဆွေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းမြင့်၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်ကျော်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ကြည်ဝင်း၊ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် ခရိုင်ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်လွင်တို့က အောက်တိုဘာ ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။



နတ်မြောင်းကျေးရွာအုပ်စုတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သော လယ်ယာမြေဧက ၁၉၂၇ ရှိသည့်အနက် ဧက ၁၈၂၆ တွင် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ဧကများတွင် ဆောင်းသီးနှံများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ **ဂျူနိုင်း**

# ကြိုတင်ဆန္ဒမဲပုံးများကို ပွင့်လင်းမြင်သာစွာ ချိတ်ပိတ်

**သထုံ အောက်တိုဘာ ၂၉**

အထွေထွေရွေးကောက်ပွဲတွင် မွန်ပြည်နယ် သထုံမြို့နယ်အတွင်းမှ ကြိုတင်ဆန္ဒမဲပေးသူများ မဲပေးရာတွင် အသုံးပြုမည့် ကြိုတင်ဆန္ဒမဲပုံး ချိတ်ပိတ်မှုကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အောက်တိုဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များ၊ မီဒီယာနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့များအား ဖိတ်ခေါ်ကာ အများရှေ့တွင် လုံခြုံရေးကြိုးဖြင့် ချိတ်ပိတ်ခဲ့ကြောင်း သိရသည်။



"လွတ်လပ်ပြီး မျှမျှတတဆောင်ရွက်တဲ့အနေနဲ့ ရွေးကောက်ပွဲဥပဒေနဲ့အညီ အခုလို အားလုံးကို ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရတာပါ။ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွေကိုလည်း ဒီလ ၂၅ ရက်ကစပြီး ကြိုတင်မဲအတွက် လိုအပ်တာတွေ ထုတ်ပေးထားပြီးတော့ ဒီနေ့မှာ လုံခြုံရေးကြိုးနဲ့ ချိတ်ပိတ်မှာဖြစ်လို့ အားလုံးက လိုက်ပြီးကြည့်ရှုပေးကြဖို့ ဖိတ်ခေါ်တာဖြစ်ပါတယ်" ဟု သထုံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မြင့်က ပြောကြားသည်။

ကြိုတင်မဲပုံးချိတ်ပိတ်မှုကို လာရောက်စောင့်ကြည့်လေ့လာကြသူများက ရွေးကောက်ပွဲဆိုင်ရာ သိလိုသည်များကို မေးမြန်းခဲ့ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြသည်။

"ကြိုးတစ်ချောင်းစီမှာ နံပါတ်စဉ် ပါပါတယ်။ မဲပုံးတစ်ပုံးကို ကြိုးနှစ်ချောင်းနဲ့ ပိတ်ရမှာပါ။ ကြိုးက ထည့်ပြီးရင် ပြန်ထုတ်လို့မရတော့ဘူး။ ကြိုးတွေရဲ့ နံပါတ်စဉ်ကို အသေအချာမှတ်ထားပြီး မဲပုံးဖွင့်တဲ့အခါ ပြန်လည်တိုက်ဆိုင်စစ်ဆေးနိုင်ပါတယ်"ဟု မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်တစ်ဦးက ကြိုတင်မဲပုံးကို ချိတ်ပိတ်နေစဉ် ရှင်းပြသည်။

ကြိုတင်မဲများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများ၌ ဆန္ဒပြုမဲပေးနိုင်ပြီး အဆိုပါ ကြိုတင်မဲပုံးကို နိုဝင်ဘာ ၈ ရက် မဲရုံမပိတ်မီအချိန်၌ ရွေးကောက်ပွဲဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်စစ်ဆေးသွားမည် ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။ **သက်ဦး(သထုံ)**

# ကျေးရွာနှစ်ရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာနှစ်ရွာ၌ နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံဦးမြင့်ရွှေက အမှာစကားပြောကြားပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးအောင်မြင့်က လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့် ဒေသခံပြည်သူများအနေဖြင့် ဓာတ်အားအသုံးပြုရာတွင် အန္တရာယ်ကင်းရှင်းစေရေး သတိပြုသင့်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၏ ခွင့်ပြုငွေဖြင့် မတည်ဆောင်ရွက်သည့် ၁၁ ကေဗွီဓာတ်အားလိုင်းနှစ်မိုင်၊ ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ကျေးရွာပြည်သူများ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။

အောင်မြေရိပ်သာကျေးရွာ၌လည်း နေပြည်တော်ကောင်စီ၏ ခွင့်ပြုငွေဖြင့် မတည်ဆောင်ရွက်ခဲ့သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင်၊ ၁၁/၀. ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေဖြင်ဆောင်ရွက်ခဲ့သည့် ၄၀၀ ဗို့ဓာတ်အားလိုင်းများကို ဆက်လက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

# မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ပွဲပြုလုပ်

**အောင်လံ အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြလို့တိုက်နယ်အတွင်းရှိ မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ တာဝန်ပေးအပ်ပွဲနှင့် လုပ်ပိုင်ခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ပြလို့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် အောင်လံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မောင်အေးနှင့် ဒေါ်တင်သူဇာလှိုင်တို့က မဲရုံအဖွဲ့ဝင်များအနေဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဘက်လိုက်မှုမရှိပဲ မျှတစွာလိုက်နာဆောင်ရွက်ကြရန်၊ ကဏ္ဍအလိုက် ဆောင်ရွက်ရန်ကိစ္စများကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးပြီး မဲရုံအဖွဲ့ဝင်များ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။ ထို့နောက် ခန်းမအတွင်း၌ ပြင်ဆင်ပြသထားသော နမူနာမဲရုံကို မဲရုံဝန်ထမ်းများအား လှည့်လည်ကြည့်ရှုစေပြီး လက်တွေ့ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြလို့တိုက်နယ်အတွင်း ကျေးရွာအုပ်စု ၁၄ ခုရှိ မဲရုံ ၃၁ ရုံတွင် တာဝန်ထမ်းဆောင်မည့် မဲရုံကြီးကြပ်ဝန်ထမ်းများ၊ မဲလက်မှတ်ထုတ်ပေးသူများ၊ မဲရုံလုံခြုံရေးနှင့် မင်တို့ဝန်ထမ်းများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **သိန်းလွင် (ပြန်/ဆက်)**

# မဲရုံသုံးပစ္စည်းများ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲများသို့ ဖြန့်ဝေ



**မိုးနဲ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အတွင်း မဲရုံများ၌ အသုံးပြုမည့် မဲပုံးများအပါအဝင် မဲရုံသုံးပစ္စည်းများကို ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အောက်တိုဘာ ၂၇ ရက်တွင် စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့ရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မဲရုံ စုစုပေါင်း ၂၇ ရုံ၌ အသုံးပြုမည့် ဆန္ဒမဲပုံး၊ မဲလက်မှတ်များနှင့် မဲရုံသုံးပစ္စည်းများကို ဖြန့်ဝေပေးနေခြင်းဖြစ်သည်။ မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့ရှိ မဲဆန္ဒနယ်အမှတ်(၁)နှင့် မဲဆန္ဒနယ်အမှတ်(၂)တို့တွင် မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၃၁၂၃၈ ဦး ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတို

### ပုလဲသွယ်စပါးစံပြကွက်ရိတ်သိမ်း

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာရှိ မျိုးသန့်စံပြရွာ ဧက ၅၀ စိုက်ကွင်း၌ မျိုးကွဲနုတ်ပယ်ခြင်း သရုပ်ပြပွဲနှင့် စိုက်ပျိုးထားသည့် ပုလဲသွယ်စပါး စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့ရာ တစ်ဧက ၁၄၇ ဒသမ ၇၆ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ဝင်းနိုင်က မျိုးကွဲနုတ်ပယ်ခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သရုပ်ပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲသို့ မအူပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိုက်စိုးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးပြုလုပ်

ပြည်ခရိုင်အတွင်း အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ အစည်းအဝေးကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၇ ရက်က ပြုလုပ်ခဲ့ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ်ကာလတွင် ပါတီအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် စေ့စပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

### ရွေးကောက်ပွဲဆိုင်ရာများ ဆွေးနွေးပွဲကျင်းပ

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများတွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာဆွေးနွေးပွဲကို အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမ၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးသော်တာငြိမ်းက ရွေးကောက်ပွဲလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်လွင်က ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **မျိုးမင်းဦး(ပြန်/ဆက်)**

### ရွေးကောက်ပွဲနှင့် မဲရုံလုပ်ငန်းဆိုင်ရာများ သင်တန်းပို့ချ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မဲရုံမှူးများနှင့် ဒုမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာသင်တန်းကို မတ္တရာမြို့ ဘုရင့်နောင်ခန်းမ၌ အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်း၊ မဲရုံမှူးနှင့် အဖွဲ့ဝင်များမှ ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို ရှင်းလင်းပို့ချခဲ့ပြီး မဲရုံလုပ်ငန်းများကို လက်တွေ့သရုပ်ပြခဲ့ကြသည်။ ဆက်လက်၍ သင်တန်းသားများက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးခဲ့ကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ မတ္တရာမြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၈၈ အုပ်စုနှင့် မဲရုံ ၂၆၅ ရုံရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## မိုင်းအခြေခံသဘောတရားနှင့် ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း (ဆင့်ပွား)သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့)မြို့နယ်ရှိ အဆင့်မြင့်မွမ်းမံလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ မိုင်းအခြေခံသဘောတရားနှင့် မိုင်းအန္တရာယ်ကာကွယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုနည်း(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၄/၂၀၁၅)ကို အောက်တိုဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူးရဲမှူးကြီးဝင်းဗိုလ်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲသို့ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ထွေး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မရဲစခန်းမှူး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲတို့မှ ရဲအရာရှိများ ၊ သင်တန်းမှူးနှင့်နည်းပြများ၊ သင်တန်းသားရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ သင်တန်းကို အောက်တိုဘာ ၂၆ရက်မှ နိုဝင်ဘာ ၆ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်အရာရှိများနှင့် အခြားအဆင့် ၄၀ အား လေ့ကျင့်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း (SP)**

## တနင်္သာရီမြို့ ရိုးရာနဂါးလှေတော်ရေချမင်္ဂလာကျင်းပ



**တနင်္သာရီ အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်၏ ရှေးဟောင်းရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် နဂါးလှေရိုးရာကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့တိုင်း ကျင်းပသည့် ရိုးရာနဂါးလှေလှော်ခတ်ပွဲအတွက် ငွေနန်းသာရီ နဂါးလှေတော်ရေချပွဲကို ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာ-ကမ်းနားလမ်းရှိ နဂါးလှေရုံ၌ အောက်တိုဘာ၂၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချောင်းကြီးကျောင်းတိုက် သက်တော်ရှည်ဆရာတော်နှင့် နဂါးလှေအသင်း ဥက္ကဋ္ဌ ဦးကြည်၊ ချောင်းကြီးရပ်၊ ချောင်းငယ်ရပ်နှင့် မြို့ဦးရပ်များမှ ရပ်မိရပ်ဖများက ငွေနန်းသာရီနဂါးလှေတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လှေတော်သားများ စုပေါင်းအားဖြင့် ငွေနန်းသာရီနဂါးလှေတော်ကို လှေရုံမှ လျှောဖြင့် တဖြည်းဖြည်းချင်းရေထဲချပေးကြကာ လှေတော်သား ၄၂ ဦးတို့က မြစ်ကြောင်းတစ်လျှောက် စမ်းသပ်လှော်ခတ်ကြသည်။ လှေတော်တွင် မင်္ဂလာဦးပေါက်တစ်ဦး၊ မင်္ဂလာလည်ရွဲလေးဦး၊ လျှာတက်ကိုင်(ပဲ့နင်း)တစ်ဦး၊ ရိုးရာတီးဝိုင်း(နဲ့+ဗုံ+မောင်း+လင်းကွင်း)လေးဦး၊ ပဲ့မာန်စွယ် (ပဲ့နင်းအကူ)လေးဦးနှင့် လှေတော်သားများ စုစုပေါင်း ၄၂ ဦး ပါဝင်လှော်ခတ်ရကြောင်း သိရသည်။

ယခုနှစ် နဂါးလှေရေချပွဲကို တနင်္သာရီမြို့တည်နန်းတည် ၆၄၂ နှစ်မြောက်အထိမ်းအမှတ်နှင့် နဂါးလှေတော်ခလေ့ ၈၆၂ နှစ်မြောက်အထိမ်းအမှတ်အဖြစ် ဗျိုင်းတောင်ခလေ့များဖော်ထုတ်ပြသခြင်း၊ မျိုးဆက်သစ်လူငယ်များ နဂါးအကကပြခြင်းစသည့် အစီအစဉ်များဖြင့် ယခင်နှစ်များနှင့်မတူအောင် ထူးခြားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ငွေနန်းသာရီနဂါးလှေတော်သည် စကားစပွါယ်သစ်အမျိုးအစား တစ်ဖြောင့်တည်း(ဆက်ရာမပါ) ၆၃ ပေရှည်ပြီး နဂါးသဏ္ဌာန်ဦးခေါင်း ၆ ပေနှင့် အမြီးပိုင်း ၆ ပေအပါအဝင် စုစုပေါင်း ၇၅ ပေရှိသည်။ အကျယ် ၄ ပေ၊ ဝမ်းစောက် ၂ ပေနှင့် လှေနံထု ၃ လက်မရှိပြီး ရှေးရိုးရာမပျက် ထွင်းလုပ်ထားခြင်းဖြစ်သည်။

တနင်္သာရီမြို့၌ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်(နိုဝင်ဘာ ၁ ရက်)တွင် တနင်္သာရီမြစ်အတွင်း နဂါးလှေတော်ခြောက်စင်းမှ လှေတော်သားများက လှော်ခတ်ကာ ရှေးဟောင်းသမိုင်းဝင် ဘုရားပုထိုးစေတီများအား လှေဦးတိုက် ဦးခိုက်ပူဇော်ပွဲကို စည်ကားထူးခြားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ–ထိန်ဝင်း**

## ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များအခမဲ့ဖြန့်ဝေပေး

**မော်လူး အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုန်းဒုတ်ကျေးရွာ၌ ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များကို နိုဝင်ဘာ၂၇ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ဆေးစိမ်ခြင်ထောင်များကို မော်လူးတိုက်နယ် ကျန်းမာရေးဌာနမှ ဘက်စုံသားဖွားဆရာမ ဒေါ်ခင်ထွေးကြိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများ၏ အိမ်ထောင်စုလူဦးရေ အနည်းအများပေါ်မူတည်ကာ အချိုးကျ ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ပြီး အုန်းဒုတ်ကျေးရွာ ရာအိမ်မှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများဝင်များက ဝိုင်းဝန်းကူညီခဲ့ကြကြောင်း၊ အုန်းဒုတ်ကျေးရွာမှ ဒေသခံပြည်သူမိသားစုများအတွက် ဆေးစိမ်ခြင်ထောင် ၅၁၈ လုံးကို ပေးဝေခဲ့ကြောင်း သိရသည်။

ဆေးစိမ်ခြင်ထောင်များကို အုန်းဒုတ်ကျေးရွာအပြင် အင်းတော်မြို့နယ်အတွင်းရှိ ဟဲနုကျေးရွာ၊ စီးမော်ကျေးရွာနှင့် မန်ကျည်းကုန်းကျေးရွာများမှ ဒေသခံပြည်သူများအတွက်လည်း ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါငှက်ဖျားရောဂါကာကွယ်ရေး ဆေးစိမ်ခြင်ထောင်များကို ယူနီဆက်ဖ်မှ အဓိကပံ့ပိုးကူညီပြီး ကျန်းမာရေးဝန်ကြီးဌာနက သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာများအလိုက် အခမဲ့ဖြန့်ဖြူးပေးဝေလျက်ရှိကြောင်း သိရသည်။

**(၁၄၉)**



## ကျေးရွာနှစ်ရွာ၌ သုတရသစာအုပ်များ၊ မှတ်တမ်းဓာတ်ပုံများပြပွဲနှင့် ရွေးကောက်ပွဲဆိုင်ရာသိမှတ်ဖွယ်ရာများ ဟောပြောပွဲကျင်းပ

**ဂန့်ဂေါ အောက်တိုဘာ ၂၉**

ဂန့်ဂေါခရိုင်အတွင်းမှ ကျေးလက်နေပြည်သူများ စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် သုတရသ၊ မဂ္ဂဇင်းများစာအုပ်ပြပွဲနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများပြပွဲကို ထယ်လှော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ကျွန်းဒတ်ကျေးရွာ စာသင်ကျောင်းများတွင် အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

စာအုပ်နှင့် ဓာတ်ပုံပြပွဲကို ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲသို့ ကျေးရွာနေ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။ ပြပွဲများကျင်းပရာတွင် ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများအကြောင်း ဟောပြောပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ ဂန့်ဂေါခရိုင် ပြန်/ဆက်ဦးစီးဌာနသည် ခရိုင်အတွင်း ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းအနေဖြင့် စာအုပ်ပြပွဲများကိုကျေးရွာများသို့ ကွင်းဆင်းပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

# အသည်းကင်ဆာ အပိုင်း(၂)

**ပါမောက္ခ ခင်မောင်ဝင်း (အသည်း)**

**အသည်းကင်ဆာရောဂါရှာဖွေနည်း**

**AFP(Alfa Protein) အယ်လ်ဖာပရိုတိန်း**

အသည်းရောင် ဘီပိုးစီပိုးရှိတဲ့သူတွေ၊ ဒါမှမဟုတ် အသည်းမှာ အလုံးရှိတဲ့သူတွေ၊ အသည်းခြောက်တဲ့ သူတွေမှာ သွေးလေးတစ်ခုစစ်လိုက်ရင် အသည်းကင်ဆာ ဟုတ်မဟုတ် သိနိုင်ပါတယ်။

အဲဒါကဘာလဲဆိုတော့ (Alpha Faeto Protein-AFP)ဆိုတာရှိမရှိ သွေးကိုစစ်တာပါ။ AFP ကို သွေးထဲမှာ စစ်ကြည့်လိုက်ရင် အသည်းကင်ဆာ ဟုတ်မဟုတ် ဆိုတာသိရှိဖို့ တော်တော်ကို အထောက်အကူပြုပါတယ်။ အသည်းကင်ဆာဖြစ်သူတွေရဲ့ ၅၀ ရာခိုင်နှုန်းလောက်မှာ AFP မြင့်နေတာတွေ့ရပါတယ်။ AFP ဟာ ပုံမှန်အားဖြင့် ၁၀ မကျော်ရပါဘူး။ စစ်လိုက်လို့ ၅၀၀ကျော်တယ်ဆိုရင်တော့ အသည်းကင်ဆာဖြစ်ဖို့ တော်တော်လေးကို သေချာပါပြီ။

ဒါကြောင့် AFP စစ်ဆေးတာဟာ အသည်းကင်ဆာ ဟုတ်မဟုတ်သိဖို့ အတော်ကိုအသုံးကျပါတယ်။ ဘီပိုးရှိတဲ့သူ စီပိုးရှိတဲ့သူတွေဟာ ခြောက်လတစ်ခါလောက် AFP စစ်သင့်ပါတယ်။ အသည်းခြောက်တဲ့သူတွေမှာတော့ ဆရာဝန်ရဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီးတော့ လိုအပ်ရင်လိုအပ်သလို သုံးလ၊ လေးလဆိုသလို AFP ကို မှန်မှန်စစ်ဆေးကြရပါမယ်။

**အာထရာဆောင်း တီဗွီဓာတ်မှန်**

အဲဒီ အသည်းကင်ဆာရှာဖွေတဲ့နည်းလမ်းကတော့ ပုံရိပ်ဖော် Ultrasound ပါပဲ။ အာထရာဆောင်းကို လူအများစုက တယ်လီဗီးရှင်းဓာတ်မှန်လို့ ခေါ်ကြပါတယ်။ တီဗွီဓာတ်မှန်စစ်ထားတာဟာ ဓာတ်ရောင်ခြည်လည်း မပါ၊ ငွေကုန်ကြေးကျလည်း အထူးသက်သာပါတယ်။ အရမ်းကိုလွယ်ကူတယ်။ တီဗွီဓာတ်မှန်ကို မှန်မှန်ရိုက်ပြီး စစ်ကြည့်ထားမယ်ဆိုရင် အသည်းကင်ဆာရောဂါ ရှိမရှိဆိုတာကို စောစောစီးစီး သိနိုင်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံတစ်ဝန်းမှာ ဆေးရုံမှာရော အပြင်ဆေးခန်းတွေမှာပါ တီဗွီဓာတ်မှန်စက်တွေ ရှိနေပါတယ်။ တီဗွီဓာတ်မှန်ဟာ သိပ်ကိုအသုံးကျတဲ့ စစ်ဆေးမှုတစ်ခုပါ။ အသည်းကင်ဆာ ဟုတ်မဟုတ်သိဖို့ရာ တီဗွီဓာတ်မှန်နဲ့ စစ်ရင် အလွယ်တကူသိရှိနိုင်ပါတယ်။ မြန်မာနိုင်ငံ ဆေးရုံတိုင်းမှာ တီဗွီဓာတ်မှန်ရှိသင့်ပါတယ်။

**CT နဲ့ MRI**

အသည်းထဲမှာ တီဗွီဓာတ်မှန်နဲ့ အလုံးတွေ့တယ်၊ အနာတွေ့တယ်၊ အသည်းကင်ဆာထင်တယ်ဆိုတော့မှ ကင်ဆာဟုတ်လား၊ မဟုတ်လားဆိုတာ ပိုပြီးသေချာအောင် CT Scan ဆိုတာ ရိုက်လို့ရပါတယ်။ CT ဓာတ်မှန်ကို အရပ်ထဲမှာ ကွန်ပျူတာဓာတ်မှန်လို့ ပြောကြတယ်။ CT Scan ထပ်ရိုက်ကြည့်ရင်တော့ ပိုပြီး သေချာသွားတာပေါ့။ CT ဓာတ်မှန်ကတော့ ပုံဖော်ရာမှာ သေသေချာချာ မြင်ရပါတယ်။ ဒါပေမယ့် CT ကတော့ ဓာတ်ရောင်ခြည်တွေကို သုံးရပါတယ်။ CT ဓာတ်မှန်တစ်ခါရိုက်ရင် ရိုးရိုးဓာတ်မှန် အချပ် ၂၀ ကျော်လောက်ရိုက်တာနဲ့ညီတဲ့ ဓာတ်ရောင်ခြည်တွေ ကိုယ်ထဲကို ဝင်သွားပါတယ်။ ဒါဟာ CT ရဲ့ မကောင်းတဲ့အချက်ပါ။ ဒါကြောင့် အလုံးဟာ မသဲကွဲဘူး၊ အသည်းကင်ဆာထင်မှပဲ CT ကို ရိုက်သင့်ပါတယ်။



CT စက်



MRI စက်

MRI ဆိုတာကတော့ ဓာတ်ရောင်ခြည်မပါဘဲ သံလိုက်လှိုင်းကိုသုံးပြီး ပုံဖော်တဲ့နည်းစနစ်ပါ။ MRI ဟာလည်း တော်တော်လေးကိုသုံးကြတဲ့ ပုံဖော်နည်းစနစ်ပါ။ ဈေးတော့ကြီးတယ်။

**အသည်းအသားစ ယူခြင်း**

အသည်းကင်ဆာဟုတ်မဟုတ် အသေချာဆုံးကတော့ အသည်းကနေ အသားစယူတာပါ။ လစ်ဗာဘိုင်အိုစီ Liver Biopsy လို့ ခေါ်ပါတယ်။ အသည်းထဲကို ခြောက်လက်မလောက်ရှည်တဲ့အပ်နဲ့ထိုးပြီး အသည်းထဲက အသားစကိုစုပ်ယူပြီး ကင်ဆာဟုတ်မဟုတ်ဆိုတာ စစ်ဆေးတာပါ။ နိုင်ငံတကာ ဆေးရုံအတော်များများမှာတော့ အသည်းကင်ဆာလို့ သေချာတယ်လို့ ယူဆရင် အသည်းအသားစ Liver Biopsy မယူတော့ပါဘူး။ ဘာလို့လဲဆိုတော့ အခုခေတ် ပုံရိပ်ဖော်နည်းစနစ်တွေက ကင်ဆာဟုတ်မဟုတ် သေချာသိအောင်လုပ်ပေးနိုင်လို့ပါ။ ပြီးတော့ အသည်းထဲမှာ သွေးကြောတွေက များတယ်။ အဲဒီတော့ အပ်နဲ့ထိုးပြီး အသည်းအသားစကို ယူလိုက်တဲ့ အခါ အသည်းထဲမှာ သွေးကြောတွေပေါက်သွားနိုင်တယ်။

ဒါမှမဟုတ်ရင်လည်း ဒီကင်ဆာလုံးထဲကို အပ်နဲ့ထိုးမိရင် စမ်းသပ်စစ်ဆေးတာဆိုတော့ ကင်ဆာကိုပျံ့နှံ့စေပါတယ်။ မြန်မာဆရာဝန်တစ်ယောက် တောင်အာဖရိကမှာ အလုပ်သွားလုပ်ရင်း အသည်းကင်ဆာဖြစ်ပါတယ်။ တောင်အာဖရိကနိုင်ငံ ဆေးရုံက အသည်းကင်ဆာ သေချာတယ်ဆိုပြီးတော့ အပ်နဲ့စုပ်ပြီး Biopsy ယူလိုက်ပါတယ်။ အဲဒီနောက် Biopsy ယူလိုက်တဲ့လမ်းကြောင်း တစ်လျှောက် အသည်းကင်ဆာအလုံးတွေ လိုက်ထွက်

> **လူရဲ့အခြေအနေကိုကြည့်ပြီး တချို့လူနာတွေမှာ နောက်ဆုံးအဆင့်ကို ရောက်နေပြီ၊ ကုလို့မရနိုင်တော့ဘူးလို့ ပြောသင့်ရင်လည်းပြောရပါမယ်။ ဒါပေမယ့် ပြဿနာက အဲလိုတွေပြောလိုက်ရင် လူနာရှင်တွေက စိတ်ဆိုးသွားတတ်ကြပါတယ်။ လူနာမိသားစုကို ပထမဆွေးနွေးတာမှာ အခုပြောခဲ့သလို ကင်ဆာဆိုတဲ့အခြေအနေတွေကို ရှင်းရှင်းလင်းလင်းမပြောဘဲ ထားပြန်ရင်လည်း ဆရာက အချိန်ဆွဲကုတယ်လို့ အပြောခံရတယ်။ လူနာရဲ့ရောဂါအခြေအနေကို အမှန်အတိုင်းပြောလိုက်ရင်လည်း တော်ပြီ၊ ဒီလောက်ရိုင်းတဲ့ဆရာနဲ့ မကုတော့ဘူးဆိုပြီး စိတ်ဆိုးကြတယ်။ လူနာရှင်တွေကိုပြောတာတောင် ဒီလောက်ခက်ခဲနေရင်၊ လူနာကို ရောဂါအခြေအနေအမှန်အတိုင်းပြောဖို့ဆိုတာ မြန်မာနိုင်ငံမှာ အဝေးကြီးလိုပါသေးတယ်. . .**

လာတာကို တွေ့ဖူးပါတယ်။ ဒီတော့ ကျွန်တော့်ရဲ့မူအရကတော့ အသည်းကင်ဆာလို့ထင်ရင် Biopsy မယူပါဘူး။ အခုခေတ်မှာ အသည်းကင်ဆာဟုတ်မဟုတ် သိနိုင်တဲ့ တခြားနည်းစနစ်တွေ အများကြီးရှိပါတယ်။ AFP သွေးစစ်တာ၊ Ultrasound ရိုက်တာ၊ ပြီးတော့ CT Scan ရိုက်မယ်၊ အသည်းထဲကိုဆေးထိုးပြီး ဓာတ်မှန်ရိုက်မယ်။ Hepatic Angiogram လို့ခေါ်တယ်။ ဒီအစီအစဉ်တွေ အတော်များများမှာ အသည်းကင်ဆာဟုတ်မဟုတ် အဖြေပေါ်ပါတယ်။

**အသည်းကင်ဆာလူနာနဲ့ ဘယ်လိုရင်ဆိုင်မလဲ**

အသည်းကင်ဆာဆိုတာသိပြီးရင် အဲဒီလူနာနဲ့ ရင်ဆိုင်ရတာဟာ တော်တော်ကိုခက်ခဲပါတယ်။ လူနာရဲ့ အမျိုးတွေနဲ့ ရင်ဆိုင်ရမယ်။ ဒါဟာလည်း လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေအရဆိုရင် အတော်လေး ညင်ညင်သာသာကိုင်တွယ်ရမယ့် ပြဿနာတစ်ခုပါပဲ။ အသည်းကင်ဆာတင်မဟုတ်ပါဘူး။ ကင်ဆာပေါင်းစုံမှာရင်ဆိုင်ရမယ့် ဆရာဝန်တစ်ယောက်ရဲ့ ပြဿနာပါ။ အသည်းကင်ဆာလို့ ပြောပြီးသွားရင် ကုသမှုမခံယူဘဲထားရင် အကြာကြီးနေရမှာမဟုတ်ဘူး။ တစ်နှစ်မကျော်ဘူး။ ခြောက်လလောက်ပဲခံမယ်ဆိုတာ ပြောရမယ်။ လူရဲ့အခြေအနေကိုကြည့်ပြီး တချို့လူနာတွေမှာ နောက်ဆုံးအဆင့်ကိုရောက်နေပြီ၊ ကုလို့မရနိုင်တော့ဘူးလို့ ပြောသင့်ရင်လည်းပြောရပါမယ်။ ဒါပေမယ့် ပြဿနာက အဲလိုတွေပြောလိုက်ရင် လူနာရှင်တွေက စိတ်ဆိုးသွားတတ်ကြပါတယ်။ လူနာမိသားစုကို ပထမဆွေးနွေးတာမှာ အခုပြောခဲ့သလို ကင်ဆာဆိုတဲ့အခြေအနေတွေကို ရှင်းရှင်းလင်းလင်းမပြောဘဲ ထားပြန်ရင်လည်း ဆရာက အချိန်ဆွဲကုတယ်လို့ အပြောခံရတယ်။ လူနာရဲ့ ရောဂါအခြေအနေကို အမှန်အတိုင်းပြောလိုက်ရင်လည်း တော်ပြီ၊ ဒီလောက်ရိုင်းတဲ့ဆရာနဲ့ မကုတော့ဘူးဆိုပြီး စိတ်ဆိုးကြတယ်။

လူနာရှင်တွေကိုပြောတာတောင် ဒီလောက်ခက်ခဲနေရင်၊ လူနာကို ရောဂါအခြေအနေ အမှန်အတိုင်းပြောဖို့ဆိုတာ မြန်မာနိုင်ငံမှာ အဝေးကြီးလိုပါသေးတယ်။

လူနာနဲ့ အမျိုးအဆွေအသိုင်းအဝိုင်းအနေနဲ့ကတော့ အသည်းကင်ဆာဆိုရင် လုံးဝ ကုစရာနည်းလမ်းမရှိဘူးလို့ ခံယူထားကြတဲ့အတွက် ပညာတတ်တဲ့အသိုင်းအဝိုင်းမှာရော၊ ကျေးလက်မှာရော၊ မြန်မာနိုင်ငံမှာ မြို့ပေါ်မှာရော၊ တောမှာရော၊ လူနာရော၊ လူနာရှင်တွေကိုပါ အသည်းကင်ဆာလို့ ပြောဖို့ခက်ခဲတဲ့အခြေအနေမှာ ရှိနေပါသေးတယ်။

**ဘယ်လိုကုမှာလဲ**

**ခွဲပြီးကုတာ (Resection)**

အလုံးသေးသေး စောစောတွေ့မယ်ဆိုရင် ခွဲလို့ရပါတယ်။ ခွဲထုတ်လို့ရတယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ အသည်းခြောက်တဲ့သူတွေဟာ မှန်မှန်စမ်းသပ်စစ်ဆေးရင်းနဲ့ Ultrasound ရိုက်ကြည့်လို့ အလုံးသေးသေးလေး ၂စင်တီမီတာ၊ ၃စင်တီမီတာအချင်းရှိတဲ့ အလုံးကို တွေ့ရင် ခွဲထုတ်ပြီးကုလိုက်နိုင်ရင် အကောင်းဆုံးပါပဲ။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အသည်းကင်ဆာကို စောစောစီးစီးသာတွေ့မယ်ဆိုရင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ပါတယ်။

**အသည်းအစားထိုးကုတာ**

အသည်းသိပ်ခြောက်နေတဲ့သူတွေမှာ အသည်းဟာ ပြောင်ချောဖြစ်မနေတော့ပဲ အလုံးအလုံးတွေဖြစ်နေပါတယ်။ အဲဒီအလုံးတစ်ခုကနေ ကင်ဆာဖြစ်လို့ ကင်ဆာအလုံးကို ခွဲစိတ်ထုတ်လိုက်လည်း နောက်အလုံးတစ်လုံးက ကင်ဆာပြန်ဖြစ်ဦးမှာပါပဲ။

အဲလိုလူတွေကျတော့ အသည်းအစားထိုးကုတာ အကောင်းဆုံးပါပဲ။ ကားအင်ဂျင်မကောင်းတာကို အင်ဂျင်အသစ် လဲလိုက်သလိုပေါ့။ အသည်းခြောက်ပြီး အသည်းကင်ဆာဖြစ်နေသူတွေဟာ အသည်းအစားထိုးကုလိုက်ရင် အသည်းကင်ဆာရောဂါ လုံးဝပျောက်သွားပြီး သက်တမ်းစေ့နေရမယ့်သဘောပေါ့။

**ခွဲလို့မရတဲ့ လူနာတွေ**

အကြောင်းကြောင်းကြောင့် အသက်ကြောင့်သော်လည်းကောင်း၊ ဒီပြင်ရောဂါတွေကြောင့်သော်လည်းကောင်း၊ အသည်းခြောက်နေလို့သော်လည်းကောင်း၊ ခွဲစိတ်မကုသင့်ဘူး၊ အလုံးကို ခွဲထုတ်လို့မရဘူး၊ အသည်းအစားထိုးလို့လည်း မရဘူးဆိုရင် ဘာတွေလုပ်ပေးနိုင်သလဲဆိုတာ ပြောပြချင်ပါတယ်။ ခွဲလို့မရတော့တဲ့လူနာတွေကို အောက်မှာ ရေးထားတဲ့နည်းစနစ်နဲ့ ကုလို့ရပါတယ်။

(က) RFA(Raddio Frequency Ablation therapy)အပူလှိုင်းနဲ့ မီးရှို့ပစ်လိုက်တာ

(ခ) သွေးကြောကတစ်ဆင့် အသည်းထဲကို ဆေးတွေဖျန်းပြီး သွေးကြောပိတ်တာ၊ အဏုမြူရောင်ခြည် အလုံးလေးတွေ ဖျန်းပေးတာ။

(ဂ) ကင်ဆာဆေးတွေနဲ့ ကုတာ

**(က) RFA အပူလှိုင်းနဲ့ မီးရှို့တာ**

ကင်ဆာအလုံးက သေးတယ် ၄ စင်တီမီတာထက် ငယ်တယ်။ ခွဲစိတ်ကုလို့လည်း မရဘူး၊ အသည်းအစားထိုးလို့လည်း မရဘူးဆိုတဲ့ လူနာတွေမှာ အဲလိုကင်ဆာအလုံး ငယ်ငယ်လေးကို အပ်နဲ့ထိုးလိုက်ပြီး အပ်ကို အပူချိန် ၂၀၀ ဖာရင်ဟိုက်လောက်အထိမြှင့်ပြီး မီးရှို့လို့ရပါတယ်။

အဲလို ကင်ဆာအလုံးကို မီးရှို့ကုတာကို RFA(Radio Frequency Ablation)လုပ်တယ်လို့ ခေါ်ပါတယ်။

RFA လုပ်တဲ့အခါမှာ အသည်းကင်ဆာအလုံးက အသည်းရဲ့အပြင်ပိုင်းတွေမှာဆိုရင် အပြင်ကနေ အပ်နဲ့ထိုးပြီးလုပ်ပါတယ်။ တကယ်လို့ အလုံးက အသည်းအတွင်းမှာ၊ သိပ်ပြီးနက်တဲ့နေရာမှာရှိနေတယ်ဆိုရင်တော့ ဗိုက်ကိုဖွင့်ပြီးမှ အသည်းထဲကိုအပ်စိုက်ပြီး လုပ်ရပါတယ်။

အလုံးခပ်သေးသေးမှာဆိုရင် ခွဲလို့ရတောင် မခွဲဘဲ RFA နည်းစနစ်နဲ့ ကုသလို့ရပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ RFA နဲ့ ခွဲစိတ်ကုသတာဟာ ထိရောက်မှု အတူတူပါပဲ။ တော်တော်လေးကိုအသုံးကျတဲ့ ကုသမှုနည်းစနစ်ပါ။

**(ခ) ၁– အသည်းကင်ဆာ ဆေးဖျန်းတာ**


ကိုယ်ထဲကို Systemic လို့ခေါ်တဲ့ တစ်ကိုယ်လုံးပျံ့နှံ့တဲ့ ကင်ဆာဆေးမသွင်းဘူးဆိုရင်၊ ဆေးတွေမပေးချင်ဘူးဆိုရင် ကင်ဆာဆေးပေးတဲ့နည်းစနစ်တစ်ခုကတော့ ပေါင်ထိပ်ကသွေးကြောလေးကိုဖောက်ပြီး အဲဒီကနေ အသည်းအထိရောက်အောင် Catheter ခေါ်တဲ့ ပြွန်ကလေးနဲ့ထည့်လိုက်ပြီးတော့ အသည်းအလုံးနားအထိ ရောက်အောင်သွားပြီး ဆေးသွင်းပေးခြင်းဖြစ်ပါတယ်။ ဒီကင်ဆာဆေးတွေက အသည်းကင်ဆာအလုံးကိုပဲ ဝင်သွားတယ်။ လူတစ်ကိုယ်လုံးကို ကင်ဆာဆေးတွေ ပျံ့နှံ့သွားစေမှာမဟုတ်ပါဘူး။ အခုလို တိုက်ရိုက် ကင်ဆာဆေးသွင်းပေးလို့ ဆေးဟာ ဒီကင်ဆာအလုံးလေးထဲ ဝင်သွားမယ်၊ စုပ်သွားမယ်။ ဒါကြောင့်မို့ လူနာအနေနဲ့ ကင်ဆာဆေးတွေရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေ မခံစားရဘူး။ နာကျင်မှုလည်းမရှိဘူး။ အဲဒီလို ဆေးသွင်းပြီးတော့မှ သွေးကြောကို gel foam လို့ခေါ်တဲ့ ဖော့တုံးတွေနဲ့ ပိတ်လိုက်တယ်။ ကင်ဆာအလုံးသေးသေးတွေမှာ ကုလို့ရပါတယ်။

အဲဒီလိုကုသတဲ့နည်းကို ဆေးပညာအသုံးအနှုန်းနဲ့ ပြောရရင်တော့ TACE = Trans Arterial Chemo Embolisation လို့ ခေါ်ပါတယ်။ အသည်းကင်ဆာအလုံးထဲကို ဆေးသွင်းခြင်းနဲ့ အသည်းကင်ဆာသွေးကြောကို ပိတ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒီဆေးကုသမှုကို ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၈၈-၁၉၈၉ လောက်က စကုခဲ့ပါတယ်။

စောစောစီးစီးလာပြလို့ TACE နည်းကို စနစ်တကျသုံးပြီး ကုသပေးလို့ ကောင်းသွားခဲ့တဲ့လူနာတွေ အများကြီးရှိပါတယ်။ အဲတော့ အသည်းကင်ဆာနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာ TACE တွေလုပ်နိုင်ပါတယ်။ ဒီလိုလည်း ကုသပေးနေပါတယ်ဆိုတာ ပြောလိုက်ချင်ပါတယ်။

**(ခ) ၂– အဏုမြူရောင်ခြည်ဆေးသွင်းကုထုံး၊ Radio Embolization**

အသည်းကင်ဆာအလုံးထဲကို ကင်ဆာဆေးသွင်းတာထက် ပိုမိုပြီးထိရောက်တဲ့နည်းစနစ်ကတော့ ကင်ဆာအလုံးထဲကို ကင်ဆာဆေးမထည့်ဘဲနဲ့ အဏုမြူရောင်ခြည် (Radoisotope)ဆေး ဖျန်းပေးလိုက်တာပါ။ Y 90 လို့ခေါ်တဲ့ အဏုမြူရောင်ခြည်အလုံးလေးတွေ(microsphere)ကို ပေါင်က သွေးကြောထဲက တစ်ဆင့် TACE လုပ်သလိုပဲ အသည်းသွေးကြောတွေထဲကို ရောက်အောင် ထိုးပေးလိုက်ပါတယ်။ အဲဒီအခါမှာ



အဏုမြူရောင်ခြည်ဆေးသွင်းကုသပုံ

Y 90 အဏုမြူရောင်ခြည် အလုံးလေးတွေကနေ အဏုမြူရောင်ခြည်တွေဖြာထွက်ပြီး အသည်းကင်ဆာဆဲလ်တွေဟာ သေကုန်ပါတယ်။ ဒီဓာတ်ရောင်ခြည် အရှိန်ဟာ သုံးရက်လောက်ပဲကြာကြာခံပြီး အရှိန်ကုန်သွားပါတယ်။ ဒီသုံးရက်အတွင်းမှာ အသည်းကင်ဆာဆဲလ်တွေ သေကုန်တာပေါ့။ ဒီနည်းစနစ်ဟာ တော်တော်ကို ထိရောက်တဲ့ ကုသမှုတစ်မျိုးပါ။ အလုံးကြီးတဲ့ အသည်းကင်ဆာတွေဟာ ဒီလိုအဏုမြူရောင်ခြည်နဲ့ ကုလိုက်လို့ သေးသွားရင် ခွဲထုတ်လို့ရပါတယ်။

စာမျက်နှာ ၂၃ သို့

# ကော့သောင်းမြို့ ရွှေပြည်သာစေတီတော်၌ ဆီမီးတစ်ထောင်ပူဇော်ပွဲဆင်နွှဲ

**ကော့သောင်း အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်ရှိ အာနန္ဒာပုံတူစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ သီတင်းကျွတ် ဆီမီးတစ်ထောင်ပူဇော်ပွဲကို အောက်တိုဘာ ၂၇ ရက်ညပိုင်းက စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အာနန္ဒာပုံတူစေတီတော်မြတ်ကြီး ဆီမီးတစ်ထောင်ပူဇော်ခြင်း ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မတိုင်မီညတွင် ကျင်းပပြီး မြို့လုံးကျွတ်မျှ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း၊ ယခုနှစ်တွင်လည်း ဓမ္မစကြာဝတ်ရွတ်အဖွဲ့များ၊ မြို့နေဗုဒ္ဓဘာသာဝင် ပြည်သူများက ဆီမီးတစ်ထောင်ပူဇော်ပွဲကို မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ရောင်စုံမီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ စေတီတော်ပရဝဏ်အနီးတွင် ဈေးဆိုင်များဖွင့်လှစ်ရောင်းချခြင်း၊ ပွဲလမ်းသဘင်များဖြင့် ဖျော်ဖြေခြင်းစသည့် အစီအစဉ်များလည်း ပါဝင်ပြီး အလွန်စည်ကားခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မြန်မာ့ပင်လယ်ပြင်ဇာတ်လမ်း

မြန်မာနိုင်ငံပါဝင်တဲ့ Indo-China Plate ကုန်းမြေလွှာချပ်ကြီးဟာ ရှေးယခင်နှစ်သန်း ၅၀ ခန့်က လက်ရှိအနေအထားအတိုင်းမဟုတ်ဘဲ အနောက်မြောက်ဘက်ကို ခပ်စောင်းစောင်းအနေအထားရှိပြီးမြန်မာနိုင်ငံဟာလည်း အနောက်မြောက်ဘက်ဆီ ခေါင်းလှည့်အနေအထားရှိခဲ့တယ်လို့ဆိုပါတယ်။ အိန္ဒိယကုန်းမြေလွှာချပ်ကြီးဟာ နှစ်သန်းပေါင်း ၄၅သန်းခန့်မှာ တောင်ဘက်ဆီမှရွေ့လျားလာရာမှာ မြန်မာနိုင်ငံတည်ရှိရာ ကုန်းမြေလွှာချပ်ကြီးဆီကို လာရောက်ထိခဲ့ပြီး ယင်းရဲ့ တွန်းကန်တိုးဝင်အားကြောင့် မြန်မာနိုင်ငံရဲ့တည်ရှိမှုအနေအထားဟာ လက်ရှိတွေ့မြင်ရတဲ့တောင်မြောက် အနေအထားရောက်ခဲ့တယ်လို့ ဘူမိဗေဒပညာရှင်တွေ လေ့လာတွေ့ရှိခဲ့ကြပါတယ်။

မြန်မာ့ပင်လယ်ပြင်အနောက်ပိုင်းကို ဘင်္ဂလားပင်လယ်အော် (Bengal Basin)လို့ အမည်ပေးထားခဲ့ပြီး မြန်မာနိုင်ငံရဲ့တောင်ဘက်ပိုင်း ပင်လယ်ပြင်ကိုတော့ ကပ္ပလီပင်လယ်(Andaman Sea)လို့သတ်မှတ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းတွေကို ပထဝီအနေအထားအရရခိုင်ကမ်းရိုးတန်း၊ မုတ္တမကွေ့၊ တနင်္သာရီကမ်းရိုးတန်းလို့ ကိုယ်ပိုင်အမည်နာမတွေသတ်မှတ်ခဲ့ကြတာမို့သူနဲ့နီးစပ်တဲ့ပင်လယ်ပြင်တွေကိုလည်း ရခိုင်ကမ်းလွန်ပင်လယ်ပြင်၊ မုတ္တမကမ်းလွန်ပင်လယ်ပြင်၊ တနင်္သာရီကမ်းလွန်ပင်လယ်ပြင်လို့အမည်ပေးခဲ့ကြတာဖြစ်ပါတယ်။ တကယ်တော့မူလကခေါ်ဝေါ်နေကြတဲ့ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်အမည်တွေအစား ကိုယ့်မြန်မာနာမည်တွေပေးပြီး ကိုယ်ပိုင်ပယ်လယ်ပြင်အဖြစ်မြန်မာမှုပြုသတ်မှတ်လိုက်တဲ့ သဘောပါပဲ။ သူပိုင်ကိုယ်ပိုင်မဟုတ်ပါဘူး။ ဒီရေပြင်ကြီးဟာ မြန်မာနိုင်ငံသားအားလုံးနဲ့ ဆိုင်တဲ့မြန်မာ့ပင်လယ်ပြင်ကြီးပဲဖြစ်ပါတယ်။

အခုချိန်မှာတော့ မြန်မာနိုင်ငံအနောက်ဘက်ခြမ်းက ကမ်းလွန်ပင်လယ်ပြင်ရေနံလုပ်ကွက်တွေကိုလည်း တိကျစွာပြန်လည် သတ်မှတ်နိုင်ခဲ့ပါပြီ။ ဒီလုပ်ကွက်တွေကို ရခိုင်ကမ်းလွန်လုပ်ကွက်တွေလို့ ဒေသကို အစွဲပြုကာ အမည်သတ်မှတ်ထားခဲ့ပါတယ်။ မြန်မာ့ကမ်းလွန်မှာ ရေပြင်မိုင် ၂၀၀ အထိ ကမ်းလွန်ရေနံလုပ်ကွက် ၅၁ ကွက်သတ်မှတ်ထားပါတယ်။ ရခိုင်ကမ်းလွန်လုပ်ကွက် ၂၃ ကွက်၊ မုတ္တမကမ်းလွန်လုပ်ကွက် ၁၄ ကွက်၊ တနင်္သာရီကမ်းလွန်လုပ်ကွက် ၁၄ ကွက်ဖြစ်ပါတယ်။ ၁၉၇၂ ခုနှစ်လောက်ကပင် ကမ်းနီးရေတိမ်ပိုင်းလုပ်ကွက် ၂၅ ကွက်သတ်မှတ်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှာရေနက်ပိုင်းလုပ်ကွက်တွေထပ်သတ်မှတ်ခဲ့ပါတယ်။ သာမန်အားဖြင့် ရေအနက်ပေ ၆၀၀ အောက်ကိုရေတိမ်ပိုင်း၊ ပေ ၆၀၀ အထက်ကိုရေနက်ပိုင်းလို့သတ်မှတ်ထားပေမယ့် ပင်လယ်ကြမ်းပြင်ပထဝီအနေအထားအရရေတိမ်ပိုင်းမှာ ပေ ၆၀၀ ထက်နက်တဲ့အပိုင်းတွေပါဝင်နေပါတယ်။

မြန်မာ့ပင်လယ်ပြင်ဟာ ရေနံသဘာဝဓာတ်ငွေ့သာမက အခြားသဘာဝရေသယံဇာတများစွာရှိနေတာမို့ အလွန်အဖိုးတန်လှတဲ့ပိုင်နက်ပင်လယ် ဖြစ်ပါတယ်။ လက်ရှိမှာ ကမ္ဘာ့အဆင့်မီစီးပွားဖြစ်ရေနံသိုက်ကြီး လေးခုရှိပြီး တစ်ရက်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၂၀၀၀ ခန့်ထုတ်နေပါတယ်။ ဒီစီမံကိန်းကြီးတွေက တစ်ရက်ဝင်ငွေအမေရိကန် ဒေါ်လာ ၁၂ သန်း ကျော်ဝင်နေပြီး မိမိတို့က အချိုးကျ ခံစားခွင့်ရှိပါတယ်။ ပြည်တွင်းသုံးစွဲမှုအတွက် သဘာဝဓာတ်ငွေ့တစ်ရက်ကုဗပေ သန်း ၄၀၀ ရတာကြောင့် ဒီထဲက ၇၀ ရာခိုင်နှုန်းခန့်ကို လျှပ်စစ်ကဏ္ဍအတွက် ဖြည့်ဆည်းပေးနေပါတယ်။ လာမယ့်နှစ်တွေမှာ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ငန်းတွေမှာ နိုင်ငံတကာရေနံကုမ္ပဏီပေါင်း ၁၈ခုလောက်က လုပ်ကွက် ၃၈ကွက်မှာ ရှာဖွေရေးလုပ်ငန်းတွေ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။ မိမိတို့ကမ်းလွန် ပင်လယ်ပြင်မှာ ရေနံနဲ့သဘာဝဓာတ်ငွေ့အလားအလာကောင်းတွေရှိနေတာမို့ မကြာမီကာလတွေမှာ နောက်ထပ်စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်အသစ်တွေ ထပ်မံတွေ့ရှိဦးမှာဖြစ်ပါတယ်။ စွမ်းအင်ကဏ္ဍကရတဲ့ဝင်ငွေဟာ မိမိတို့နိုင်ငံအတွက် အဓိကကျတာမို့သက်ဆိုင်ရာပညာရှင်တွေရဲ့ ကြိုးပမ်းအားထုတ်မှုဟာ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် အလွန်အရေးပါလှပါတယ်။ အရင်ကာလက အကြောင်းအမျိုးမျိုးကြောင့် မိမိတို့သယံဇာတကိုမိမိတို့အပြည့်အဝ အသုံးမချနိုင်ခဲ့ပေမယ့် နောက်ထပ်တွေ့ရှိလာမယ့်သယံဇာတတွေနဲ့ နိုင်ငံအတွက် ရေရှည်စီမံကိန်းရေးဆွဲပြီး စနစ်တကျအကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း မိမိတို့ပညာရှင်တွေရဲ့အရည်အသွေးပိုမိုမြင့်မားအောင် ပူးတွဲလေ့ကျင့်ပေးသွားရမှာဖြစ်ပါတယ်။

လက်ရှိမိမိတို့ပင်လယ်ကမ်းစပ်မှ ပင်လယ်အတွင်း အကွာအဝေးရေမိုင် ၂၀၀အထိ စီးပွားရေးလုပ်ပိုင်ခွင့်ရရှိထားပါတယ်။ အကယ်၍ မိမိတို့ပင်လယ်ကြမ်းပြင်မြေသားထုဟာ သတ်မှတ်တဲ့အထူပမာဏရှိပြီး မိမိတို့ကုန်းပိုင်းမြေသားနဲ့တစ်ဆက်တစ်စပ်တည်းရှိနေခဲ့ရင် စီးပွားရေးဇုန်ကို မိုင် ၂၀၀ ထက်ပိုပြီး ဆောင်ရွက်ခွင့်ရှိပါတယ်။ မိမိတို့တိုင်းရင်းသားတွေ စီးပွားရေးလုပ်ပိုင်ခွင့် ပိုမိုရရှိရေးအတွက်နိုင်ငံတော်ကသက်ဆိုင်ရာ ပညာရှင်တွေအကူအညီနဲ့မိမိတို့ပိုင်နက်ပင်လယ်ပြင်မှာ စီးပွားရေးဇုန်တိုးချဲ့ရရှိရေးကို ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီဆောင်ရွက်နေဆဲဖြစ်ပါတယ်။ပင်လယ်ပြင်စီးပွားရေးလုပ်ပိုင်ခွင့် ပိုမိုကျယ်ပြန့်စွာရရှိလာတာနဲ့ အမျှမိမိတို့နိုင်ငံအတွက် ပင်လယ်ပြင်စီးပွားရေးလုပ်ငန်းတွေတိုးချဲ့လုပ်ကိုင်လာနိုင်မှာဖြစ်ပြီး နိုင်ငံတော်ရဲ့စီးပွားရေးလည်းတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း ဝင်ငွေပိုမိုရရှိလာမှာဖြစ်တာကြောင့် တစ်နိုင်ငံလုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုများစွာအထောက်အကူဖြစ်စေမှာမို့ နိုင်ငံသားအားလုံး မြန်မာ့ပင်လယ်ပြင်ကရရှိမယ့်အသီးအပွင့်ကို မျှဝေခံစားခွင့်ရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

**သန်းထွန်း (MOGE)**

## ရွေးကောက်ပွဲဆိုင်ရာပြင်ဆင်မှုများ ကြည့်ရှုစစ်ဆေး

**သီပေါ အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်အတွင်း ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ဆောင်ရွက်ထားမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာစိုင်းစံဝင်းက အောက်တိုဘာ ၂၇ ရက်တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် အတွင်းရေးမှူး ဦးမိုးထွေးဦးတို့က ဆန္ဒမဲလက်မှတ်များကို မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်အတွင်း ထိန်းသိမ်းထားမှုအခြေအနေ၊ မဲရုံအလိုက် မဲစာရင်းများဖြန့်ဝေရန် ပြင်ဆင်ထားမှုများ၊ မဲဆန္ဒရှင် သက်သေခံလက်မှတ်များ ထုတ်ပေးရန် ဆောင်ရွက်ထားမှုများ၊ မဲဆွယ်စည်းရုံးရာတွင် ထိပ်တိုက်တွေ့ဆုံမှုများ မဖြစ်စေရေးအတွက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေမှုများ၊ မဲပေးသည့်ရက်တွင် မဲရုံများကို လှည့်လည်ကြီးကြပ်ရန် စီစဉ်ဆောင်ရွက်ထားမှုများ၊ မဲပေးနည်းအဆင့်ဆင့်ကို မဲဆန္ဒရှင်ပြည်သူများ သိရှိနားလည်စေရန်အတွက် သင်တန်းနှင့် ပညာပေးအစီအစဉ်များ ဆောင်ရွက်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ထံ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ဖယောင်းတိုင်ထွန်း၍ ဘုရားမီးပူဇော်ရာမှ မီးလောင်ကျွမ်း

**တာချီလိတ် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်၌ ဖယောင်းတိုင်ထွန်း၍ ဘုရားမီးပူဇော်ထားရာမှ မီးကူးစက်လောင်ကျွမ်းမှု အောက်တိုဘာ ၂၇ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်အောင်မြေရပ်ကွက် အာခါဗုဒ္ဓဘုရားကျောင်းလမ်းရှိ နေအိမ်တစ်အိမ်တွင် ညနေ ၆ နာရီခန့်က ဖယောင်းတိုင်မီးထွန်း၍ ဘုရားမီးပူဇော်ထားရာမှ တစ်ဆင့် ဘုရားပန်းခြောက်များ၊ စက္ကူပန်းခက်များကို မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့် ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် ညနေ ၆ နာရီ မိနစ် ၂၀ခန့်တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် ပေ ၂၀ ပတ်လည်အကျယ်ရှိ သွပ်မိုးထရံကာနေအိမ်တစ်လုံးဆုံးရှုံးခဲ့ပြီး အိမ်ရှင်ဖြစ်သူ ဒေါ်နန်းခမ်းကျောက်အား မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**စာမျက်နှာ ၂၂ မှအဆက်**

ဒ့ါအပြင် အသည်းကင်ဆာအလုံးသိပ်ကြီးလို့ အသည်းအစားထိုးလို့မရတဲ့ လူနာတွေမှာလည်း ဒီလိုအဏုမြူရောင်ခြည် ဖျန်းပြီးကုလိုက်လို့ အလုံးသေးသွားရင် အသည်းအစားထိုးလို့ရပါတယ်။ မြန်မာနိုင်ငံမှာ ဒီနည်းစနစ်မရှိသေးပါ။

**(ဂ)ကင်ဆာဆေးတွေသုံးပြီး ကုသပေးတာ**

Systemic Chermotherapy ဆေးတွေသွင်းပြီး ကုသပေးတာ၊ ကင်ဆာဆေးတွေကို သွေးကြောထဲကနေ သွင်းပြီးတော့ လူတစ်ကိုယ်လုံးကို ပျံ့နှံ့သွားစေတဲ့ Systemic Chemotherapy ဆိုတာက မြန်မာနိုင်ငံအပါအဝင် နိုင်ငံအတော်များများမှာသုံးတဲ့ဌာနက သုံးတယ်၊ မသုံးတဲ့ဌာနက မသုံးဘူး။ အများစု ကင်ဆာကုတဲ့ နေရာတော်တော်များများမှာတော့ ဥပမာ-စင်ကာပူနိုင်ငံမျိုးမှာမသုံးဘူး။ ဒီလို တစ်ကိုယ်လုံးကို ပျံ့တဲ့ ကင်ဆာဆေးနဲ့ကုနည်းကို အာရှပစိဖိတ်အသည်းကင်ဆာအဖွဲ့အနေနဲ့လည်း လက်မခံဘူး။

ဒီလို တစ်ကိုယ်လုံးပျံ့ကင်ဆာဆေးတွေ သွင်းရင် လူနာမှာ ပိုပြီးခံစားရမယ်။ အစားအသောက်ပျက်မယ်၊ လူနုံးမယ်၊ ဆံပင်ကျွတ်တယ်အစရှိသဖြင့် ဒီကုနည်းက နောက်ဆက်တွဲအကျိုးဆက်တွေ များတယ်။ ဒါကြောင့် အသည်းကင်ဆာပျောက်အောင် တစ်ကိုယ်လုံးပျံ့ ကင်ဆာဆေးတွေကို သုံးလေ့မရှိဘူး။ အသည်းကင်ဆာကို အဲလို တစ်ကိုယ်လုံးပျံ့ကင်ဆာဆေးနဲ့ မသုံးဘူးဆိုရင် ဘယ်လိုဆေးနဲ့ကုမလဲ။

အခုခေတ် ကင်ဆာကုနည်းကတော့ ကင်ဆာလုံးကြီးကို ခွဲထုတ်မယ်၊ ဓာတ်ရောင်ခြည်ကင်မယ်၊ ကင်ဆာဆေးတွေနဲ့ သေးအောင်လုပ်မယ်ဆိုတဲ့ အတွေးအခေါ်တွေနဲ့ မလုပ်တော့ပါဘူး။ ခေတ်မီအတွေးအခေါ်အယူအဆကတော့ ကင်ဆာအလုံး ဘာလို့ဖြစ်စေတာလဲ၊ ဘာဖြစ်လို့ ကင်ဆာအလုံးဟာပျံ့နှံ့တာလဲဆိုတဲ့ လမ်းကြောင်းတွေကို ပိတ်ဆို့ပစ်လိုက်ပြီးတော့ ကင်ဆာအလုံးကို သေးငယ်သွားပြီး ကျုံ့သွားအောင်လုပ်တဲ့ ကုနည်းတွေပါ။

အသည်းကင်ဆာကုရာမှာလည်း တစ်ကိုယ်လုံးပျံ့ ကင်ဆာဆေးတွေကို မသုံးတော့ဘဲ ကင်ဆာဖြစ်စေတဲ့ လမ်းကြောင်းတွေ၊ ကင်ဆာအလုံးအတွက် အာဟာရသွေးကြောတွေကြီးထွားမှုတွေ၊ ကင်ဆာအလုံးပျံ့နှံ့စေတဲ့ လမ်းကြောင်းတွေကို ပိတ်ဆို့တဲ့ ဆေးတစ်မျိုးဖြစ်တဲ့ ဆိုရာဖီနစ် (Sorafinbib) ဆိုတဲ့ဆေးနဲ့ ကုသတာကို တစ်ကမ္ဘာလုံးက လက်ခံပါတယ်။

အထူးသဖြင့် လူတစ်ကိုယ်လုံးကိုပျံ့နှံ့နေတဲ့ အသည်းကင်ဆာကို ဆိုရာဖီနစ်ဆေးကိုသုံးပြီး ကုသရပါတယ်။ ဆိုရာဖီနစ်ရဲ့ မကောင်းတဲ့အချက်တစ်ချက်ကတော့ လက်ဖဝါးတွေ ခြေဖဝါးတွေမှာ အရည်ကြည်ဖုတွေပေါက်တတ်တဲ့ (Hand Foot Syndrome)ဘေးထွက်ဆိုးကျိုးဖြစ်တတ်ပါတယ်။ တချို့အနာတွေမှာ မခံမရပ်နိုင်အောင်ကို လက်ဖဝါး ခြေဖဝါးတွေမှာ လုံးဝကိုလှုပ်လို့မရအောင် အရည်ကြည်ဖုတွေ ပေါ်တတ်ပါတယ်။ အဲဒီအခါမှာ urea cram ဆိုတဲ့ လိမ်းဆေးကိုလျှော့ပြီး ကုရပါတယ်။ ဒီဆေးဟာ အသည်းကင်ဆာကို မပျောက်စေပေမယ့် သက်တမ်းကို ပိုပြီးရှည်စေတဲ့ ဆေးတစ်မျိုး ဖြစ်ပါတယ်။

**(နောက်အပတ်မှာ အသည်းကင်ဆာရောဂါကို ဘယ်လိုကုရမယ်ဆိုတဲ့အကြောင်းတွေကို ဆက်လက်ရေးသွားပါမယ်။)**



သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့် SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို *150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် · 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် · 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် · 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090# ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် လူနာများအား ကုသပေးရန် F.D.Aအသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲဓာတ်မှန်သုံး ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၁-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၁၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်း အသေးစိတ်ကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)**
**ဖုန်း-၀၆၇-၄၂၀၆၈၃၊ ၀၆၇-၄၂၀၀၉၇**

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂၈-၁၀-၂၀၁၅ ရက်
**စတင်ရောင်းချမည့်ရက်** နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၁၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**


# ၂၀၁၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် လူထုအားကစားလှုပ်ရှားမှု ဓာတ်ပုံ၊ ဆောင်းပါးနှင့်ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

အားကစားဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးတို့အတွက် အဓိကတာဝန်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူအများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးနှင့် အားကစားသည် ကျန်းမာရေးကို တိုက်ရိုက်အထောက်အကူပြုကြောင်း မြန်မာနိုင်ငံအနေဖြင့် တစ်ချိန်က အရှေ့တောင်အာရှအဆင့်တွင်သာမက အာရှအဆင့်ထိ ထိုးဖောက်အောင်မြင်မှုများရရှိခဲ့ကြောင်း၊ အားကစားဖွံ့ဖြိုးတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံတကာအလယ်တွင် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်နိုင်ကြောင်း၊ အားကစားပြိုင်ပွဲများသည် နိုင်ငံတစ်နိုင်ငံ၏ လုပ်ကိုင်နိုင်သည့်စွမ်းဆောင်ရည်ကို ပြသရာရောက်ကြောင်း၊ အားကစားလှုပ်ရှားမှုများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း၊ မျိုးဆက်သစ်လူငယ်များကို ဗလငါးတန်ဖြင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းကို ပညာရေးနှင့်ဟန်ချက်ညီညီ ပေါင်းစပ်နိုင်ရေးအတွက် အားကစားကအထောက်အကူပြုလျက်ရှိကြောင်းတို့အား ပြည်သူလူထုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရေးအတွက်လည်းကောင်း၊ မြန်မာ့အားကစား ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်သင့်သည့် ဆောင်ရွက်ရမည့် အကြံပြုချက်များ၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်ကြောင်း ပေါ်လွင်အောင် ရေးသားနိုင်စေရေးတို့အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (14) အရွယ်အစားဖြင့် A4 စာမျက်နှာ (၇)မျက်နှာထက်မနည်း (၈)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size(14) အရွယ်အစားဖြင့် A4 စာမျက်နှာ (၁၀)မျက်နှာထက်မနည်း၊ (၁၁)မျက်နှာထက်မများ မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀"×၁၂" အရွယ်ဖြင့် အရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ်နှင့် အခြားအားမာန်ပြည့်ဝသည့် အားကစားယှဉ်ပြိုင်လှုပ်ရှားမှု (ပရိသတ်အားပေးသည့်ပုံများပါဝင်သည့်)ဓာတ်ပုံများဖြင့် ယှဉ်ပြိုင်နိုင်ပြီး ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲဝင်စာမူများနှင့် ဓာတ်ပုံများကို ၁-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲ၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၁)သို့ လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန် (၁)စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက် (၁)စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါအချက်အလက်များအားလုံး ထည့်သွင်းထားသည့် Soft Copy (၁)ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့်ဝတ္ထုတို၊ ဆောင်းပါးနှင့်ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆုအား ကျပ် ၇ သိန်း၊ ဒုတိယဆုအား ကျပ် ၆ သိန်း၊ တတိယဆုအား ကျပ် ၅ သိန်းနှင့် နှစ်သိမ့်ဆုအား ကျပ် ၄ သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

၄င်းအပြင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၅၁၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။


# အိတ်ဖွင့်ဈေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်းများ ဓာတ်ပုံဆိုင်၊ စာအုပ်ဆိုင်၊ အမှတ်တရပစ္စည်းနှင့်ကုန်စုံဆိုင်၊ အဆင့်မြင့်ကော်ဖီနှင့် အအေးဆိုင်တို့အား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ငွေစာရင်းဌာနတွင် တင်ဒါခေါ်သည့်ရက်မှစ၍ ၁၈-၁၁-၂၀၁၅ ရက် ၁၄း၀၀ နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၂၀-၁၁-၂၀၁၅ ရက် ၁၃း၀၀ နာရီတိတိ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့်ကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**
**ဖုန်း-၀၁-၆၁၃၇၈၈၊ ၀၉-၃၁၈၆၉၅၀၀**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)တွင် အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) Cutting Tools (၅၈) မျိုး

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၃-၁၁-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၀-၁၁-၂၀၁၅ ရက် ၁၂း၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)တွင် ၃-၁၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၅-၄၅၃၂၀၊ ၀၉-၂၅၆၂၂၁၂၈၃၊ ၀၉-၅၁၈၇၇၃၃၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများသည် မိမိတို့တင်သွင်းရမည့် Cutting Tools များအား အသေးစိတ်ကြည့်ရှုလိုပါက အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)သို့ ရုံးချိန်အတွင်း လာရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**အမှတ်(၁၇) အကြီးစားစက်ရုံ(မလွန်)**
**အထက်မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၃၀၀) သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင်(၃၀၀)သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၂-၁၁-၂၀၁၅ ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၁၁-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၃၀၀)၊ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့**
**၆၂ လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၈၀၃၉၁၊ ၀၂-၈၀၃၄၀**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး မန္တလေးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး၊ မန္တလေးမြို့သို့ လာရောက်ဆေးကုသမှုခံယူသော ပြင်ပလူနာများနှင့် အတွင်းလူနာများအတွက် အသုံးပြုရန်လိုအပ်သော (FDA)အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသောကြောင့် အိတ်ဖွင့်တင်ဒါများပေးသွင်းပါရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများ** - ၃၀-၁၀-၂၀၁၅ ရက် (သောကြာနေ့)
**စတင်ရောင်းချမည့်ရက်**
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၅ ရက် (တနင်္လာနေ့ ညနေ ၄း၀၀ နာရီ)

၃။ လိုအပ်သောတင်ဒါစည်းမျဉ်းနှင့် ဆေးပစ္စည်းများအကြောင်းကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့**
**၂၃လမ်း၊ ၈၀×၈၁ကြား၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၃၃၈၃)၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧ၊ ဦးစန်းမြင့်အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်-၈၁/၂၀၁၅ (၂၄-၆-၂၀၁၅)ဖြင့် ဝယ်ယူထားသူ ဦးရဲမြင့် ၈/ပဖန(နိုင်)၀၇၈၅၆၅ မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# C.N.G Taxi ငှားမည်

- Caldina (C.N.G) လေး Type, Auto (၂) စီး
- စဘော်ငွေ ၂ သိန်းခွဲ (၁၅၀၀၀)ကျပ်
- နေ့မောင်း တစ်လက်ကိုင်၊ ပြင်ဆင်စရိတ်ငြိမ်း၊ မနက် ၆ နာရီမှ ည ၈ နာရီအထိ
- တောင်ဥက္ကလာပမြို့နယ်တွင် ကားထုတ်ရမည်။
- JOKER မောင်းချင်သူများလည်း ဆက်သွယ်နိုင်ပါသည်။
- ဖုန်း-၀၉-၉၇၂၁၁၈၄၁၃၊ ၀၉-၄၉၃၀၆၂၀၆၊ ၀၉-၄၄၈၀၄၃၄၄၀

# ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်း၏ ရုံးခန်းအား ယခင်ဖွင့်လှစ်ထားသော Royal River View Comdominium မှ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၈၂၁)ပထမထပ်၊ (၁၀)လမ်းနှင့်လှည်းတန်းလမ်းကြား၊မဟာဗန္ဓုလလမ်း၊ ဖုန်း-၀၁-၂၂၁၅၇၆ သို့ ၁-၁၁-၂၀၁၅ ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ပါမည်။ ရေယာဉ်ပိုင်ရှင်များ အထက်ပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

# ဝန်ထမ်းအလိုရှိသည်

၁။ မြန်မာဂေါက်သီးရိုက်အသင်း(၉)မိုင်တွင် အောက်ဖော်ပြပါ ရာထူးနေရာလစ်လပ်နေပါသဖြင့် အရည်အချင်းနှင့်ကိုက်ညီသူများ ၁၀-၁၁-၂၀၁၅ ရက် နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း စီမံရေးရာဌာနတွင် လျှောက်ထားနိုင်ပါသည်-

အထွေထွေမန်နေဂျာ (၁)ဦး

ဘွဲ့ရ၊ ဂေါက်ကွင်းစီမံခန့်ခွဲမှုအတွေ့အကြုံရှိသူ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူ ဦးစားပေးမည်။

၂။ လျှောက်ထားသူများသည် ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်းတို့နှင့်အတူ မျှော်မှန်းလစာဖော်ပြ၍ လျှောက်ထားရန်ဖြစ်သည်။

**စုံစမ်းရန်**

မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၅၅၃၁၊ ၀၉-၈၆၁၂၉၉၄

# စာရင်းစစ်ဝန်ထမ်းများ အလိုရှိပါသည်

**NATIONAL INFRASTRUCTURE HOLDING CO.,LTD.,**

**ဖုန်း-၀၁-၂၂၉၄၂၁၊ ၀၁-၂၂၉၄၂၃**

၁။ ကုမ္ပဏီမှ လုပ်ကိုင်လျက်ရှိသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါ စာရင်းစစ်ဝန်ထမ်းများ အလိုရှိပါသည်။

(က) စာရင်းစစ်အဖွဲ့ခေါင်းဆောင် ၈ ဦး
- B.Com, CPA, D.A ဘွဲ့ရရှိသူ၊ စာရင်းစစ်လုပ်ငန်း အတွေ့အကြုံ အနည်းဆုံး (၅)နှစ်ရှိသူဖြစ်ရမည်။

(ခ) စာရင်းစစ် ၁၆ ဦး
- ဘွဲ့တစ်ခုခုရရှိပြီး၊ စာရင်းစစ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိသူ ဖြစ်ရမည်။

၂။ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများသည် ကိုယ်ရေးအချက်အလက်၊ ပညာရေး/ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၃)လအတွင်း ရိုက်ထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၃)ပုံတို့နှင့်အတူ ကုမ္ပဏီရုံး၊ တိုက်အမှတ်(၄၅/၄၆)၊ (၁၀)ရပ်ကွက်၊ ဗဟိုစည်အိမ်ရာဝင်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်)စာတိုက်မှဖြစ်စေ ၁၅-၁၁-၂၀၁၅ ရက်အတွင်း ပေးပို့နိုင်ပါသည်။

**ဝန်ထမ်းရေးရာဌာန**
**N.I.H CO.,LTD**

# ဝန်ထမ်းအမြန်အလိုရှိသည်

**Myanmar Nissenken Quality Evaluation Center**

**အမှတ်(၈၀၄)၊ အောင်သုခလမ်း၊ ၁၀ မိုင်ကုန်း၊ အင်းစိန်မြို့နယ်၊**

**ဖုန်း-၀၁-၆၄၆၅၉၄၊ ၀၉-၇၉၉၇၄၇၇၄၀**

(၁) ဂျပန်စာ 4 Skill ကျွမ်းကျင်သူ ကျား/မ (၄)ဦး
- JLPT N1, N2 အဆင့်ရှိသူ
- Computer အခြေခံကျွမ်းကျင်၍ ဂျပန်စာကောင်းစွာရိုက်နိုင်သူ
- အင်္ဂလိပ်စကားအထိုက်အလျောက်တတ်ကျွမ်း၍ လုပ်ငန်းအုပ်ချုပ်မှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(၂) ဓာတ်ခွဲကျွမ်းကျင် -
- ရူပဗေဒဘွဲ့ရ ကျား/မ (၂)ဦး
- ကုန်ထုတ်ဓာတု/ဓာတုဗေဒဘွဲ့ရ ကျား/မ (၃)ဦး
- လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
- (လစာ-ညှိနှိုင်း)
- လုပ်ငန်း၏သဘောသဘာဝကို www.nissenken.or.jp တွင် ကြည့်ရှုလေ့လာနိုင်သည်။
- လျှောက်ထားလိုသူများသည် ရုံးချိန် ၉း၀၀ နာရီမှ ၅း၀၀ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ သီရိရတနာ၊ မြေကွက်အမှတ် ၁၈၇၊ ဧရိယာ ၀ဒသမ ၄၅၉ဧကရှိ ဦးခင်မောင်ဝင်း အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား ဒေါ်ဝါဝါကျော် (ဦးခင်မောင်ဝင်း၏ အထွေထွေလွှဲစာရသူ) ၁၂/အစန(နိုင်)၀၀၀၈၀၀ (ဘ) ဦးကျော်ညွန့်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နိုင်းရွှေဟန်
### အသက်(၉၂)နှစ်

ဦးစိုင်းမောင်မြင့်-ဒေါ်မော်လီဝင်းတို့၏မိခင် ဒေါ်နိုင်းရွှေဟန် အသက်(၉၂)နှစ်သည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် နမ့်ခမ်းမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရန်ဟော်-ဒေါ်ခင်ခင်ထက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်မြကြွယ် အသက်(၈၄)နှစ်

ပါမောက္ခ ဒေါက်တာမြင့်သိန်း [ပါမောက္ခချုပ်(ငြိမ်း)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်]-ဒေါ်ဝင်းဝင်းသိန်း(ကထိက၊ အင်္ဂလိပ်စာဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)တို့၏မိခင် ဒေါ်မြကြွယ်သည် ၂၄-၁၀-၂၀၁၅ရက်(စနေနေ့) နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ**
**ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုများ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## ဦးလှမြင့် အသက်(၇၆)နှစ်
### ဦးစီးအရာရှိ(ငြိမ်း)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ဝါးသလောက်သောက်ကျေးရွာနေ (ဦးခင်မောင်-ဒေါ်ကြင်ဥ)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၉၉၀နေ ဒေါ်ခင်စန်းလှိုင်၏ခင်ပွန်း၊ ဦးကျော်စွာမြင့်-ဒေါ်ဥမ္မာဝင်း၊ ကိုဟန်ဇော်ဇော်-မမေသူမြင့်တို့၏ဖခင်၊ မကြယ်စင်လင်း၊ မောင်ကောင်းတေဇကျော်တို့၏အဘိုးသည် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကြည်ဝင်း
### ထားဝယ်အသင်း(မော်လမြိုင်)နာယက
### အသက်(၇၄)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ညောင်ပိုင်းလမ်းနေ ဒေါ်ခင်လှနွယ်(မူအုပ်၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း ဦးကြည်ဝင်း အသက်(၇၄)နှစ်သည် ၂၇-၁၀-၂၀၁၅ရက် (အင်္ဂါနေ့)တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ထားဝယ်အသင်း(မော်လမြိုင်)**

## ဒေါ်လှသန္တာအောင်
### ငွေစာရင်းမန်နေဂျာ(ငြိမ်း)၊ မြန်မာ့အိမ်သုံးစက်မှုဝန်ကြီးဌာန
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ သုခိတာလမ်းသွယ်၊ အမှတ် ၈၃၇၊ (၅/က)နေ (ဦးကိုကိုအောင် - ဒေါ်လှလှသန်း)တို့၏သမီး၊ (ဦးအောင်သန်းဦး)-ဒေါက်တာစန္ဒာအောင်၊ (ဦးရဲဝင်းအောင်)-ဒေါ်အော်လစ်ဗီးယား၊ (ဦးမျိုးမြင့်အောင်)-ဒေါ်နုနုရီ၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်(ငြိမ်း)-ဒေါ်သီတာမော်၊ တပ်ကြပ်ကြီးအောင်သက်ထွဋ်အောင်-ဒေါ်ခင်ယုယုလွင်တို့၏အစ်မ၊(ဦးစိန်မြင့်အောင်)၏ဇနီး၊(ဦးသက်နေမျိုးအောင်)-ဒေါ်သီသီဆွေ၊ ဦးသီလမင်း(ဂီတမိတ်)-ဒေါ်အေးမြနန္ဒာအောင်(ကထိက၊နည်းပညာတက္ကသိုလ်၊မှော်ဘီ)တို့၏မိခင်၊ မခင်အိမ့်ချစ်အောင်၊ မလင်းသီလတို့၏အဘွားသည် ၂၉-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ညိုညို
### B.E.con (E.co) Hons. B.Ed.MEd (Q)
### အထက်တန်းပြ (အထက-၂၊ ဗဟန်း)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်၊ ၁၅၃လမ်း၊ အမှတ် ၄၀နေ [ဦးတိုးစိန်(လ/ထစာရင်းအင်းမှူး)-ဒေါ်တင်အောင်]တို့၏သမီး၊ ဦးလှကျော်(တွဲဖက်ပါမောက္ခ၊ အနောက်ပိုင်းတက္ကသိုလ်၊ ပထဝီဝင်ဌာန)-ဒေါ်စန်းစန်းမြင့်(အထက-၄၊ ဗိုလ်တထောင်)တို့၏ညီမ၊ ဦးမောင်မောင်သွင်(အကောက်ခွန်မှူး၊ ငြိမ်း)-ဒေါ်မီမီခိုင်၊ဦးဝင်းဇော်(ညွှန်ကြားရေးမှူး၊အကောက်ခွန်)-ဒေါ်ခင်မမ၊ ဒေါ်သက်သက်မာတို့၏အစ်မ၊ မောင်ဥက္ကာမင်း၊ မနှင်းဦးဝေ၊ မောင်ညာဏ်လင်းထက်၊ မဇာဇာလွင်ထက်၊ မဖူးပြည့်ဝင်းဇော်တို့၏ကြီးကြီးသည် ၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)ည ၉း၂၀နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းနေလင်း အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄၁/က)နေ ဦးစိန်လှ-(ဒေါ်လှကျင်)တို့၏သား၊ (ဦးတင်အေး)-ဒေါ်စိန်မြင့်တို့၏သားသမက်၊ ဦးကျော်ကျော်ထွန်း-ဒေါ်မဋ္ဌုလင်း(7-11 Elect.,)၊ ဦးကျော်ကျော်ဝင်း-ဒေါ်သိမ့်သန္တာလင်း(Myanmar Winner Co.,Ltd.)၊ကိုဟိန်းပြည့်လင်း-မအေးဝင့်နွယ်တို့၏အစ်ကို၊တောင်ဥက္ကလာပမြို့နယ်၊(၁၃)ရပ်ကွက်၊ ကောလိယ ၂၄လမ်း၊ အမှတ် ၅၃၈နေ ဒေါ်ခိုင်ခိုင်အေး၏ခင်ပွန်း၊ မောင်အောင်ခန့်မော်၊ မဆုမေလင်းစံ(အထက-၁၊ သဃ်္ဃန်းကျွန်း)တို့၏ဖခင်၊ တူ/တူမ သုံးယောက်တို့၏ဘကြီးသည် ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၅၃၈၊ ကောလိယ ၂၄လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မိ
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်း(၂၃)ရပ်ကွက်၊ ခရေမြိုင်လမ်းသွယ်၊ အမှတ် ၃၂၊ အခန်း ၂နေ (ဦးလှရွှေ-ဒေါ်ခင်ခင်)တို့၏ညီမ၊ [ဦးသန်းထွန်း(တိ/မွေး/ကု၊ ငြိမ်း)]၏ဇနီး၊ ဒေါ်မာမာချို၏မိခင်သည် ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့)တွင် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ စုပေါင်း(၂၃)ရပ်ကွက်၊ ခရေမြိုင်လမ်းသွယ်၊ အမှတ် ၃၂၊ အခန်း ၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးဖြူ (စစ်တွေမြို့)
### အသက်(၈၃)နှစ်

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ ဦးဥတ္တမလမ်းနေ (ဦးဖလောင်းဖြူ-ဒေါ်မသာဦး)တို့၏သမီး၊ (ဦးသာဒိုးအောင်-ဒေါ်စံရွှေဖြူ)တို့၏ချွေးမ၊ (ဦးမောင်စိန်ညွှန့်)၏ဇနီး၊ ဦးထွန်းအေး(ဦးဂန္ဓသာရ)-ဒေါ်မြသီတာ၊ (ဦးအောင်သန်း)-ဒေါ်လှမြသိန်း၊ ဦးလှမောင်သိန်း-ဒေါ်သိန်းမေ၊ ဦးစောသိန်း-ဒေါ်မခင်သန်း၊ဦးထွန်းသိန်း၊ (ဒေါ်သိန်းလှ)၊ ဦးစောမောင်သိန်း-ဒေါ်အေးအေးရွှေ၊ ဦးလှစိန်-ဒေါ်မြမြနွယ်၊ ဦးမောင်မြင့်နွယ်-ဒေါ်နှင်းနှင်းဝေ၊ ဦးသောင်းရွှေ-ဒေါ်မြင့်မြင့်ရွှေ၊ ဦးအောင်ကိုလတ်-ဒေါ်ခင်သန်းမြင့်၊ ဦးစောသန်းမောင်-ဒေါ်ခင်မျိုးမူ၊ ဦးစစ်ခိုင်ကျော်-ဒေါ်ချယ်ရီနုနုထွန်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၈ယောက်တို့၏အဘောင်ရှင်၊ မြစ်ခုနစ်တို့၏အဖီးရှင်သည် ၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်သောင်းသောင်းရွှေ (ညောင်လေးပင်)
### (B.A, B.L) တရားလွှတ်တော်ရှေ့နေကြီး
### အသက်(၈၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်၊ သူရိန်ရိပ်မွန်၊ အမှတ်(B1/R-201)နေ (ဦးသိန်းအောင်)၏ဇနီး၊ (ဦးရန်နိုင်အောင်-ဒေါ်နုနုတင်)၊ (ဦးမျိုးမင်းအောင်)-ဒေါ်မြမြဝင်း၊ ဦးစိုးမင်းအောင်-ဒေါ်ကေခိုင်ဦး၊ ဦးအောင်မိုး-ဒေါ်မေမျိုးမြတ်၊ ဦးစိုးသူ-ဒေါ်အေးအေးအောင်တို့၏ မိခင်သည် ၂၆-၁၀-၂၀၁၅ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၁၁-၂၀၁၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မေမိုးဦး @ Penny
### St. John's Convent
### ကျောင်းသူဟောင်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးထင်ကျော်-ဒေါ်မေမေသန်း)တို့၏သမီး၊ (ဦးဘစိုး-ဒေါ်ချစ်ချစ်လေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊သီတာလမ်း၊အမှတ် ၄၇၊ ပထမထပ်ခြေရင်းခန်းနေ ဦးချစ်စိုး၏ချစ်လှစွာသောဇနီး၊ လှိုင်မြို့နယ်နေ ဦးနီစိုး-ဒေါ်သင်းသင်းအေးတို့၏အစ်မ၊ ဦးစိမ်းနွယ် - ဒေါ်မေဥမ္မာ(Ursula)၊ ဦးညာဏ်စိုး-[ဒေါ်မေနန္ဒာ(Milando)]၊ (ဦးမင်းလှကျော်သူ)၊ (ဦးတိုင်းကျော်) - ဒေါ်စန်းစန်းဝင်း၊ ဦးရန်နိုင်စည်သူ၊ ဦးကျော်သီဟ-ဒေါ်မေသုမာတို့၏အစ်မကြီး၊ တူ၊ တူမ ၁၁ ယောက်တို့၏ ကြီးတော်ကြီးသည် ၂၈-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဆန်းထွန်း(ကာတွန်း)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း၊ အမှတ် ၃၀၃နေ (ဦးအုံးရှင်-ဒေါ်သိန်းရှင်)တို့၏သား၊ (ဦးထွန်းကြည်-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ (ဒေါ်ခင်သန်းမြင့်)၏ခင်ပွန်း၊ မဝါဝါထွန်း-ကိုစိုးအောင်ဝင်း၊ (ကိုအောင်ကိုကိုထွန်း)-မနှင်းနုနုအောင်၊ (ကိုအောင်ညီညီထွန်း)-မမြမဋ္ဌုလင်း၊ ကိုအောင်မျိုးသန်း-မနှင်းထက်ထက်၊ ကိုငြိမ်းချမ်းကိုကိုထွန်းတို့၏ဖခင်၊ မဖူးပွင့်ခင်၊ မောင်ကောင်းမြတ်သူ၊ မောင်ဝဏ္ဏမင်းခန့်၊ မမွေးမွေးတို့၏အဘိုးသည် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီနှင့် ၃၃ လမ်းထိပ်မှကားများ မွန်းလွဲ ၂နာရီတို့တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်ဟိန်းမင်း(ခ)သူကြီး
### TTC ကျောင်းသားဟောင်း 1999
### B.C.TECH, UCSY
### (11th Intake) 2003
### Senior Expert, Network Sourcing, Telenor Myanmar
### အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေယျဝတီလမ်း(ဗဟိုလမ်း)၊သံတံတားရပ်ကွက်၊ အမှတ် ၄၁နေ ဦးအောင်စိုး-ဒေါ်ချစ်ချစ်(အလွှန်ခန့်ရတနာအနုပညာလုပ်ငန်း)တို့၏သား၊ ဦးညိုမောင်(ပါမောက္ခ၊ ငြိမ်း၊ ရက္ခဗေဒ)-ဒေါ်ခင်သန်းဦး (စက်မှုအထည်၊ ငြိမ်း)တို့၏သားသမက်၊မယုမာသင်း(Exo Travel Myanmar)၊ မောင်တင့်အောင်ခန့်(Innrespace)၊ ကိုညီမင်းသန့်(2nd E, SRS) တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မုဒိတာအိမ်ရာ၊ တိုက် D-202 နေ ဒေါ်ယဉ်မြတ်မွန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ညာဏ်လင်းထွန်း(ခ)ဖိုးစီ၏ ချစ်လှစွာသောဖခင်သည် ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ပြုံးကြည်
### အသက်(၆၅)နှစ်

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ ဦးအောင်သိန်း-ဒေါ်လုံးတင်တို့၏သမီး၊ ဦးကိုလေး-ဒေါ်ပြုံးရီတို့၏ညီမ၊ ဦးထွန်းထွန်း-ဒေါ်မြမြသိန်း၊ ဦးတူးမောင်-ဒေါ်ထားထားအေး၊ ဦးသန်းဆက်ဝင်း-ဒေါ်စိန်အေး၊ ဒေါက်တာဦးကျော်ခိုင်-ဒေါ်စိန်ထွေးတို့၏အစ်မ၊ ကိုကြည်စိုး-မချောအိသိန်း၊ ကိုမျိုးမင်းသိန်း-မအိရွှေစင်၊ ကိုတင်မျိုးလွင်-မအိကေကေမျိုးတို့၏မိခင်၊ ဦးခင်မောင်သိန်း၏ဇနီးသည် ၂၇-၁၀-၂၀၁၅ရက် မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၁၁-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဗဟန်းမြို့နယ်၊ အရှေ့ဗဟိုလမ်းနှင့် နှစ်ကျိပ်ရှစ်ဆူမွှေ့ရုံလမ်းကြား၊အမှတ် ၁၉၊(တတိယထပ်)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြူတီ(ခ)တော်ကြူတီ
### အသက်(၉၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ် ၁၂၆(မြေညီထပ်)နေ [ဦးအောင်သာ (ခ) တန်လျောင်ကြန်)]၏ဇနီး၊ (တန်ဝီငေါ်) - အင်ချိန်တိတ်(ဟောင်ကောင်)၊ (တန်ဝီကွမ်း)-ဦးမြင့်သိန်း၊ (တန်ဝီရှောင်)-ဒေါ်မေမျိုး၊ တန်ဟွိစန်း(ခ)ဦးအောင်စိန်-ဒေါ်ဝင်းဝင်းကြည်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## သုံးဆယ်မြို့အသင်း(ရန်ကုန်)
### ကန်တော့ခံ၊ ဂုဏ်ထူးဆောင်နာယက
## ဦးကိုမြင့် (ရွှေဆယ်မောင်)
### ယစ်မျိုးမှူး(ငြိမ်း)၊ လ/ထတိုင်း အခွန်ဦးစီးမှူး(ငြိမ်း)၊ ပတခ
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၃၃၊ ပထမထပ်နေ (ဒေါ်ခင်မေကြည်)၏ခင်ပွန်းသည် ၂၈-၁၀-၂၀၁၅ရက် နံနက် ၇း၅၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဒေါ်အုန်းကြည်
### အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ယုဇနပန်းခြံလမ်း၊ ၅/၁/၁၁၉နေ (ဦးဖိုးထွား - ဒေါ်စိန်)တို့၏သမီး၊ [ဦးခင်မောင်(နခဌ၊ငြိမ်း)]၏ဇနီး၊ ဦးစိုးဝင်း (MOGE ၊ ငြိမ်း၊ ပါရမီစွမ်းအင်ကုမ္ပဏီ)-ဒေါ်စောရွှေ(ဆလရ၊ ငြိမ်း)၊ ဦးနေဝင်း (မြန်မာသံရုံး၊ ကိုင်ရို)-ဒေါ်သက်သက်ဇော် (နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဦးမျိုးဝင်း (မြန်မာသံရုံး၊ ဘန်ကောက်)-ဒေါ်သီတာတင်၊ ဒေါ်မာမာဝင်းတို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါက်တာမြတ်စိုး
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးသာထွန်း-ဒေါ်ကြူး)တို့၏သား၊ (ဒေါ်ငြိမ်းမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးသန်းစိုး-ဗိုလ်မှူးခင်မာရီ၊ ဦးအောင်မြတ်-ဒေါ်မာမာလွင်(MFSL)၊ ဒေါက်တာခင်မြတ်စိုးတို့၏ဖခင်၊ မချယ်ရီသန့်၊ မသင်းသဇင်၊မောင်စိုးထွန်းတို့၏အဘိုး၊ ဒေါ်ဟယ်လင်၏အစ်ကို၊ တူ၊ တူမ ၂၁ ယောက်တို့၏ဦးလေးသည် ၂၇-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၈း၅၀နာရီတွင် ပြည်မြို့၌ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ပြည်မြို့သုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါက်တာမြတ်စိုး
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးသာထွန်း-ဒေါ်ကြူး)တို့၏သား၊ (ဦးထွန်းရွှေ)-ဒေါ်ကြည်ကြည်မြ၊ (ဒုတိယဗိုလ်မှူးကြီး စံထွန်း၊ ငြိမ်း)-ဒေါ်ခင်သစ် (ဒေါ်တင်ညွှန့်)၊ ဒေါက်တာခင်မောင်အေး-ဒေါက်တာဒေါ်ကြည်ကြည်စိန် (UK)၊ ဦးစံငြိမ်း-ဒေါ်ခင်သက်တင်၊ (ဦးမြင့်ထွန်း) - ဒေါ်မြင့်မြင့်စိုးတို့၏ ညီ/အစ်ကို/မောင်သည် ၂၇-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈း၅၀နာရီတွင် ပြည်မြို့၌ကွယ်လွန်သွားပါ၍၃၁-၁၀-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ပြည်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးမဟိန္ဒ
### အရာခံဗိုလ်မြင့်ကြူ(ငြိမ်း)၊ GE ပြင်ဦးလွင်
### သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၂)ဝါ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဇေယျာသိဒ္ဓိ (မဟာသွံ့သာရာဘုရား)ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဦးမဟိန္ဒသည် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့) ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ရက်) ၁-၁၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါကျောင်းတိုက်၌ နံနက် ၉နာရီမှစ၍ မွန်းလွဲ ၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး မိတ်သင်္ဂဟတို့အား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူဆရာတော်

သီတင်းသုံးဖော်များ၊ ဥပထမ္ဘကအဖွဲ့နှင့် မိသားစုများ

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကိုမြင့် (ရွှေဆယ်မောင်)
### ယစ်မျိုးမှူး(ငြိမ်း)၊ လ/ထတိုင်းအခွန်ဦးစီးမှူး(ငြိမ်း)၊ ပတခ
### အသက်(၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နေ (ဦးချွန်စိန်-ဒေါ်ဇကာ)တို့၏သား၊ [ဒေါ်ခင်မေကြည်(ဗန်းမော်)]၏ခင်ပွန်း၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက်၊ ကျောက်မြောင်း၊ ဗဟိုရုံလမ်း၊ အမှတ် ၃၃၊ ပထမထပ်နေ ဦးစိုးဝင်း၊ ဒေါ်တင်ဝေဦး၊ ဦးမြတ်ကိုကို(ဦးစီးအရာရှိ၊ ငြိမ်း၊ အကောက်ခွန်)-ဒေါ်ဥမ္မာခင်(SAT ၊ ငြိမ်း)၊ ဦးအေးကိုကို(အကောက်ခွန်မှူး၊ ငြိမ်း) - ဒေါ်သန္တာထိုက်၊ (ဦးအောင်ကိုကို)တို့၏ဖခင်ကြီး၊မြေးကိုးယောက်တို့၏ပါပါကြီးသည် ၂၈-၁၀-၂၀၁၅ရက် နံနက် ၇း၅၀နာရီတွင်ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၁၁-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးချို
### အသက်(၈၈)နှစ်

သူငယ်ချင်း (ဒုတိယဗိုလ်မှူးကြီးမောင်မောင်သက်)-ဒေါ်မြတ်ငွေးညိုတို့၏ဖခင် ဦးအေးချို အသက်(၈၈)နှစ်သည် ၂၃-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။ **စစ်တက္ကသိုလ်အပတ်စဉ်(၂၂)မှ သူငယ်ချင်းများ**

## ဦးသိန်းထွန်း (တောင်ငူမြို့)
### ကျောင်းဆရာကြီး(ငြိမ်း)၊ အလက(၂)ကန်လမ်းကျောင်း
### အသက်(၈၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ် ၇/၈၂၊ ခေမာလမ်းနေ(ဦးထွန်းရှင်-ဒေါ်သန်းမေ)တို့၏သား၊ ဒေါ်ငွေးငွေးသိန်း၏ခင်ပွန်း၊ ကိုရဲထွဋ်သိန်း၊ မမာလာသိန်း၊ (ကိုတင်ထွဋ်သိန်း)၊ ကိုမျိုးညွှန့်သိန်း၊ ကိုရင်ထွေးသိန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊(ဦးညွှန့်ဝေ)၏ညီ၊ ဒေါ်လှလှမြင့်၊ ဦးကျော်လင်း၊ ဒေါ်ရီရီသန်း၊ဒေါ်ဝင်းဝင်းရှင်၊(ဒေါ်ဘေဘီ)တို့၏အစ်ကိုသည် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှတောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမင်းဆွေ
### နယ်မြေမှူး(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၃၊ အခန်း ၁၉နေ (ဦးဘအို-ဒေါ်လှချို)တို့၏သား၊ (အရေးပိုင် ဦးဘဆွေ-ဒေါ်လေးမူ)တို့၏ သားသမက်၊ (ဒေါ်တင်ရွှေ)၊ (ဗိုလ်မှူးထွန်းရွှေ)-ဒေါ်ခင်သက်တင်၊ (ဦးဘိုးအောင်-ဒေါ်ခင်ကြည်ကြည်)၊ (ဦးရန်အေး)-ဒေါ်တင်မေ၊ ဦးဥက္ကါ-(ဒေါ်ခင်အေးဆွေ)၊ (ဦးချစ်သန်းထွန်း-ဒေါ်ခင်ရီဆွေ)၊ (ဦးမျိုးဆွေ-ဒေါ်ခင်ကြွယ်)၊ ဦးတင်အောင်-ဒေါ်ခင်ဝင်းဆွေ၊ ဗိုလ်မှူးချုပ်မြတ်ဆွေ-ဒေါ်ခင်ခင်ဝင်း၊ (ဗိုလ်မှူးချုပ်ခင်အောင်)-ဒေါ်ခင်မော်ဆွေ၊ (ဦးရဲညွှန့်လှိုင်)-ဒေါ်ခင်သက်ဆွေတို့၏ညီ/မောင်/အစ်ကို၊ ဒေါ်ခင်နှင်းဆွေ၏ချစ်လှစွာသောခင်ပွန်းသည် ၂၈-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၀-၂၀၁၅ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမများ

## ဒေါ်ဇီဇီမာ(ခ)မဘေဘီ(ခ) Rita Goldberg
### B.Sc (Botany)
### Representative of Kelvin Diesels Co.,Ltd. Scotland (U.K)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၈၆နေ (ဦးကျော်ဇံ-ဒေါ်ခင်မေရီ)တို့၏သမီး၊ (ဦးလှမြိုင်-ဒေါ်မြင့်မြင့်)တို့၏ချွေးမ၊ ဦးအောင်သူမြိုင်(မြန်မာနိုင်ငံ သတင်းစာဆရာအသင်း)၏ဇနီး၊ မမေဦးမြိုင်(Gold Horizon Engineering & Services Co.,Ltd.)၊ မောင်ရွှေပိုမြိုင်(Supreme Group of Companies)-မနီနီလှိုင်တို့၏မိခင်၊(ဦးစိုးဝင်း)-ဒေါ်ငွေးငွေးဇံ၊ ဦးကျော်စိန်လှိုင်(National Consultant-ADB)-ဒေါ်သွယ်သွယ်ဦးတို့၏ညီမ၊ ဦးအောင်ကျော်ဇံ(ခ)ဆန်နီ(ခေတ္တ-UK)၊ ဦးကြည်စန်း-ဒေါ်တင်တင်အေး၊ ဒေါက်တာမြင့်သူမြိုင်(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏အစ်မသည် ၂၉-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၀၀း၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၁၀-၂၀၁၅ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မောင်ဝေဖြိုးသက်
### အသက်(၂၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ရပ်ကွက်၊ ၆၈လမ်း၊ (၄၁လမ်းနှင့် ၄၂လမ်းကြား) စိန်နှင်းဆီထမင်းဆိုင်နေ ဦးတင်ထွန်းဦး(တာမွေမြို့နယ်တရားသူကြီး) - ဒေါ်သီသီဦးတို့၏သား၊ မောင်ဖြိုးထက်၏ ညီငယ်သည် ၂၈-၁၀-၂၀၁၅ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် မန္တလေး တောင်အင်း မြောက်အင်း သုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၅ရက် နံနက်တွင် စိန်နှင်းဆီထမင်းဆိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကိုကိုဦး
### ရတနာသိင်္ဂီအောင်
### စက်လှေစာရေးကြီး
### အသက်(၄၀)

မြိတ်မြို့၊ စန္ဒဝတ်ရွာ၊ အမှတ် ၁၀၈နေ ဦးတင့်ဆွေ-ဒေါ်နုရှိန်တို့၏ သား၊ (ဦးနိုင်နိုင်လတ်)၊ ဦးစိုင်းကျော်မိုး-ဒေါ်သီသီဆွေ၊ ဦးညီညီလင်း-ဒေါ်သူဇာ၊ မလဲ့လဲ့ဆွေတို့၏အစ်ကို၊ဒေါ်လဲ့လဲ့လှိုင်၏ခင်ပွန်း၊ မောင်အဲဟန်သာ၏ချစ်လှစွာသောဖခင်သည် ၂၈-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မြိတ်မြို့ စန္ဒဝတ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ၂၀၁၅ ခုနှစ်နိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

စာမျက်နှာ-၃

# ကမ္ဘာလှည့်ခရီးသွားများ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသအတွင်းသို့ လာရောက်လည်ပတ်မှုပိုမိုများပြား

**နေပြည်တော် အောက်တိုဘာ ၂၉**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရှိ ခွင့်ပြုကျွန်းစုခရီးစဉ်များကို သွားရောက်လည်ပတ်လျက် ရှိသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ကော့သောင်းရုံးခွဲ၏စီစဉ်မှုဖြင့် ထိုင်းနိုင်ငံသားပိုင်စက်တပ် ရွက်လှေများဖြင့် အောက်တိုဘာ ၁၂ ရက်မှ ၂၇ ရက် အတွင်း ကော့သောင်းခရိုင်အတွင်းရှိ အောက်ကျွန်းနီ ကျွန်း၊ မြန်မာဘန့်၊ မြောက်တော်ဝင်ကျွန်း ၁၁၅ ကျွန်း၊ ကျွန်းဖီလာကျွန်း၊ လန်ပိကျွန်း၊ ကိုဖော့ကျွန်း၊ ဝအလယ် ကျွန်း၊ လိုဏ်ဂူကျွန်း၊ ညောင်ဝီးကျွန်း၊ တောင်လပို့ကျွန်း၊ ၂၅၄ ကျွန်း၊ ၂၅၆ကျွန်း၊ ၆၀ ကျွန်း၊ မိကျောင်းချောင်း၊ တာယာကျွန်း၊ ငမန်းကျွန်း၊ မျောက်နီကျွန်း၊ သရဲ ကျွန်းများသို့ ထိုင်း ၁၁ ဦး၊ ရိုမေးနီးယားရှစ်ဦး၊ အမေ ရိကန် ၂၃ ဦး၊ ဩစတြေးလျ ၁၂ ဦး၊ ကနေဒါသုံးဦး၊ ဗြိတိန်သုံးဦး၊ တရုတ် ၁၀ ဦးတို့ လိုက်ပါလျက် အသီးသီး လာရောက်လည်ပတ်ကြသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ကြီးကြပ်မှုဖြင့် Grand Andaman Club ဟိုတယ်မှ ပင်လယ်တွင်းကျွန်းများအနီး ရေငုပ်၍ ရေအောက်ရှုခင်း ကြည့်ရှုခြင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆



ကမ္ဘာ့လှည့်ခရီးသွားများ ကော့သောင်းခရိုင် ကမ်းရိုးတန်းဒေသများသို့ လာရောက်လည်ပတ်မှုကိုတွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

# မြန်မာ-တရုတ်-အိန္ဒိယ ဆက်သွယ်ပေးမည့် တဝမ်းတံတား

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

ကချင်ပြည်နယ်အတွင်းရှိ မြန်မာ-တရုတ်-အိန္ဒိယဆက်သွယ်နိုင်မည့် မြစ်ကြီးနား၊ နမ္မတီး၊ တနိုင်း၊ ပန်ဆောင်သွား ကားလမ်းမပေါ်၌ တဝမ်းတံတားအရှည် ပေ ၁၂၆၀၊ အကျယ် ၂၄ ပေ၊ နှစ်လမ်းသွားတံတားအမျိုးအစားကို ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** *စာမျက်နှာ ၃ ကော်လံ ၅* ❐



# မြန်မာကလပ်များ နိုဝင်ဘာလအတွင်း၌ နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည်

သတင်း ညီမြတ်သော်တာ

**ရန်ကုန် အောက်တိုဘာ ၂၉**

မြန်မာနိုင်ငံ၏အဆင့်မြင့်ဆုံးလိဂ်ပြိုင်ပွဲဖြစ်သည့် ၂၀၁၅ရာသီ MNL အမှတ်ပေးပြိုင်ပွဲမှာ ယခုလကုန်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း MNLကလပ် အသင်းများမှာ နိုဝင်ဘာလအတွင်း၌ နိုင်ငံတကာပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

MNL ကလပ်အသင်းများအနက် ရန်ကုန်၊ ရတနာပုံအသင်းနှင့် ဟံသာ ဝတီအသင်းတို့မှာ နိုဝင်ဘာလအတွင်း၌ နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် ရှိနေသည်။ ရန်ကုန်အသင်းမှာ မဲခေါင်တိုယိုတာဖလား ကလပ်အသင်းပြိုင်ပွဲ၊ ရတနာပုံအသင်းမှာ BTV Cup ပြိုင်ပွဲ၊ ဟံသာဝတီအသင်းမှာ ယူနန်-အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်အသင်းယှဉ်ပြိုင်မည့် မဲခေါင်တိုယိုတာဖလားပြိုင်ပွဲကို နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ ကျင်းပမည် ဖြစ်ပြီး မြန်မာကလပ်ရန်ကုန်အသင်းမှာ လာအို၊ ကမ္ဘောဒီးယားကလပ်အသင်း တို့နှင့်ပထမအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

ရန်ကုန်အသင်းမှာ ပထမအဆင့်ပွဲစဉ်များအဖြစ် လာအိုတိုယိုတာ (လာအို)အသင်းနှင့် နိုဝင်ဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌လည်းကောင်း Boeung ket Angkor (ကမ္ဘောဒီးယား)အသင်းနှင့် နိုဝင်ဘာ ၂၉ ရက်တွင် အဝေးကွင်း၌လည်းကောင်း *စာမျက်နှာ ၃ ကော်လံ ၁* ○

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS





# မြန်မာ့အလင်း

## ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁-၂၀၁၅

အောက်တိုဘာ ၃၀၊ ၂၀၁၅ (သောကြာနေ့)



## ကျန်နေသေးသောအဖွဲ့များ အတွက်လည်း တံခါးဖွင့်ထား

NCA လက်မှတ်ထိုးဖို့ ကျန်နေသေးတဲ့အဖွဲ့တွေ ပါဝင်နိုင်ရေးကို ကျွန်တော်တို့အားလုံး ဆက်လက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ သူတို့အတွက်လည်း တံခါးဖွင့်ထားပါတယ်။ သူတို့ကိုယ်တိုင် ပါဝင်ဆွေးနွေး ညှိနှိုင်းသဘောတူခဲ့တဲ့အချက်တွေအပေါ်မှာ အုတ်မြစ်ချထားတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်တဲ့အတွက်ကြောင့် ဒီဖြစ်စဉ်ကို အကောင်အထည်ဖော်ရာမှာ သူတို့ရဲ့ ဆန္ဒတွေကိုလည်း ထင်ဟပ်စေမှာ ဖြစ်ပါတယ်။ လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေ တောင်းဆိုလာရင် ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ဆက်လက်လုပ်ဆောင်ရမယ့်လုပ်ငန်းတွေမှာ သူတို့ပါဝင်နိုင်အောင် ကျွန်တော်တို့အစိုးရအနေနဲ့ ညှိနှိုင်းလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ (နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ MICC-2 ၌ ကျင်းပသည့် NCA လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ခဲ့

**အကြီးစားစက်ရုံစီမံကိန်းများ**

စက်မှုကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ရသလို အခြေခံအုတ်မြစ်များဖြစ်သည့် အကြီးစားစက်မှုလုပ်ငန်းများကိုလည်းဆောင်ရွက်ရန် လိုအပ်သဖြင့် ဆောင်ရွက်ဆဲ အကြီးစားစက်ရုံစီမံကိန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ယခင်အစိုးရလက်ထက်က မပြီးပြတ်သေးသည့် ဆောင်ရွက်ဆဲစီမံကိန်းသုံးခု၊ ယခင်အစိုးရလက်ထက် ညှိနှိုင်းဆွေးနွေးခဲ့မှုများအရ စတင်ဆောင်ရွက်ရမည့်စီမံကိန်း သုံးခု၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းထံမှ လွှဲပြောင်းယူခဲ့သည့်စီမံကိန်းနှစ်ခုနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံမှ လွှဲပြောင်းရယူခဲ့သည့် စီမံကိန်းတစ်ခုတို့ကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။

**ယခင်အစိုးရလက်ထက် မပြီးပြတ်သေး၍ ဆက်လက်ဆောင်ရွက်သည့် စီမံကိန်းများ**

အကြီးစားဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စီမံကိန်း (သာဂရ)ကို ၆-၁၂-၂၀၁၃ ရက်နေ့နှင့် Float Glass မှန်ထုတ်လုပ်မှုစီမံကိန်း(ကျောက်ဆည်)ကို ၁၁. ၁. ၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်ပြီးဖြစ်သည်။ သတင်းစာစက္ကူစက်ရုံစီမံကိန်း(သာပေါင်း)မှာမူ ဆောင်ရွက်ဆဲဖြစ်သည်။

**ယခင်အစိုးရလက်ထက် ညှိနှိုင်းဆွေးနွေးခဲ့မှုအရ စတင်ဆောင်ရွက်သည့် စီမံကိန်းများ**

မော်တော်ယာဉ်မိုလ်နှင့် ဒိုင်ထုတ်လုပ်မှုစီမံကိန်း (မြိုင်)ကို ၁၃-၆-၂၀၁၅ ရက်နေ့တွင် ဖွင့်လှစ်ပြီးဖြစ်သည်။ ကုန်တင်ယာဉ်ဘီးဝင်ရိုးထုတ်လုပ်မှုစီမံကိန်း (မြင်းခြံ)နှင့် ကုန်တင်မော်တော်ယာဉ်ထုတ်လုပ်မှုစီမံကိန်း (ရန်ကုန်)တို့မှာ ဆောင်ရွက်ဆဲဖြစ်သည်။

**မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းထံမှ လွှဲပြောင်းယူခဲ့သည့် စီမံကိန်းများ**

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) တိုးချဲ့စီမံကိန်းများနှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းတို့မှာ ဆောင်ရွက်ဆဲဖြစ်သည်။

### စက်မှုဝန်ကြီးဌာန

**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ထံမှ လွှဲပြောင်းယူခဲ့သည့် စီမံကိန်း**

ကော့စတစ်ဆိုဒါစက်ရုံစီမံကိန်းမှာ ဆောင်ရွက်ဆဲဖြစ်သည်။

**နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှု**

နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှု အချိုးအစားမြင့်မားလာရေး၊ နိုင်ငံတော်ဘတ်ဂျက်ကို ပြည်သူလူထုအတွက် လက်ငင်းလိုအပ်သည့် နေရာများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးနှင့် အစိုးရအဖွဲ့၏ အသုံးစရိတ်များ လျှော့ချချွေတာနိုင်ရေးတို့ကို ရည်ရွယ်ပြီး စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများအနက် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအရ ပုဂ္ဂလိက လုပ်ငန်းရှင်များ လုပ်ကိုင်နိုင်စွမ်းရှိသည့် ***စာမျက်နှာ (ခ)သို့***



အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)ကို တွေ့ရစဉ်။
(ဓာတ်ပုံ-စက်မှု)

# ပြည်တွင်းအမြန်ချောပို့ပစ္စည်းများကို ယနေ့ပို့ မနက်ဖြန်ရောက် အထူးဆောင်ရွက်ပေးနိုင်ခဲ့



ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာသည်နှင့်အမျှ အွန်လိုင်းအသုံးပြုသူ များပြားလာသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

### ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန

**တယ်လီဖုန်းသိပ်သည်းဆ** (Tele Density)

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစ၍ မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးလုပ်ငန်းများကို နှစ်စဉ်စီမံကိန်းများရေးဆွဲ၍ ၂၀၁၅-၂၀၁၆ ခု နှစ်ကုန်တွင် တယ်လီဖုန်းသိပ်သည်းဆကို ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ အင်တာနက်ထိုးဖောက်မှုကို ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်ရောက်ရှိအောင် ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်လျက်ရှိသည်။

**အော်ရီဒူးနှင့် တယ်လီနော**

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ၁၅ နှစ်သက်တမ်းရှိသော Nati-onwide Telecommunication Service License ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် Ooredoo Myanmar Limited နှင့် Telenor Myanmar Limited သို့လည်းကောင်း ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့လည်းကောင်း ပေးအပ်ခဲ့သည်။ ***စာမျက်နှာ (ဂ)သို့***

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



*ရှေ့ဖုံးမှ*

စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကသို့ငှားရမ်းလွှဲပြောင်းပေးခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းနှင့် အကျိုးတူပူးပေါင်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝမြှင့်တင်နိုင်ရေးတို့အတွက် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ရာ စက်မှုဝန်ကြီးဌာနက အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Focal Ministry အဖြစ်ဆောင်ရွက်ခဲ့သည်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၂၀၁၂ ခုနှစ် ဧပြီလတွင် စတင်တည်ထောင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရေး၊ နည်းပညာအကူအညီနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပကျွမ်းကျင်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးနိုင်ရေးအတွက် အသေးစားနှင့်အလတ်စားစက်မှု လုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များ ချေးငွေလျှောက်ထားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် ဖြေလျှော့ပေးမှု**

ချေးငွေထုတ်ချေးနိုင်ရန် အခွန်ပေးဆောင်ပြီးစီးမှုပြေစာအား ယခင်သုံးနှစ်အတွက် တင်ပြမှသာ လက်ခံသော်လည်း ယခုအခါ တစ်နှစ်အတွက်သာ တင်ပြလက်ခံခဲ့သည်။

အရှုံးအမြတ်စာရင်းအား ယခင်ပြည်သူ့လက်မှတ်ရစာရင်းကိုင်၏ ထောက်ခံချက်ဖြင့် ရေးဆွဲတင်ပြရန် လိုအပ်သော်လည်း ယခုအခါ SMIDB မှ သတ်မှတ်ပုံစံအတိုင်း တစ်နှစ်အတွက်သာ ရေးဆွဲတင်ပြရန် လိုအပ်သည်။

SME ချေးငွေထုတ်ချေးရာတွင် အာမခံထားရှိမည့် လုပ်ငန်းရှင်အမည်ပေါက်မြေဂရန်သည် အနည်းဆုံး သက်တမ်းငါးနှစ်ရှိပါက ဘဏ်မှလက်ခံသည်။

SME ချေးငွေထုတ်ချေးခွင့်ပြုသည့် ကာလသည် သုံးနှစ်ဖြစ်သောကြောင့် အာမခံမြေဂရန်လက်ကျန်သက်တမ်းသုံးနှစ်မပြည့်ပါက ဘဏ်မှလက်မခံကြောင်း၊ သို့သော် ထပ်မံ၍ တစ်နှစ်သက်တမ်းတိုးခွင့်ပြုကြောင်း သက်ဆိုင်ရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး၏ ထောက်ခံစာပူးတွဲပါရှိပါက ဘဏ်မှဖြေလျှော့လက်ခံသည်။

SMIDB မှ အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် SME ချေးငွေထုတ်ချေးရာတွင် အာမခံထားရှိမည့်မြေအား ယခင်က လုပ်ငန်းရှင်အမည်ပေါက် ဂရန်မြေနှင့် ဘိုးဘွားပိုင်မြေကိုသာ လက်ခံခဲ့သော်လည်း ယခုလန-၃၉ မြေကိုပါ ဖြေလျှော့လက်ခံခဲ့သည်။

**စက်မှုဆိုင်ရာကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးမှု**

စက်မှုကဏ္ဍအတွက် အခြေခံလိုအပ်ချက်ဖြစ်သော စက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင်လုပ်သားများတိုးတက်လာစေရန်ရည်ရွယ်၍ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းမှ နှစ်စဉ်သင်တန်းသား ၁၀၀၀ ခန့်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်-

- အမှတ်(၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)
- အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး)
- အမှတ် (၃) စက်မှုသင်တန်းကျောင်း(သာဂရ)
- အမှတ် (၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)
- အမှတ် (၅) စက်မှုသင်တန်းကျောင်း(မကွေး)
- အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ

စက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဘွိုင်လာများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ဘွိုင်လာကိုင်တွယ်သူများ သင်တန်းနှင့် ဘွိုင်လာကျွမ်းကျင်မှု အထူးသင်တန်းများကိုလည်းကောင်း၊ အရည်အချင်းပြည့်မီသော လျှပ်စစ်ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးအတွက် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကိုလည်းကောင်း သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

**Mobile Vocational Training**

စက်မှုနှင့်သက်မွေးပညာ ရွေ့လျားသင်တန်းအစီအစဉ်ဖြင့် ကျေးလက်ဒေသများသို့ အရောက်သင်ကြားရေးယာဉ်များဖြင့်သွားရောက်၍ သံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံလျှပ်စစ်ပညာသင်တန်း စသည့် စက်မှုနှင့်သက်မွေးပညာရက်တိုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သဖြင့် ကျေးလက်ဒေသရှိ လူငယ်လူရွယ်များကို ၎င်းတို့ဒေသများအရောက် သင်တန်းများဖွင့်လှစ်ပို့ချ၍ အလုပ်အကိုင်အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။


**အလုပ်အကိုင်ကျွမ်းကျင်မှု စံသတ်မှတ်**

သတ္တုနှင့်အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှုစံသတ်မှတ်ရေးရှေ့ပြေးစီမံချက် (Pilot Project)များအဖြစ် ဂဟေဆက်လုပ်သား(Welder) အမျိုးသားအဆင့်ကျွမ်းကျင်မှုလက်မှတ်များ (National Level 1 & 2) ကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ပူးပေါင်း၍ လည်းကောင်း၊ သွန်းလောင်းလုပ်သား (Foundry Worker) အမျိုးသားအဆင့်ကျွမ်းကျင်မှုလက်မှတ် (National Level 1)ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍လည်းကောင်း ကျွမ်းကျင်မှုလက်မှတ် Certificate များထုတ်ပေးလျက်ရှိသည်။

NSSA အသိအမှတ်ပြု ကျွမ်းကျင်မှုစစ်ဆေးရေးဌာန (Testing Center)များကို ရန်ကုန်မြို့၊ မန္တလေးမြို့တို့ရှိ စက်မှုဝန်ကြီးဌာနပိုင် အဆောက်အအုံများနှင့် စက်မှုသင်တန်းကျောင်းများတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုငွေဖြင့် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ မကွေး၊ ပခုက္ကူ၊ ပြည်မြို့နှင့် အခြားဒေသများတွင်ပါ ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။

အလုပ်အကိုင်ရရှိမှု




စက်မှုသင်တန်းကျောင်း

| စဉ် | သင်တန်းကျောင်း | အကူအညီအထောက်အပံ့ပေးသည့် အဖွဲ့အစည်း | စတင်ဖွင့်လှစ်သည့်ခုနှစ် |
|---|---|---|---|
| ၁။ | အမှတ်(၁)စက်မှုသင်တန်းကျောင်း(ဆင်တဲ) | German Agency for Technical Cooperation GTZ/ German International Development Co-operation- GIZ | ၁၉၇၉ |
| ၂။ | အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး) | Institute of Planning and Project Research-IPPR Engineering International(China) | ၂၀၀၈ |
| ၃။ | အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ) | Korea International Cooperation Agency - KOICA | ၂၀၀၉ |
| ၄။ | အမှတ်(၄)စက်မှုသင်တန်းကျောင်း(ပခုက္ကူ) | India Government ၊ HMT(International )Ltd (India) | ၂၀၁၀ |
| ၅။ | အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး) | Korea International Cooperation Agency - KOICA | ၂၀၁၁ |
| ၆။ | အမှတ်(၆)စက်မှုသင်တန်းကျောင်း(မြင်းခြံ) | India Government ၊ HMT(International )Ltd (India) | ၂၀၁၃ |

**စက်မှုနှင့် သက်မွေးပညာ ရွေ့လျားသင်တန်းအစီအစဉ်ဖြင့် ကျေးလက်ဒေသများသို့ အရောက်သင်ကြားရေးယာဉ်များဖြင့် သွားရောက်၍ သံဂဟေဆက်သင်တန်း၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း၊ အခြေခံလျှပ်စစ်ပညာသင်တန်း စသည့် စက်မှုနှင့် သက်မွေးပညာရက်တိုသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သဖြင့် ကျေးလက်ဒေသရှိ လူငယ် လူရွယ်များကို ၎င်းတို့ဒေသများအရောက် သင်တန်းများဖွင့်လှစ်ပို့ချ၍ အလုပ်အကိုင် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်ခဲ့**



အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ) ကိုတွေ့ရစဉ်။
(ဓာတ်ပုံ-စက်မှု)

# ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်ချက် မှတ်တမ်းရုပ်ပုံလွှာများ ၂၀၁၁ – ၂၀၁၅



*ရှေ့ဖုံးမှ*

Ooredoo Myanmar Limited သည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု (3G) စနစ်ကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင်လည်းကောင်း၊ Telenor Myanmar Limited သည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု (2G/3G) စနစ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း ပြည်သူများသို့ တရားဝင်စတင်၍ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

**မိုဘိုင်းတယ်လီဖုန်း ၃၃ သန်းကျော်**

၂၀၁၀-၂၀၁၁ ခုနှစ်တွင် မိုဘိုင်းတယ်လီဖုန်းလုံးရေ စုစုပေါင်း ၁ ဒသမ ၆၄ သန်းမျှသာရှိခဲ့သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပြည်ပအော်ပရေတာများဖြစ်သည့် Ooredoo Myanmar Limited နှင့် Telenor Myanmar Limited တို့က ၂၀၁၅ ခုနှစ် ဩဂုတ်လကုန်အထိ မိုဘိုင်းတယ်လီဖုန်းလုံးရေ ၃၃ ဒသမ ၇၈၇ သန်းကို တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့သဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၂ ဒသမ ၇၇ ရာခိုင်နှုန်းသာ ရှိရာမှ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ ၆၅ ဒသမ ၃၅ ရာခိုင်နှုန်း (လူ ၁၀၀ လျှင် ၆၅ ဦးသုံးစွဲနိုင်သည်) အထိ ရှိလာခဲ့သည်။

**အင်တာနက်အသုံးပြုသူ ၂၇ သန်းကျော်**

အင်တာနက်ဝန်ဆောင်မှုများကို ဖိုင်ဘာလိုင်း၊ MPT Satellite Terminal, E1 Line, ADSL Line, Mobile စသည်တို့ဖြင့် အင်တာနက်နှင့် ချိတ်ဆက်အသုံးပြုနိုင်ရန် ဖြည့်ဆည်းပေးခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အင်တာနက်အသုံးပြုသူ ၃၈၇၁၅ ဦးသာရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် စုစုပေါင်း ၂၇၅၇၅၄၂၈ ဦး အထိ တိုးတက်များပြားလာသည်။

ပြည်သူလူထု၏ သတင်းအချက်အလက်နည်းပညာဆိုင်ရာ သုံးစွဲမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အင်တာနက် Bandwidth ကို နှစ်စဉ်တိုးချဲ့ခဲ့ရာ ၂၀၁၀-၂၀၁၁ ခုနှစ်၌ အင်တာနက် Bandwidth ၃ ဒသမ ၉၂ Gbps ရှိရာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ အင်တာနက် Bandwidthကို ၅၅ ဒသမ ၈၂ Gbpsအထိ တိုးချဲ့ပေးနိုင်ခဲ့သည်။

တယ်လီဖုန်းနှင့် အင်တာနက်သုံးစွဲမှုများ ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရန် အဝေးဆက်သွယ်ရေးလုပ်ငန်းများဖြစ်သည့် မိုက္ကရိုဝေ့ဗ်စခန်းပေါင်း ၃၄၉ ခုထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း ကီလိုမီတာပေါင်း ၂၉၄၇၅ ဒသမ ၅၁ ကီလိုမီတာနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် ဆက်သွယ်ရေးတာဝါပေါင်း ၇၃၆၂ တိုင်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ တယ်လီဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ချိတ်ဆက်သုံးစွဲမှုများ အဆင်ပြေချောမွေ့နိုင်စေရန် Maximum Capacity 1300 Gbps ရှိ SMW-5 ရေအောက်ကေဘယ်လ်ဆက်ကြောင်းနှင့် ချိတ်ဆက်နိုင်ရေး ၂၀၁၆ ခုနှစ် နှစ်ကုန်အပြီး လျာထားဆောင်ရွက်လျက်ရှိသည်။

SMW-5 ဆက်ကြောင်းတစ်စုံတစ်ရာ ချွတ်ယွင်းမှုဖြစ်ပေါ်ပါက ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် အရန်ဆက်ကြောင်းအဖြစ် AAE-1(Asia-Africa-Europe-1) ပင်လယ်ရေအောက်ကေဘယ်နှင့် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မူလကအပြည်ပြည်ဆိုင်ရာအိတ်ချိန်း Gateway မှာ ရန်ကုန် TDM & IP နှင့် တပ်ကုန်း TDM တို့သာရှိခဲ့ရာ ၂၀၁၃ ခုနှစ်တွင် IGW-NGN-IP အပြည်ပြည်ဆိုင်ရာ အိတ်ချိန်းအသစ်ကို နေပြည်တော်တွင် တည်ဆောက်ထားပြီးဖြစ်သည်။

အခြားနိုင်ငံများမှ Operator များ၏ GSM / WCDMA အသုံးပြုသူများသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Mobile Network တွင် လာရောက်အသုံးပြုနိုင်ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ GSM / WCDMA အသုံးပြုသူများသည်လည်း အခြားနိုင်ငံများသို့ သွားရောက်စဉ်အသုံးပြုနိုင်သော International Roaming ချိတ်ဆက်မှုစနစ်ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံပေါင်း ၆၅ နိုင်ငံမှ Operator ၁၀၉ ဦး၏ မိုဘိုင်းဖုန်းသုံးစွဲသူများမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်း Network တွင် Inbound Roaming လာရောက်သုံးစွဲနိုင်သကဲ့သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ GSM / WCDMA အသုံးပြုသူများသည် နိုင်ငံပေါင်း ၅၆ နိုင်ငံမှ Operator ၇၃ ဦး၏ မိုဘိုင်း Network တွင် Outbound Roaming အဖြစ် သုံးစွဲနိုင်ပြီဖြစ်သည်။

**အမြန်စာပို့လုပ်ငန်း**

နေရာ၊ ဒေသမရွေးအလွယ်တကူသုံးစွဲနိုင်သော (At all points in the Territory) ဝန်ဆောင်မှုဖြစ်စေရန်အတွက် စာတိုက်များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ လုပ်ငန်းပြည့်စာတိုက်ရုံး ၇၇၉ ရုံး၊ စာတိုက်ခွဲ ၂၁၂ ရုံး၊ ကျေးရွာကိုယ်စားလှယ်စာတိုက် ၃၉၀၊ စုစုပေါင်း ၁၃၈၁ ရုံး ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်တွင်း/ပြည်ပစာပို့ခ အခြေခံနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း (EMS International တွင် Hand Free Barcode Scanner) စာဝေစနစ်ကို ဆောင်ရွက်ခဲ့ခြင်း၊ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီသုံးခုနှင့် Registered Service Provider အဖြစ် လုပ်ငန်းဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

အရည်အသွေးကို အခြေပြုသော စာတိုက်ဝန်ဆောင်မှုများဖြစ်စေရေးအတွက် JICA နှင့် ပူးပေါင်း၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စာတိုက်များအား စီမံကိန်းကာလသုံးနှစ်သတ်မှတ်ပြီး ချောသယ်ယူပို့ဆောင်ရေး အမိကကွန်ရက်တိုးတက်ရန်၊ ချောစာသိမ်းဆည်းမှုနှင့်ပေးဝေမှုတို့ တိုးတက်ရန်၊ စာတိုက်အတွင်း လုပ်ငန်းဆောင်ရွက်မှုတိုးတက်ရန်၊ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းတိုးတက်ရေးအတွက် နှစ်လတ်-နှစ်ရှည် စီမံချက်များချမှတ်ရန်တို့ ဆောင်ရွက်လျက်ရှိသည်။

ပြည်ပ စာပို့လုပ်ငန်း၏ ပြည်ပ စာရွေးဌာနတွင် ပြည်ပမှတ်ပုံတင်စာ အဝင်၊ အထွက်ကဏ္ဍတို့တွင် Barcode အသုံးပြု၍ IPS Light System ဖြင့် Track and Trace ဆောင်ရွက်သော RAQUEL Project ကိုလည်းကောင်း၊ မြန်မာ့စာတိုက်လုပ်ငန်း၏ ပြည်တွင်းအမြန်ချောပို့ လုပ်ငန်းအား နေပြည်တော်၊ ရန်ကုန် ၁၀ မြို့နယ်၊ မန္တလေး ခြောက်မြို့နယ်တို့တွင် နံနက် ၁၁ နာရီမတိုင်မီပေးပို့သည့် ပြည်တွင်းအမြန်ချော ပစ္စည်းများအား နေ့ချင်းရောက် စာဝေစနစ် Same Day Delivery လုပ်ငန်းကို လည်းကောင်း၊ နေပြည်တော် အပါအဝင် ရှစ်မြို့တွင် ပြည်တွင်း အမြန်ချောပို့ပစ္စည်းများကို ယနေ့ပို့မနက်ဖြန်ရောက် အထူးဝန်ဆောင်မှုကို လည်းကောင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အာဆီယံအိုင်စီတီဆု**


ASEAN ICT Master plan AIM 2015 ၏ နည်းဗျူဟာ ခြောက်ရပ်အနက် Innovation Thrust အရ ဆောင်ရွက်သည့် အစီအစဉ်ဖြစ်သော အာဆီယံ အိုင်စီတီဆုချီးမြှင့်ခြင်းကို ၂၀၁၂ ခုနှစ် မှစတင်၍ နှစ်စဉ်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံရှိ အိုင်စီတီကုမ္ပဏီများအနေဖြင့် Civil Society Responsibility (CSR) ခေါင်းစဉ်အောက်မှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ၂၀၁၂ ခုနှစ် တွင် Myanmar Creadiant Co , Ltd၊ ၂၀၁၄ ခုနှစ်တွင် Blue Ocean Management Co, Ltd တို့ ပထမဆုများ ရရှိခဲ့သည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စဉ်ဆက်မပြတ်ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



**ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်၊ ပွေးလှကျေးရွာ GSM အိတ်ချိန်းရုံးကို တွေ့ရစဉ်။**
(ဓာတ်ပုံ - ဆက်သွယ်ရေး)

**Maximum Capacity 1,300 Gbps ရှိ SMW-5 ရေအောက်ကေဘယ်လ်ဆက်ကြောင်းနှင့် ချိတ်ဆက်နိုင်ရေးဆောင်ရွက်**




---

*ကျောဖုံးမှ*

ပညာသင်နှစ်မှာ ဒဂုံတက္ကသိုလ်မှာပထမနှစ်သင်တန်းသား သင်တန်းသူ ၂၉ ဦး၊ ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၄၃ ဦး စုစုပေါင်း ၇၂ ဦးနဲ့ ရတနာပုံတက္ကသိုလ်မှာ ပထမနှစ်သင်တန်းသား သင်တန်းသူ ၃၄ ဦး၊ ဒုတိယနှစ်သင်တန်းသား သင်တန်းသူ ၅၈ ဦး စုစုပေါင်း ၉၂ ဦး တက်ရောက်နေပါတယ်။ ဒဂုံတက္ကသိုလ်က ပထမနှစ်ကျောင်းသား ၂၂ ဦးနဲ့ ရတနာပုံတက္ကသိုလ်က ကျောင်းသား ကျောင်းသူ ၁၁ ဦး ထပ်မံတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်နေပါတယ်။ အားကစားတက္ကသိုလ်ဖွင့်လှစ်ဖို့ အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ငွေကျပ်သန်း ၁၂၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်သန်း ၃၅၀၀ ခွင့်ပြုရန်ပုံငွေရရှိပြီး လုပ်ငန်းများ တင်ဒါခေါ်ယူပြီး ဆောင်ရွက်လျက်ရှိရာမှာ ၇၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ရေးလုပ်ငန်း များအားလုံးပြီးစီးသွားရင် ဆောလျင်စွာဖွင့်လှစ်နိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အားကစားတက္ကသိုလ်တည်ဆောက်ပြီး ပါက သတ်မှတ်ပညာအရည်အချင်းနဲ့ပြည့်မီတဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို တက္ကသိုလ်မှာ အားကစားနည်းပြအရာရှိများ အဖြစ် ပြန်လည်ခန့်အပ်တာဝန်ပေးသွားဖို့လည်း စီစဉ်နေပါတယ်။

မြန်မာ့အားကစားဖြစ်ပေါ်တိုးတက်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြသန်းထိုက်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ လက်ရှိ မြန်မာ့အားကစားကဏ္ဍ တိုးတက်ပြောင်းလဲရေးနဲ့ ပတ်သက်ပြီး ဘာတွေလိုအပ်ချက်ရှိနေသလဲ၊ ဘာတွေလုပ်ဖို့ လိုအပ်နေသလဲဆိုတာ ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ ကျွန်တော် အဓိက အချက်နှစ်ချက်ပြောလိုပါတယ်။ နည်းပြအပိုင်းနဲ့ မျိုးဆက်သစ်မွေးထုတ်ရေးအပိုင်းနှစ်ပိုင်းပါ။

ပထမပိုင်းအနေနဲ့ မြန်မာအားကစားတိုးတက်ဖို့ဆိုရင် အားကစားနည်းတိုင်းမှာ နည်းပြကောင်းတွေလိုပါတယ်။ နည်းပြကောင်းဆိုတာ အခြေခံအားကစားနည်းစနစ်ကို အခြေခံကျကျ နိုင်ငံတကာအဆင့်မီ နားလည်တတ်ကျွမ်းတဲ့နည်းပြကောင်းတွေ လိုပါတယ်။ ဖြစ်နိုင်ရင် နိုင်ငံတကာအားကစားသင်တန်းတွေမှာတက်ရောက်ပြီး အားကစားနည်းစနစ်မှန်မှန် ကျွမ်းကျင်တတ်မြောက်တဲ့နည်းပြတွေ လိုပါတယ်။

အားကစားမှာ နည်းစနစ်ဟာ အလွန်အရေးကြီးပါတယ်။ နည်းစနစ် မှန်မှ တိုးတက်မှုရနိုင်ပါတယ်။ ဒုတိယအချက်ကတော့ မျိုးဆက်သစ်အားကစားသမားတွေ မွေးထုတ်ရေးပါ။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၉၈ ခုနှစ် ကျောင်းသားအားကစားပွဲတော်ပြီးတဲ့နောက် မျိုးဆက်သစ်အားကစားသမား ပေါ်ထွက်မှုဟာ ရပ်တန့်သွားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ တစ်ချိန်က အားကစားအောင်မြင်တယ်ဆိုတာက ကျောင်းသားအားကစားပွဲတော်တွေကနေ ပေါ်ထွက်ခဲ့တာဖြစ်ပါတယ်။ ရွှေပုန်းသီးအားကစားသမားအများစုကို အားကစားပွဲတော်တွေ၊ ကျောင်းလက်ရွေးစင်တွေထဲက ပေါ်ထွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်ချက်ကို ပြုပြင်ပြောင်းလဲနိုင်မယ်ဆိုရင် မြန်မာ့အားကစား အောင်မြင်ဖို့မဝေးပါဘူး။

တစ်ဖန်အားကစားသမားများ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ မြားပစ်အားကစားနည်းပြ ဦးဇော်လင်းထိုက်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**မေး။ ။ အားကစားနည်းတစ်ခုအောင်မြင်ဖို့ အားကစားသမားတွေအတွက် ဘယ်အချက်က အရေးအကြီးဆုံးလို့ထင်ပါသလဲခင်ဗျာ။**

ဖြေ။ ။ အားကစားနည်းတစ်ခု အောင်မြင်ဖို့ဆိုရင် စိတ်ဓာတ်၊ နည်းစနစ်နဲ့ ကြိုးစားအားထုတ်မှုပါပဲ။ ဒီသုံးခုက အရေးအကြီးဆုံး ပါပဲ။ စိတ်ရောကိုယ်ပါလေ့ကျင့်မယ်။ နည်းစနစ်လည်းမှန်မယ် ကိုယ်ကိုယ် တိုင်က နိုင်လိုစိတ်ဓာတ်ပြင်းပြမယ်ဆိုရင် အောင်မြင်ဖို့အလှမ်းမဝေးပါဘူး။ ဒါပေမယ့်အခုဟာက အားကစားသမားအများစုက (Gold Camp) သွင်းတာကိုသိမ်မကြိုက်ကြဘူး။ သင်ပေးတဲ့ဝန်ထမ်းအများစုက နေပြည်တော်မှာရှိတယ်။ အားကစားသမားတွေက ဒီကိုလာပြီးလေ့ကျင့်မှုတွေ၊ စခန်းသွင်းလေ့ကျင့်မှုတွေလုပ်ရတော့စိတ်မပျော်ရွှင်ကြဘူး။ ပြီးတော့နည်းပြအပိုင်းမှာဆိုရင်လည်း နိုင်ငံခြားနည်းပြတွေကျတော့ တစ်လဒေါ်လာ ၁၈၀၀-၂၀၀၀ ပေးငှားရပါတယ်။ ပြည်တွင်းနည်းပြကတော့ ငွေကျပ်တစ်သိန်း ကျော်လောက်နဲ့ထောက်ပံ့ကြေးလောက်ပဲရတယ်ဆိုတော့ စိတ်အားထက် သန်စွာလုပ်ဖို့ဆိုတာအတော်လေးအခက်အခဲတွေရှိပါတယ်။ အားကစားထဲ မှာစိတ်ဝင်စားမှုအားနည်းကြတယ်။ ကစားသမားတွေက ဘယ်လိုမှ မပျော်ကြဘူး။ ဒီအတွက် သူတို့စိတ်ထွက်ပေါက်မရကြဘူး။ အားကစားမှာက စိတ်ဓာတ်အရေးကြီးပါတယ်။ စိတ်ပျော်ရွှင်ပြီးအနိုင်ရလိုတဲ့ စိတ်ဓာတ်နဲ့ လေ့ကျင့်မယ်ယှဉ်ပြိုင်မယ်ဆိုရင် မြန်မာ့အားကစားတိုးတက်ဖို့ဆိုတာ လက်တစ်ကမ်းမှာပဲရှိပါတယ်။

ခေတ်တစ်ခေတ်မှ တစ်ခေတ်သို့ ကူးပြောင်းရာတွင် တိုးတက်မှုများရှိရမည်ဖြစ်ပါသည်။ သို့မဟုတ် တိုးတက်ပြောင်းလဲမှုများအတွက် အုတ်မြစ်ချပေးနိုင်ခဲ့ရမည်ဖြစ်ပါသည်။ လက်ရှိအစိုးရလက်ထက်တွင် အားလုံးပြီးပြည့်စုံသော တိုးတက်ပြောင်းလဲမှုများမဖြစ်ခဲ့သည့်တိုင် တိုးတက်ပြောင်းလဲမှုများစွာရှိနေသည်က အမှန်ပင်ဖြစ်ပါသည်။

# မြန်မာ့အားကစားအောင်နိုင်မှု သမိုင်းမှတ်တိုင်ပုံရိပ်များ

အမေးအရေး-မြင့်မောင်စိုး၊
ဓာတ်ပုံ-မောင်ကျော်ကြီး

ယင်းတို့တွင် မြန်မာ့အားကစား အောင်မြင်မှုများသည်လည်း တစ်ခုအပါအဝင်ပင်ဖြစ်ပါသည်။ လက်ရှိအစိုးရလက်ထက်တွင်အားကစားနှင့်ပတ်သက်၍မည်သည့်အရာများ တိုးတက်အောင်ဆောင်ရွက်နိုင်သည်၊ မည်သည်တို့အတွက် အုတ်မြစ်ချပေးနိုင်ခဲ့သည်ကို စေ့ငုရေးသားတင်ပြနိုင်ရန်အတွက် အားကစားဝန်ကြီးဌာနပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူးလည်းဖြစ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်လည်းဖြစ်သည့် ဦးကျော်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ။ လက်ရှိအစိုးရလက်ထက် အားကစားဝန်ကြီးဌာနရဲ့ အောင်မြင်တိုးတက်မှုတွေ ဘယ်လောက်အတိုင်းအတာအထိ ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ဦးစွာရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ လက်ရှိမှာ အားကစားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်က ပေးအပ်ထားတဲ့ တာဝန်ကြီးတွေဖြစ်တဲ့ "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲတွေမှာ အောင်မြင်မှုရရှိစေရေး" ဆိုတဲ့ ရည်မှန်းချက်တာဝန်တွေ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေဖို့အတွက် အဓိက အထောက်အကူပြုဆောင်ရွက်ရတဲ့ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းတွေ စဉ်ဆက်မပြတ်ပေါ်ထွက်အောင် လုပ်နေပါတယ်။

အဲဒီလိုလုပ်တဲ့နေရာမှာ တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကလပ်အသင်းတွေပါဝင်တဲ့ Champion Challenge Cup ပြိုင်ပွဲ၊ 27th SEA Games ပြိုင်ပွဲအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲနဲ့ Pre SEA Games အားကစားပြိုင်ပွဲတွေ၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲတွေ၊ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် TSDP (Township Development Program) အစီအစဉ်အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရှိ ဦးစားပေး မြို့နယ်ငါးမြို့နယ်စီမှာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ် အစရှိတဲ့အားကစားပြိုင်ပွဲတွေ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဓိကကျတဲ့ အောင်မြင်မှုအနေနဲ့ နှစ်ပေါင်း ၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ်ပြန်လည်လက်ခံကျင်းပနိုင်ခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခုရရှိခဲ့ပြီး နိုင်ငံအလိုက် ဒုတိယအဆင့်ရရှိခဲ့ပါတယ်။ ဒီထက်ထူးခြားတာကတော့ ဒီပြိုင်ပွဲကြီးရဲ့ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွေကိုလည်း နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ခဲ့ပြီး ပြည်ပနိုင်ငံတွေရဲ့ အထင်ကြီးလေးစားချီးကျူးမှုတွေ ရရှိခဲ့တဲ့အထိ အောင်မြင်မှုတွေ ရရှိခဲ့ပါတယ်။

**မေး။ ။ အခု ဘယ်အားကစားနည်းတွေမှာ အောင်မြင်အောင်လုပ်ဆောင်နေပါသလဲခင်ဗျာ။**

ဖြေ။ ။ အားကစားဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း၊ ပြည်ပအားကစားပြိုင်ပွဲတွေ လက်ခံကျင်းပခြင်းနဲ့ သွားရောက်ယှဉ်ပြိုင်မှုတွေအပေါ် အားသာချက်၊ အားနည်းချက်တွေကိုသုံးသပ်ပြီး အောင်မြင်မှုမရရှိဘဲ အားနည်းချက်ရှိတဲ့ အားကစားနည်းတွေကို ပိုမိုအောင်မြင်မှုရရှိစေဖို့နဲ့ အောင်မြင်မှုရရှိပြီးဖြစ်တဲ့ အားကစားနည်းတွေရဲ့ အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းဖို့အတွက် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် Mass Sports လို့ခေါ်တဲ့ လူထုအားလုံးပါဝင်လှုပ်ရှားတဲ့ အားကစားမအောင်မြင်ဘဲ Excellent Sports ဆိုတဲ့ ထူးချွန်ထက်မြက်တဲ့ အားကစားသမားတွေ မပေါ်ထွက်နိုင်ပါဘူး။ Mass Sports ဖြစ်တဲ့ လူထုအားလုံးပါဝင်လှုပ်ရှားတဲ့ အားကစားပြိုင်ပွဲတွေအဖြစ် ပြည်ထောင်စု ဖလားအားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲတွေ၊ CCC (Champion Challenge Cup)ပြိုင်ပွဲတွေနဲ့ အမျိုးသားအားကစားပြိုင်ပွဲတွေကို စဉ်ဆက်မပြတ် ကျင်းပပြီး အဲဒီမှာ ထူးချွန်ထက်မြက်တဲ့ ရွက်ပုန်းသီးအားကစားသမားတွေကို Excellent Sports အဖြစ် ရွေးချယ်ပြီး နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ အားကစားနည်းအလိုက် အောင်မြင်မှုရရှိစေရေးအတွက် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အထူးသဖြင့် အဓိကကျတဲ့အားကစားနည်းတွေ အောင်မြင်မှုရရှိစေဖို့ ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုအားကစားနည်းတွေကို မြို့နယ်အဆင့်ကစ၍ TSDP အစီအစဉ်အရ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ မျိုးဆက်သစ်အားကစားသမားတွေ ပြုစုပျိုးထောင်ပေးနေမှု အခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ နိုင်ငံတကာအားကစားပြိုင်ပွဲတွေမှာ အောင်မြင်မှုတွေရရှိစေဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ အားကစားနည်းအလိုက် ထူးချွန်ထက်မြက်တဲ့အားကစားသမား လူငယ်မျိုးဆက်သစ်တွေကို ရွေးချယ်စုစည်းပါတယ်။

ရေရှည်ပြုစုပျိုးထောင်မှုအဖြစ် အားကစားနှင့် ကာယပညာသိပ္ပံ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးတို့မှာလည်း ပြုစုပျိုးထောင်လေ့ကျင့်ပေးနေတဲ့အပြင် လာမယ့်ဘဏ္ဍာရေးနှစ်မှာလည်း အားကစားနဲ့ကာယပညာသိပ္ပံ မုံရွာနဲ့ လွိုင်ကော်တို့ကို တိုးချဲ့ဖွင့်လှစ်မှာဖြစ်တဲ့အတွက် အားကစားသိပ္ပံခြောက်ခုအထိ ရှိလာပါတယ်။ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားတဲ့မျိုးဆက်သစ်လူငယ်တွေ ပိုမိုပြုစုပျိုးထောင်သွားနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သက်တမ်းအလိုက် လူငယ်မျိုးဆက်သစ်အားကစားသမားတွေ ရရှိစေရေးအတွက် သက်တမ်းအလိုက် အားကစားပြိုင်ပွဲတွေ၊ နေ့ရာသီအားကစားသင်တန်းတွေ၊ အိုလံပစ်နေ့အထိမ်း အမှတ်အားကစားပြိုင်ပွဲတွေကနေ တစ်ဆင့် အရည်အချင်းပြည့်ဝတဲ့ မျိုးဆက်သစ်တွေ ဖြည့်တင်းပေးနိုင်ဖို့အတွက် အသက်အရွယ်ငယ်ရွယ်ပြီး အလားအလာရှိသူတွေကို စိစစ်ရွေးချယ်ပြီး နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)မှာရှိတဲ့ အားကစားလေ့ကျင့်ရေးစခန်းမှာ ဆက်လက်စခန်းသွင်း လေ့ကျင့်ပျိုးထောင်ပေးနေပါတယ်။

**မေး။ ။ စင်ကာပူ SEA Games မှာ အောင်မြင်မှုအတွေ့အကြုံတွေလည်း ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ



မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်ပွဲရကစားသမားများ အောင်ပွဲခံနေစဉ်။

တော့ ရွှေ ၁၂၊ ငွေ ၂၆၊ ကြေး ၃၁ စုစုပေါင်း ၆၉ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)သာရှိခဲ့ပါတယ်။ နောင်လာမယ့် အားကစားပြိုင်ပွဲတွေမှာတော့ အောင်မြင်မှုရရှိစေဖို့အတွက် အားနည်းချက်တွေကိုပြုပြင်ပြီး အောင်နိုင်လိုစိတ်ပြင်းပြမှု၊ စည်းကမ်းရှိမှု၊ ပြင်းထန်တဲ့လေ့ကျင့်မှုတွေကို အခုထက်ပိုကြိုးစားဆောင်ရွက်ပြီး အားကစားနည်းအလိုက် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွေကို စဉ်ဆက်မပြတ် လက်ခံကျင်းပပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေကို စေလွှတ်ယှဉ်ပြိုင်စေပါမယ်။ အားကစားနည်းအလိုက် အကဲသာတဲ့နိုင်ငံတွေကို ပူးတွဲလေ့ကျင့်မှုတွေစေလွှတ်ပါမယ်။ နိုင်ငံခြားနည်းပြကောင်းတွေ ခေါ်ယူငှားရမ်းပြီး နှစ်လုံးပေါက် စခန်းသွင်းလေ့ကျင့်မှုတွေ ပြုလုပ်ပါမယ်။ ဒီလိုဆိုရင် အောင်မြင်မှုတွေ ပြန်လည်ရရှိနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ အားကစားနည်းအလိုက် အောင်မြင်မှု၊ အနာဂတ်အတွက် ပြင်ဆင်လေ့ကျင့်မှုအခြေအနေကိုလည်း သိပါရစေခင်ဗျာ။**

ဖြေ။ ။ ရေကူး၊ ပြေးခုန်ပစ်၊ ဘောလုံးအားကစားနည်းတွေမှာ အရင်က အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်အထိပါ အောင်မြင်မှုတွေရရှိခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ ရိုးရာလှေ၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ဂျူဒိုအားကစား နည်းတွေမှာ အောင်မြင်မှုအများဆုံးရရှိခဲ့ပါတယ်။ မြားပစ်၊ ဘိလိယက်၊ စနူကာ၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ အလေးမတွေက ဒုတိယအောင်မြင်တဲ့ အားကစားနည်းတွေ ဖြစ်ပါတယ်။

အနာဂတ်အတွက် ပြင်ဆင်လေ့ကျင့်မှုများအနေနဲ့ အခြေခံကျတဲ့ အားကစားကွင်း၊ အားကစားရုံတွေ အသစ်တည်ဆောက်ပေးပါတယ်။ ပြုပြင်မွမ်းမံပေးပါတယ်။ အားကစားအထောက်အကူပြုပစ္စည်းတွေ ထောက်ပံ့ပေးပါတယ်။ အားကစားနည်းအလိုက် နည်းပြ၊ ဒိုင်သင်တန်းတွေ၊ မြို့နယ်အားကစားမှူးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းတွေ ဖွင့်လှစ်ပေးပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီး ပြိုင်ပွဲတွေလည်း စဉ်ဆက်မပြတ် ကျင်းပပေးနေပါတယ်။ အားကစားအဖွဲ့ချုပ်တွေကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး အားကစားနဲ့ ကာယပညာသိပ္ပံ ကျောင်းတွေကို တိုးချဲ့ဖွင့်လှစ်ပါတယ်။ နည်းပြတွေရဲ့စွမ်းရည် တိုးတက်စေရေးအတွက် နိုင်ငံခြားပညာတော်သင်စေလွှတ်ပြီး လေ့ကျင့်ပျိုးထောင်ပေးနေပါတယ်။ အားကစားနည်းတွေအတွက် နှစ်အလိုက် အားကစားပြက္ခဒိန်ရေးဆွဲပြီး ပြိုင်ပွဲတွေလည်း ကျင်းပပေးပါတယ်။ TSDP အစီအစဉ်အရ သတ်မှတ်ကာလများအတိုင်း ပြိုင်ပွဲတွေကျင်းပပေးတာ၊ ဒေသအလိုက် အားကစားလေ့ကျင့်ရေးစခန်းတွေ တည်ထောင်ဖွင့်လှစ်ပေးတာ စတာတွေလုပ်ပေးပြီး အနာဂတ်မှာထူးချွန်ထက်မြက်တဲ့ လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာဖို့ အားကစားနည်းအလိုက် အောင်မြင်မှုရရှိစေဖို့ ပြင်ဆင်လေ့ကျင့်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ပြေးခုန်ပစ်၊ ဝူရှူး၊ တိုက်ကွမ်ဒို၊ အလေးမ၊ ကရာတေးဒို၊ လက်ဝှေ့၊ ရေကူး၊ ဂျူဒိုအစရှိတဲ့ ပြင်းပြင်းထန်ထန်ကစားရတဲ့ အားကစားနည်းတွေ အောင်မြင်မှုပြန်လည်ရရှိအောင် ဘယ်လိုကြိုးစားနေပါသလဲခင်ဗျာ။**

ဖြေ။ ။ ဒီအားကစားနည်းတွေ အောင်မြင်မှုရရှိစေရေးမှာ အဓိကအရေးပါတဲ့ မျိုးဆက်သစ်အားကစားသမားတွေ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေဖို့အတွက် လူရွေးချယ်ရေးကဏ္ဍကို 'ဒေါက်ငါးဒေါက်'နဲ့ ဆောင်ရွက်နေပါတယ်။ အဖွဲ့ချုပ်တွေက ကျင်းပတဲ့ပြိုင်ပွဲတွေ၊ တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲတွေ၊ အားကစားနဲ့ကာယပညာသိပ္ပံတွေ၊ ကျောင်းသားအားကစားပြိုင်ပွဲတွေ၊ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အားကစားပြိုင်ပွဲတွေကနေ ထူးချွန်ထက်မြက်တဲ့ အားကစားသမားတွေကိုရွေးချယ်ပြီး နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)မှာ စနစ်တကျ စုဖွဲ့လေ့ကျင့်စေလျက်ရှိပါတယ်။ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်တွေကိုလည်း ပြင်ဆင်ဖွဲ့စည်းတာ၊ ပူးတွဲလေ့ကျင့်မှုတွေစေလွှတ်တာ၊ ဖိတ်ခေါ်ပြိုင်ပွဲတွေ၊ ပြည်တွင်း၊ ပြည်ပပြိုင်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်စေတာ၊ Test Match ပြိုင်ပွဲတွေကျင်းပပေးတာ အစရှိတဲ့ အားကစားနည်းအလိုက် အောင်မြင်မှုများ ပြန်လည်ရရှိအောင် ကြိုးစား ဆောင်ရွက်နေပါတယ်။

**မေး။ ။ တစ်နိုင်ငံလုံး အားကစားကွင်း၊ အားကစားရုံများ တိုးတက်မှုအခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ ၂၀၁၁ ခုနှစ်မှာ အားကစားကွင်း ၃၇၀၊ အားကစားခန်းမ ၂၁၀ စုစုပေါင်း ၅၈၀ ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ အားကစားကွင်း ၃၈၉ ကွင်း၊ အားကစားခန်းမ ၂၈၈ ခု၊ စုစုပေါင်း ၆၇၇ ခုရှိတဲ့အတွက် အားကစားကွင်း ၁၉ ကွင်း၊ အားကစားခန်းမ ၉၇ ခု စုစုပေါင်း ကွင်းနဲ့ရုံ ၁၁၆ ခု တိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် နေပြည်တော်မှာ ဝဏ္ဏသိဒ္ဓိနဲ့ ဇေယျာသီရိ Sports Complex၊ မန္တလေးမြို့မှာ မန္တလာသီရိအဆင့်မြင့် အားကစားကွင်း၊ နေပြည်တော်မှာ အားကစားရွာနဲ့ Sports Training Center (၁)/(၂)၊ Mount Pleasant စက်ဘီးကွင်း၊ ပြင်ဦးလွင်အားကစားလေ့ကျင့်ရေးစခန်း၊ ငွေဆောင်ရွက်လှေ အားကစားလေ့ကျင့်ရေးစခန်း၊ ချောင်းသာလေ့ကျင့်ရေးစခန်းနဲ့ ဒဂုံ(မြောက်) မသန်စွမ်းအားကစားလေ့ကျင့်ရေးစခန်းတို့လည်း ရှိနေပါတယ်။

**မေး။ ။ တိုင်းဒေသကြီး/ ပြည်နယ်အားကစားပြိုင်ပွဲတွေ ကျင်းပနိုင်ခဲ့မှုအခြေအနေနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ တိုင်းဒေသကြီး/ ပြည်နယ်အားကစားပြိုင်ပွဲ ၂၉မျိုးကို ၂၀၁၁ ခုနှစ်က ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကလပ်အသင်းတွေပါဝင်တဲ့ ပြိုင်ပွဲတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ပါဝင်ယှဉ်ပြိုင်တဲ့ ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၊ ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲတွေ၊ ၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တို့ကို ကျင်းပပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ပြည်ပနိုင်ငံတွေကို အားကစားသက်တမ်းအလိုက်နဲ့ အားကစားနည်းအလိုက်အောင်မြင်ခဲ့မှု အခြေအနေကိုလည်းသိချင်ပါတယ်။**

ဖြေ။ ။ မြန်မာအားကစားအဖွဲ့တွေအနေနဲ့ သက်တမ်းအလိုက်ပြိုင်ပွဲများ၊ အားကစားနည်းအလိုက်ပြိုင်ပွဲ၊ ပြည်ပဖိတ်ခေါ်ပြိုင်ပွဲ၊ အရှေ့တောင်အာရှ၊ အာရှအားကစားပြိုင်ပွဲတွေကို ၂၀၁၁-၂၀၁၂ မှာ ပြည်ပပြိုင်ပွဲပေါင်း ၆၂ ပွဲမှာ ရွှေတံဆိပ် ၆၄ ခု၊ ၂၀၁၂-၂၀၁၃ မှာ ပြည်ပ ပြိုင်ပွဲပေါင်း ၄၀ ကနေ ရွှေတံဆိပ် ၂၂ ခု၊ ၂၀၁၃-၂၀၁၄မှာ ပြည်ပပြိုင်ပွဲ ပေါင်း ၅၂ ပွဲကနေ ရွှေတံဆိပ် ၅၀ ဆွတ်ခူးရရှိခဲ့ပါတယ်။

**မေး။ ။ B.Sc (Sport) ဖွင့်လှစ်ဆောင်ရွက်နေတဲ့ အခြေအနေကိုလည်း သိပါရစေ။**

ဖြေ။ ။ ၂၀၁၃ ခုနှစ်ကစပြီး B.Sc (Sport)သင်တန်းတွေကို ရန်ကုန်နဲ့ မန္တလေးတွေမှာ စတင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅

*စာမျက်နှာ (ဂ) သို့*